# ရတနာပုံ

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

yadanarbonnews.com

၁၃၈၅ ခုနှစ် ၊ ပြာသိုလဆန်း (၁) ရက် ၊ ကြာသပတေးနေ့ ၊ (11-1-2024) ၊ အတွဲ (၃၂) ၊ အမှတ် (၂၅၆)


ဒို့တာဝန်အရေးသုံးပါး

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါသဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင်ထံမှ ကရင်အမျိုးသားနှစ်သစ်ကူးနေ့သို့ ပေးပို့သည့် သဝဏ်လွှာ

**နေပြည်တော် ဇန်နဝါရီ ၁၁**

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင်ထံမှ ကရင်အမျိုးသားနှစ်သစ်ကူးနေ့သို့ ပေးပို့သည့်သဝဏ်လွှာ အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်-**

**ချစ်ခင်လေးစားအပ်ပါသော မြန်မာနိုင်ငံအတွင်းရှိ မိဘပြည်သူများနှင့်ကရင်တိုင်းရင်းသားညီအစ်ကိုမောင်နှမများခင်ဗျာ-**

ယနေ့ ခရစ်နှစ် ၂၀၂၄ ခုနှစ် ဇန်နဝါရီ ၁၁ ရက် ကရင်သက္ကရာဇ် ၂၇၆၃ ခုနှစ် မြန်မာသက္ကရာဇ် ၁၃၈၅ ခု ပြာသိုလဆန်း ၁ ရက်သည် ကရင်တိုင်းရင်းသားညီအစ်ကိုမောင်နှမများ မြတ်နိုးတန်ဖိုးထားသည့် ကရင်အမျိုးသားနှစ်သစ်ကူးနေ့ထူးနေ့မြတ်ဖြစ်ပါသည်။ ကရင်နှစ်သစ်ကူးအခါသမယတွင် ကရင်တိုင်းရင်းသားများအပါအဝင် မိဘပြည်သူအားလုံး ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်း စသည့် ကျက်သရေမင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက် နှုတ်ခွန်းဆက်သအပ်ပါသည်။

**စာမျက်နှာ ၁၉ ကော်လံ ၁ ☞**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် အာဆီယံဥက္ကဋ္ဌ၏ မြန်မာနိုင်ငံဆိုင်ရာအထူးကိုယ်စားလှယ်ကို လက်ခံတွေ့ဆုံ

**နေပြည်တော် ဇန်နဝါရီ ၁၀**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် အာဆီယံဥက္ကဋ္ဌ၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ်ဖြစ်သူ H.E. Mr. Alounkeo Kittikhoun ကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး

**စာမျက်နှာ ၁၆ ကော်လံ ၁ ❑**



**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် အာဆီယံဥက္ကဋ္ဌ၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ်ဖြစ်သူ H.E. Mr. Alounkeo Kittikhoun ကို လက်ခံတွေ့ဆုံစဉ်။**




ရတနာပုံ
၂၀၂၄ ခုနှစ် ဇန်နဝါရီ ၁၁ ရက်
အယ်ဒီတာ့အာဘော်

# ပညာတတ်လူ့စွမ်းအားအရင်းအမြစ်များ ပေါ်ထွက်ရေး

ပညာရေးသည် နိုင်ငံတစ်နိုင်ငံ ချမ်းသာကြွယ်ဝမှုနှင့် ခေတ်မီတိုးတက်မှုတို့အတွက် ကြိုတင်လိုအပ်ချက်လည်းဖြစ်သလို လူသားတို့၏ အနာဂတ်အတွက် ခိုင်မာသောအခြေခံအုတ်မြစ်တစ်ခုဖြစ်သည်။ ထို့ကြောင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အသိပညာ၊ အတတ်ပညာနှင့် ပြည့်စုံသော ပညာတတ်လူ့စွမ်းအားအရင်းအမြစ်များ ပေါ်များစွာ ပေါ်ထွက်ရေးကို ဦးတည်ကြိုးပမ်းကြရမည်ဖြစ်ပါသည်။

ပညာရည်ဖွံ့ဖြိုးတိုးတက်ရေး ပညာရည်မြှင့်တင်ရေးလုပ်ငန်းများကို ဘက်စုံထောင့်စုံမှ ဆောင်ရွက်နိုင်မှသာ မိမိနိုင်ငံ၊ မိမိတို့လူမျိုးသည် ခေတ်နှင့်အမီ၊ ကမ္ဘာ့အညီ အနာဂတ်ကို လျှောက်လှမ်းနိုင်မည်ဖြစ်ပါသည်။ ဖွံ့ဖြိုးပြီးနိုင်ငံများကိုကြည့်လျှင် ပညာတတ်ပုဂ္ဂိုလ် တစ်နည်းအားဖြင့် စာတတ်ပုဂ္ဂိုလ်များ ပေါ်ကြွယ်ဝပြီး လေ့လာမှု၊ လုပ်ကိုင်နိုင်စွမ်း မြင့်မားသည်ကို တွေ့ရမည်ဖြစ်သည်။ ပညာရည်မြင့်မားကြမှသာ ပိုင်းခြားဝေဖန် ဆန်းစစ်နိုင်သည့် အတွေးအခေါ်များလည်း ရရှိမည်ဖြစ်သောကြောင့် တိုင်းရင်းသားပြည်သူတစ်ရပ်လုံး ပညာရည်ဖွံ့ဖြိုးတိုးတက်အောင် သက်ဆိုင်သူများအားလုံး လက်တွဲညီညီ ဆောင်ရွက်ကြရမည်ဖြစ်ပါသည်။

ပညာရေး၏အခြေခံမှာ စာတတ်မြောက်ရေးဖြစ်ပါသည်။ ပညာရပ်ဆိုင်ရာအသီးသီးကို လူတို့လေ့လာမှုအရပ်ရပ်အတွက် စာတတ်အောင် သင်ကြားမှုမှာ အဓိကအကျဆုံးဖြစ်သည်။ လူတို့အတွက် ပညာတတ်မြောက်မှုကို ဖြည့်ဆည်းပေးမည့်အရာမှာ စာပေအဖြစ် တည်ရှိနေသည်ဖြစ်ရာ ပညာရေးအားနည်းသောဒေသများကို စာတတ်မြောက်ရေးလှုပ်ရှားမှုက ပညာတတ်များ ပေါ်ထွက်ရေးအတွက် ပဓာနကျလှသည်။

နိုင်ငံတွင်းရှိ တိုင်းရင်းသားဒေသများ၊ အထူးသဖြင့် ပြည်နယ်များရှိ ကျေးလက်ဒေသအချို့တွင် ဘာသာစကားအခက်အခဲ၊ ပညာရေးအားပေးမှု နည်းပါးခြင်းနှင့် အခြားသော စိန်ခေါ်မှုများကြောင့် ပညာရေးအားနည်းလျက်ရှိသည်။ ကျေးလက်နေပြည်သူများနှင့် တိုင်းရင်းသားပြည်သူအားလုံး စာတတ်မြောက်ရန်နှင့် အတန်းပညာများ တက်မြောက်ရန် မလွဲမသွေ ဆောင်ရွက်ပေးကြရမည်ဖြစ်သည်။ ထို့ကြောင့် လာမည့်နွေရာသီကျောင်းပိတ်ရက်ရှည်ကာလတွင် ယခင် 'အ' သုံးလုံးကျေးသင်တန်းကဲ့သို့ စာတတ်မြောက်ရေးလှုပ်ရှားမှုကို စေတနာရှင် ကျောင်းသား၊ ကျောင်းသူများ၊ ဆရာ၊ ဆရာမများ၊ ဒေသခံပညာတတ်များ၊ ဒေသခံဝန်ထမ်းများက တိုင်းရင်းသားဘာသာစကားသင်ကြားရေး အထောက်အကူပြုဆရာ၊ ဆရာမများ၏ အကူအညီရယူကာ နိုင်ငံတစ်ဝန်း အမျိုးသားရေးလှုပ်ရှားမှုအသွင်ဖြင့် အကောင်အထည်ဖော်ကြမည်ဖြစ်ရာ နိုင်ငံတော်၏ ပညာရေးအခြေခံအုတ်မြစ်ခိုင်မာလာတော့မည်ဖြစ်ပါသည်။

ယနေ့ခေတ်သည် ပညာခေတ်ဖြစ်သည်နှင့်အညီ ပညာတတ်မြောက်ထားမှသာ ဘဝရပ်တည်ချက်ခိုင်မာမည်ဖြစ်ပါသည်။ နိုင်ငံတိုင်းတွင်လည်း မိမိနိုင်ငံဖွံ့ဖြိုးတိုးတက်ရေး ကြိုးပမ်းလုပ်ဆောင်ရာတွင် ပညာတတ်များမပါဝင်ဘဲ ဆောင်ရွက်၍မရသည်ဖြစ်ရာ ပညာခေတ်တွင် ပညာတတ်များ ပညာရှင်များ၏ အခန်းကဏ္ဍသည် များစွာအရေးပါအရာရောက်နေပြီဖြစ်ပါသည်။ ပညာတတ်၊ ပညာရှင်များ တစ်နည်းအားဖြင့် လူ့စွမ်းအားအရင်းအမြစ်များ စနစ်တကျ မွေးမြူပေါ်ထွက်လာမှသာ နိုင်ငံတော်သာမက နိုင်ငံသားတို့၏ ဘဝအခြေတင့်တယ်ကြမည်ဖြစ်ပါသည်။ ထို့ကြောင့် နိုင်ငံအတွင်း ပညာတတ်များ ပေါ်ထွက်စေရန် အခြေခံဖြစ်သည့် စာတတ်မြောက်ရေးမှအစပြုကာ အနာဂတ်ပညာရေး ပိုမိုကောင်းမွန်လာစေရန် နိုင်ငံတော်အစိုးရနှင့်အတူ ပြည်သူအပေါင်းကလည်း တက်ညီလက်ညီလက်တွဲကြိုးပမ်းကြပါရန် တိုက်တွန်းရေးသားလိုက်ရပါသည်။

# မြင်းမူမြို့နှင့်မြင်းခြံမြို့အနီး ဧရာဝတီမြစ်ရေလမ်းကြောင်း အနည်းငယ်ကျပ်တည်းမှုဖြစ်ပေါ်နေ၍ သင်္ဘောများသတိပြုသွားလာကြရန်လို



**မန္တလေး ဇန်နဝါရီ ၁၀**

မြင်းမူမြို့နှင့် မြင်းခြံမြို့အနီး ဧရာဝတီမြစ်ရေလမ်းကြောင်းအနည်းငယ် ကျပ်တည်းမှုဖြစ်ပေါ်နေ၍ သင်္ဘောများသတိပြုသွားလာကြရန် လိုကြောင်း ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၊ ဒေသ-၅၊ မန္တလေးတိုင်းဒေသကြီး ရေလမ်းညွှန်ဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးရဲထွန်းလင်းအောင်က ပြောပြ၍ သိရသည်။

ယခုလက်ရှိ ဧရာဝတီမြစ်အတွင်း ရေနည်းချိန်ကာလဖြစ်သောကြောင့် မြစ်အတွင်းရေကြောင်းပြောင်းလဲမှုများဖြစ်ပေါ်လျက်ရှိကြောင်း၊ ယခုတစ်လော ဧရာဝတီမြစ်အတွင်း မြင်းခြံမြို့နှင့် မြင်းမူမြို့တို့တွင် ရေလမ်းကြောင်းပြောင်းလဲမှုစတင်ဖြစ်ပေါ်ကာ ရေကြောင်းကျပ်တည်းမှုအနည်းငယ်ဖြစ်ပေါ်လျက်ရှိကြောင်း သိရသည်။

"အခုတစ်လောမြင်းခြံနဲ့ မြင်းမူမြို့အနီးတစ်ဝိုက်မှာ ရေလမ်းကြောင်း ကျပ်တည်းတယ်ဆိုပေမဲ့ ဆိုးဆိုးရွားရွားဖြစ်တာတော့မရှိသေးပါဘူး။ ဒါပေမဲ့ မန္တလေးဆိပ်ကမ်းကနေ မြင်းခြံနဲ့ မြင်းမူရေလမ်းကြောင်းတစ်လျှောက်သွားကြမဲ့ခရီးသည်တင်သင်္ဘောတွေနဲ့ ကုန်တင်သင်္ဘောတွေ သောင်တင်မှုမဖြစ်ပေါ်စေဖို့ အထူးသတိပြုသွားလာကြဖို့လိုပါတယ်"ဟု ဦးရဲထွန်းလင်းအောင်က ပြောပြသည်။

ဧရာဝတီမြစ်ရေနည်းချိန်ကာလဖြစ်သောကြောင့် မြင်းခြံမြို့နှင့် မြင်းမူမြို့အနီးတစ်ဝိုက်တွင် သောင်ထွန်းမှုများဖြစ်ပေါ်နေပြီး ရေလမ်းကြောင်းပြောင်းလဲမှုများ ဖြစ်ပေါ်လျက်ရှိကြောင်း၊ ထို့ကြောင့် မန္တလေးဆိပ်ကမ်းမှ မြင်းခြံမြို့နှင့် မြင်းမူမြို့ရေလမ်းကြောင်းတစ်လျှောက်သွားလာကြမည့် ခရီးသည်တင်သင်္ဘောနှင့် ကုန်တင်သင်္ဘောများအနေဖြင့် ရေပေါ်ပြနှင့် ကမ်းပေါ်ပြရေလမ်းညွှန်အမှတ်အသားများကို အထူးဂရုပြုသွားလာကြရန်လိုကြောင်း သိရသည်။

ရေအရင်းအမြစ်နှင့်မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ဒေသ-၅၊ မန္တလေးတိုင်းဒေသကြီးက ရေနည်းချိန်ကာလအတွက် ၂၀၂၃ ခုနှစ် နိုဝင်ဘာလအတွင်းက ထုတ်ပြန်ထားသည့်ရေစူးကန့်သတ်ချက်များမှာ ဧရာဝတီမြစ်ရေလမ်းကြောင်း ဟင်္သာတမှပြည်ထိ ငါးပေ၊ ခြောက်လက်မဖြစ်ပြီး ပြည်မှ မန္တလေးထိ ငါးပေဖြစ်ကြောင်း၊ မန္တလေးမှကသာထိ လေးပေဖြစ်၍ ကသာမှ ဗန်းမော်ထိ သုံးပေ ကိုးလက်မနှင့် ဆင်ဘိုမှမြစ်ကြီးနားထိ နှစ်ပေခြောက်လက်မ သတ်မှတ်ထားကြောင်း သိရသည်။ (၁၈၄)

# မန္တလေးဈေးကွက်အတွင်း ပြည်တွင်းမှထွက်ရှိသည့် အာလူးများ အရောင်းအဝယ်ကောင်းမွန်လျက်ရှိ

**မန္တလေး ဇန်နဝါရီ ၁၀**

မန္တလေးဈေးကွက်အတွင်း ပြည်တွင်းမှထွက်ရှိသည့် အာလူးများ အရောင်းအဝယ်ကောင်းမွန်လျက်ရှိကြောင်း အောင်ကြက်သွန်နှင့်အာလူးပွဲရုံပိုင်ရှင် ဒေါ်မေသဲဆွေက ပြောပြ၍ သိရသည်။

ပြည်တွင်းမှထွက်ရှိသည့် အာလူးများ ဇန်နဝါရီလ ပထမပတ်က မန္တလေးဈေးကွက်အတွင်း အရောင်းအဝယ် ပုံမှန်သာရှိကြောင်း၊ ယခုလက်ရှိတွင် မန္တလေးဈေးကွက်အတွင်း၌ အာလူးများ အရောင်းအဝယ်ကောင်းမွန်လျက်ရှိကြောင်း သိရသည်။

"အခုတစ်လော အောင်ပန်းဘက်ကနေထွက်ရှိတဲ့ အာလူးတွေ မန္တလေးဈေးကွက်ထဲမှာ အရောင်းအဝယ်တော်တော်လေးကောင်းမွန်နေတယ်။ အာလူးတွေဈေးကွက်ထဲ အဝယ်လိုက်နေတာကြောင့် ဈေးကွက်ထဲ ကုန်စည်လက်ကျန် ရှားလာတယ်"ဟု ဒေါ်မေသဲဆွေက ပြောပြသည်။

မန္တလေးဈေးကွက်အတွင်း ယနေ့ပေါက်ဈေးအရ ပြည်တွင်းမှထွက်ရှိသည့် အာလူးတစ်ပိဿာလျှင် ငွေကျပ် ၃၀၀၀ ခန့်ထိပေါက်ဈေးရှိခဲ့ပြီး မန္တလေးဈေးကွက်အတွင်း အရောင်းအဝယ်ကောင်းမွန်လျက်ရှိကြောင်း သိရသည်။

ပြည်တွင်းမှထွက်ရှိသည့်အာလူးများ မန္တလေးဈေးကွက်အတွင်း အရောင်းအဝယ်ကောင်းမွန်လျက်ရှိသည့်အပြင် တရုတ်နိုင်ငံမှ တင်သွင်းသည့် တရုတ်အာလူးများလည်း ပုံမှန် အရောင်းအဝယ်ဖြစ်နေကြောင်း သိရသည်။

ရှမ်းပြည်နယ်တွင် အာလူးကို ရေသွင်းစိုက်ပျိုးနည်းနှင့် ကုန်းစိုက်ပျိုးနည်းဟူ၍ နည်းနှစ်နည်းဖြင့် စိုက်ပျိုးလျက်ရှိကြောင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးတို့တွင် ကျွန်းမြေ၌ စိုက်ပျိုးနည်းနှင့် သဲချောင်းများ၌ စိုက်ပျိုးနည်းတို့ဖြင့် စိုက်ပျိုးကြကြောင်း သိရသည်။ (၁၈၄)

# မန္တလေးတိုင်းဒေသကြီး မြို့နယ် ၂၁ မြို့နယ်အတွင်း မွေးမြူထားသည့် တိရစ္ဆာန်အကောင်ရေစာရင်းကောက်ယူမှုပြီးစီး

**မန္တလေး ဇန်နဝါရီ ၁၀**

မန္တလေးတိုင်းဒေသကြီးအတွင်း မြို့နယ် ၂၁ မြို့နယ်ရှိ ရပ်ကွက် ၂၉ ရပ်ကွက်၊ ကျေးရွာ ၇၉၉ ရွာတွင် တောင်သူများ မွေးမြူထားသည့် တိရစ္ဆာန် အကောင်ရေစာရင်း ကောက်ယူမှု ပြီးစီးပြီဖြစ်ကြောင်း မန္တလေးတိုင်းဒေသကြီး မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ တိုင်းဒေသကြီးဦးစီးမှူး ဒေါက်တာ ခင်ဇော်က ပြောပြ၍ သိရသည်။

အဆိုပါ တိရစ္ဆာန်အကောင်ရေစာရင်းကို တိုင်းဒေသကြီးအတွင်း မြို့နယ် ၂၁ မြို့နယ်ရှိ ရပ်ကွက် ၂၉ ရပ်ကွက်၊ ကျေးရွာ ၇၉၉ ရွာမှ အိမ်ထောင်စု ၁၆၇၇၁၂ စုကို လျာထားပြီး ၂၀၂၃ ခုနှစ် နိုဝင်ဘာလမှ စ၍ကောက်ယူခဲ့ရာ ယနေ့တွင် တိရစ္ဆာန်အကောင်ရေစာရင်း အားလုံး ကောက်ယူပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"တိုင်းဒေသကြီးအတွင်း တိရစ္ဆာန် အကောင်ရေစာရင်း ကောက်ယူတဲ့လုပ်ငန်းကို နိုဝင်ဘာလကနေစပြီး ဆောင်ရွက်ခဲ့တာပါ။ မွေးမြူထားတဲ့ မွေးမြူရေး တိရစ္ဆာန်တွေကို စာရင်းကောက်တွေက ပုံစံတွေဖြည့်စွက်ပြီး စာရင်းတွေထည့်သွင်းဆောင်ရွက်ကြတာပါ။ အခုလို ကောက်ယူနေတာကလဲ တိုင်းဒေသကြီးအတွင်းမှာ တိရစ္ဆာန်တွေ ဘယ်လောက်မွေးထားတယ်ဆိုတာကို အတိအကျသိရှိစေဖို့ပါ။ ဒါမှလဲ မွေးမြူထားတဲ့တိရစ္ဆာန်တွေတိုးလာပြီး စားသုံးသူတွေ စားသုံးနိုင်ဖို့နဲ့ ထုတ်လုပ်မှုများများ ထုတ်လုပ်နိုင်ရင် ဈေးသက်သာစွာနဲ့ တန်ဖိုးရှိတဲ့ အသားဓာတ်ပါဝင်တဲ့ အသားစားသုံးမှုတွေ မြင့်တက်လာစေဖို့ပါ။ တိရစ္ဆာန်အကောင်ရေတွေကိုတော့ ရုံးချုပ်ကိုတင်ပြထားပါတယ်။ ရုံးချုပ်ကနေစိစစ်ပြီး အကောင်ရေစာရင်းထွက်လာရင် တိုင်းဒေသကြီးကနေတစ်ဆင့် ဖော်ပြပေးသွားမှာပါ"ဟု ဒေါက်တာခင်ဇော်က ပြောပြသည်။

တိုင်းဒေသကြီးအတွင်း တိရစ္ဆာန်အကောင်ရေစာရင်း ကောက်ယူရာတွင် စီးပွားဖြစ်ခြံစာရင်းကောက်ပုံစံ၊ တစ်နိုင်တစ်ပိုင်မွေးမြူသည့် ပုံစံတို့ဖြင့် ကောက်ယူခဲ့ပြီး တစ်မြို့နယ်လျှင် ဦးရေ ၂၀ မှ ၃၀ ထိ ကွင်းဆင်းကောက်ယူခဲ့ကြောင်း သိရသည်။ (၁၈၅)

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊၀၉-၄၅၈၈၉၁၃၀၀၊ကြော်ငြာ-၈၄လမ်းနှင့်၂၉-၃၀လမ်းကြား-၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com ၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ၀ရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# မကွေးမြို့နယ် စမ်းမကြီးကျေးရွာ၌ ရေရရှိရေးလုပ်ငန်းများဆောင်ရွက်ပြီးစီးမှု စစ်ဆေး

**မကွေး ဇန်နဝါရီ ၁၀**

မကွေးတိုင်းဒေသကြီး မကွေးမြို့နယ် စမ်းမကြီးကျေးရွာ၌ ကျေးရွာနေပြည်သူများ ရာသီမရွေး သောက်သုံးရေဖူလုံစွာ ရရှိရေးအတွက် ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် တိုင်းဒေသကြီးရန်ပုံငွေဖြင့် ရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုကို ဇန်နဝါရီ ၉ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန(ရုံးချုပ်) နေပြည်တော်မှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမောင်ဝင်း၊ မကွေးတိုင်းဒေသကြီးကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးတင့်လွင်ဦးနှင့်တာဝန်ရှိသူများက ကျေးရွာရေရရှိရေးကော်မတီဝင်များနှင့်အတူ စမ်းမကြီးကျေးရွာ၌ ရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးပြီး ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမောင်ဝင်းကလုပ်ငန်းများရေရှည်တည်တံ့ခိုင်မြဲစေရေး ကျေးရွာရေရရှိရေးကော်မတီဝင်များနှင့် ကျေးရွာသူ၊ ကျေးရွာသားများက ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်သွားကြရန် လိုအပ်ကြောင်း မှာကြားသည်။

စမ်းမကြီးကျေးရွာ၌ ဝပ် ၅၅၀ ဆိုလာ ၁၈ ချပ်တပ်ဆင်ခြင်း၊ ဂါလန် ၂၄၀၀ ဆံ့ စင်မြင့်ရေစင်တည်ဆောက်ခြင်း၊ အိမ်တိုင်ရာရောက် ရေမီတာစနစ်ဖြင့် ရေပိုက်လိုင်းသွယ်တန်းခြင်း လုပ်ငန်းများကို တိုင်းဒေသကြီးခွင့်ပြုရန်ပုံငွေကျပ် ၁၀၃ ဒသမ ၁၅သန်းဖြင့် တင်ဒါအောင်မြင်သော မြင့်မိုရ်စံထားကုမ္ပဏီက ၂၀၂၃ ခုနှစ် ဇွန်လ စတုတ္ထပတ်တွင် စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများအားလုံး ရာနှုန်းပြည့်ပြီးစီးပြီဖြစ်၍ ကျေးရွာရှိ အိမ်ခြေ ၄၈၀ မှ လူ ၂၀၈၂ ဦးတို့ ရာသီမရွေး သောက်သုံးရေဖူလုံစွာ ရရှိနေပြီဖြစ်ကြောင်း သိရသည်။

**ဖြိုးသူ(စလင်း)**

# ပုသိမ်ကြီးမြို့နယ် ညောင်ပင်သာကျေးရွာ၌ ရေသန့်စင်စက်တပ်ဆင်ပြီးစီးမှု စစ်ဆေး

**မန္တလေး ဇန်နဝါရီ ၁၀**

မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဖိုးလှကုန်းကျေးရွာအုပ်စု ညောင်ပင်သာကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) ရန်ပုံငွေဖြင့် ရေသန့်စင်စက်တပ်ဆင်ခြင်း လုပ်ငန်းဆောင်ရွက်ပြီးစီးမှုကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ပုသိမ်ကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစန်းယုလှိုင်နှင့် တာဝန်ရှိသူများက ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များနှင့်အတူ ညောင်ပင်သာကျေးရွာ၌ ရေသန့်စင်စက်တပ်ဆင်ခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လုပ်ငန်းများရေရှည်တည်တံ့စွာ အသုံးပြုနိုင်ရေး ကျေးရွာသူ၊ ကျေးရွာသားများက ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ကြရန် မှာကြားသည်။

ပုသိမ်ကြီးမြို့နယ် ညောင်ပင်သာကျေးရွာ၌ ရေသန့်စင်စက်တပ်ဆင်ခြင်းလုပ်ငန်းကို ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP)ရန်ပုံငွေကျပ်သိန်း ၃၀ အသုံးပြု၍ ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ၂၀၂၃ ခုနှစ် ဩဂုတ်လ စတုတ္ထပတ်ကစတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ ရာနှုန်းပြည့်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

**အေးသူ**

# ရေဦးခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ကုလားပဲ ၄၀၃၃၅ ဧက စိုက်ပျိုးပြီးစီး



**ရေဦး ဇန်နဝါရီ ၁၀**

စစ်ကိုင်းတိုင်းဒေသကြီး ရေဦးခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ကုလားပဲ ၄၀၃၃၅ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ရေဦးခရိုင်စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဇော်မြင့်ထွန်းက ပြောပြ၍ သိရသည်။

ရေဦးခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ကုလားပဲ ဧက ၄၃၄၃၀ စိုက်ပျိုးရန်လျာထားပြီး ၂၀၂၃ခုနှစ် အောက်တိုဘာလမှစတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ၄၀၃၃၅ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဆောင်းသီးနှံ စိုက်ပျိုးရာသီ ရေဦးခရိုင်မှာ ကုလားပဲ ဧက ၄၃၄၃၀ စိုက်ပျိုးဖို့လျာထားတာ ဒီနေ့ထိ ၄၀၃၃၅ ဧကစိုက်ပြီးပါပြီ။ ဆောင်းကုလားပဲ လျာထားချက်ပြည့်မီအောင်စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်နေပါတယ်။ ကုလားပဲစိုက်ပျိုးရာမှာ အထွက်နှုန်းကောင်းတဲ့မျိုးတွေစိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်ပေးနေပါတယ်"ဟု ရေဦးခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဇော်မြင့်ထွန်းက ပြောပြသည်။

ရေဦးခရိုင်တွင် မြို့နယ်အလိုက် ဆောင်းကုလားပဲ စိုက်ပျိုးပြီးစီးမှုအနေဖြင့် ရေဦးမြို့နယ်တွင် ၉၃၅၃ ဧက၊ တန့်ဆည်မြို့နယ်တွင် ၂၅၉၉၇ ဧက၊ ဒီပဲယင်းမြို့နယ်တွင် ၄၉၈၅ ဧကစုစုပေါင်း ၄၀၃၃၅ ဧကဖြစ်ကြောင်း သိရသည်။

ရေဦးခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ကုလားပဲစိုက်ပျိုးရန်အတွက် မြို့နယ်အလိုက်လျာထားမှုအနေဖြင့် ရေဦးမြို့နယ်တွင် ၉၇၆၅ ဧက၊ တန့်ဆည်မြို့နယ်တွင် ၂၆၄၉၅ ဧက၊ ဒီပဲယင်းမြို့နယ်တွင် ဧက ၇၁၇၀ စုစုပေါင်း ဧက ၄၃၄၃၀ ဖြစ်ကြောင်း သိရသည်။

ကုလားပဲစိုက်ပျိုးရာတွင် ဒေသနှင့်ကိုက်ညီပြီး အထွက်နှုန်းကောင်းမွန်သည့်မျိုးများကို ရွေးချယ်စိုက်ပျိုးကြပြီး ကုလားပဲ တစ်ဧကစိုက်ပျိုးပါက ငွေကျပ် သုံးသိန်းကျော်ကုန်ကြကာ တစ်ဧကလျှင် ၁၉ တင်းခန့် ထွက်ရှိကြောင်း သိရသည်။

ရေဦးခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲမျိုးစုံစိုက်ပျိုးရာတွင် အထွက်နှုန်းနှင့် အရည်အသွေးကောင်းမွန်ရေးအတွက် လိုအပ်သည့် မျိုးကောင်းမျိုးသန့်များ၊ သွင်းအားစုများ၊ ရိတ်သိမ်းချိန်လွန်နည်းပညာများကို သက်ဆိုင်ရာမြို့နယ်စိုက်ပျိုးရေး ဦးစီးဌာနများက တောင်သူများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း ရေဦးခရိုင်စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဇော်မြင့်ထွန်းက ပြောပြ၍ သိရသည်။

(၂၀၆)

# မင်းဘူးမြို့နယ် ကိုင်းမကြီးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**မင်းဘူး ဇန်နဝါရီ ၁၀**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် မင်းဘူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကိုင်းမကြီးကျေးရွာ၌ အဋ္ဌမအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေထုတ်ချေးခြင်းကို ဇန်နဝါရီ ၉ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မင်းဘူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ကိုကိုက မြစိမ်းရောင်ကျေးရွာစီမံကိန်း လက်စွဲစာစောင်ပါ ညွှန်ကြားချက်များ၊ စီမံကိန်းဆောင်ရွက်ရခြင်းကြောင့် ရရှိလာမည့် အကျိုးကျေးဇူးများ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များ၊ ကျေးရွာနေပြည်သူများ ထားရှိရမည့် ကျေးရွာစိတ်ဓာတ်တို့နှင့်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဥပဒေ၊ နည်းဥပဒေများအကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြို့နယ်ဦးစီးမှူးနှင့် စီမံကိန်း တာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေများ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက ကိုင်းမကြီးကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၇၆ ဦးကို ငွေကျပ် ၃၃၀ ဒသမ ၅ သိန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၂၁ ဦးကို ငွေကျပ် ၈၆ ဒသမ ၅ သိန်း စုစုပေါင်း အသင်းသား၊အသင်းသူ ၉၇ ဦးကို ငွေကျပ် ၄၁၇ သိန်းထုတ်ချေးပေးခဲ့ကြောင်း သိရသည်။ **စင်မာ**

# ပုသိမ်ခရိုင်၌ မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သည့် စပါးများတွင် ၄၁၃၃၁၅ ဧက ရိတ်သိမ်းပြီးစီး

**ပုသိမ် ဇန်နဝါရီ ၁၀**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင်၌ မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သည့် စပါးများတွင် ၄၁၃၃၁၅ ဧကရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ပုသိမ်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူးဦးဝင်းစိုးက ပြောပြ၍ သိရသည်။

ပုသိမ်ခရိုင်၌ မိုးသီးနှံစိုက်ပျိုးရာသီက မိုးစပါး ၅၀၇၈၄၃ ဧက စိုက်ပျိုးခဲ့ကြောင်း၊ အဆိုပါ စိုက်ပျိုးခဲ့သည့် မိုးစပါးခင်းများကို ၂၀၂၃ခုနှစ် အောက်တိုဘာလ ဒုတိယပတ်က စတင်ရိတ်သိမ်းခဲ့ရာ ယနေ့တွင် ၄၁၃၃၁၅ ဧက ပြီးစီးပြီဖြစ်ကြောင်း၊ ရိတ်သိမ်းပြီးဖြစ်သည့် မိုးစပါးများ တစ်ဧကလျှင် ၈၇ ဒသမ ၈၇ တင်း ထွက်ရှိကြောင်း သိရသည်။

"မိုးသီးနှံစိုက်ပျိုးရာသီ ပုသိမ်ခရိုင်မှာ စပါး ၅၀၇၈၄၃ ဧကစိုက်ပျိုးနိုင်ခဲ့ပါတယ်။ စိုက်ပျိုးထားတဲ့ မိုးစပါးတွေကို ပြန်လည်ရိတ်သိမ်းနေတာ ဒီနေ့ထိ ၄၁၃၃၁၅ ဧက ရိတ်သိမ်းပြီးဖြစ်ပါတယ်။ ကျန်တဲ့ မိုးစပါးတွေကို ရာနှုန်းပြည့်ရိတ်သိမ်းနိုင်ဖို့ ဆောင်ရွက်နေပါတယ်။ မိုးစပါးစိုက်ပျိုးဖို့အတွက် စပါးစတင်မစိုက်ခင်အချိန်ကတည်းက စိုက်ပျိုးရေးနည်းပညာတွေကို ကြိုတင်ဆောင်ရွက်ပေးခဲ့တယ်။ ဒါ့ပြင် မိုးစပါးတွေ အထွက်နှုန်းကောင်းမွန်ဖို့ လိုအပ်တဲ့ဓာတ်မြေဩဇာတွေကို သက်ဆိုင်ရာအဖွဲ့အစည်းဌာနတွေနဲ့ချိတ်ဆက်ပေးခဲ့ပါတယ်။ လက်ရှိရိတ်သိမ်းနေတဲ့စပါးတွေ အထွက်နှုန်းကောင်းမွန်ပြီး အရည်အသွေးပြည့်မီတာလဲ တွေ့ရပါတယ်"ဟု ပုသိမ်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးဝင်းစိုးက ပြောပြသည်။

ပုသိမ်ခရိုင်၌ မြို့နယ်အလိုက် မိုးစပါးများ ရိတ်သိမ်းပြီးစီးမှုအနေဖြင့် ပုသိမ်မြို့နယ်တွင် ဧက ၇၀၄၄၀၊ ကန်ကြီးထောင့်မြို့နယ်တွင် ဧက ၁၃၀၂၇၀၊ သာပေါင်းမြို့နယ်တွင် ၁၄၂၆၇ ဧက၊ ငပုတောမြို့နယ်တွင် ၁၇၈၃၃၈ ဧက စုစုပေါင်း ၄၁၃၃၁၅ ဧက ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ပုသိမ်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးဝင်းစိုးက ဆက်လက်ပြောပြ၍ သိရသည်။

**ကျော်ကျော်လင်း**



# အသစ်တွေ့ရာဇဝင်ချုပ်နှစ်စောင်

ဗိုလ်ရှိတ်(ရတနာပူရ)

ရှင်မဟာသီလဝံသသည် ရာဇဝင်ကျော်ကို ၈၈၂ ခုနှစ်တွင် ပြုစုပြီးစီးခဲ့ခြင်းဖြစ်သည်။ ရှင်မဟာသီလဝံသ နောက်ပြုစုခဲ့သော ရာဇဝင်ကျမ်းများရှိနိုင်သော်လည်း ရာဇဝင်ကျမ်းများကို ရှာဖွေမတွေ့ရှိသေးပေ။ ရာဇဝင်ကျော်ကျမ်းပြုစုပြီးနောက် အစောဆုံးတွေ့ရသည့်ကျမ်းမှာ ညောင်ရမ်းခေတ် ပြည်မင်းလက်ထက် မြောက်နန်းကျောင်းဆရာတော် ရှင်အဂ္ဂဓမ္မာလင်္ကာရပြုစုသော မြောက်နန်းကျောင်းရာဇဝင်ဖြစ်သည်။

ပထမအင်းဝခေတ် ရှင်မဟာသီလဝံသပြုစုခဲ့သော ရာဇဝင်ကျော်နှင့် ညောင်ရမ်းခေတ်တွင် ပြုစုခဲ့သော မြောက်နန်းကျောင်းရာဇဝင်ကြား နှစ် ၁၃၀ ကျော် ကာလတွင် ရာဇဝင်ကျမ်းများပြုစုခဲ့ခြင်း ရှိ၊ မရှိကို တိကျစွာမသိရပေ။ ပြုစုခဲ့သော်လည်း တိမ်မြုပ်နေသောကြောင့် မတွေ့ရခြင်းဖြစ်နိုင်သကဲ့သို့ ပြုစုခဲ့ခြင်း မရှိသောကြောင့်လည်း ဖြစ်နိုင်သည်။ ပြုစုခဲ့ခြင်းရှိ၊ မရှိကို ယတိပြတ်ပြော၍မရပေ။ ထိုအဖြေကို တစ်နေ့နေ့တစ်ချိန်ချိန်တွင် တွေ့နိုင်ဖွယ်ရာရှိသည်ဟူ၍သာ မျှော်လင့်ခဲ့ရသည်။

တစ်နေ့တွင် မမျှော်လင့်ဘဲ ပခုက္ကူနယ်ဘက်မှ ရာဇဝင်ချုပ် ပေမူတစ်စောင်ရရှိခဲ့သည်။ ပေမူမှာ ၁၀ ကြောင်းရေးပေဖြစ်ပြီး ပေါ်အစ ဒါအဆုံး ၃ အင်္ဂါနှင့် ငါးချပ်ရှိသည်။ ပေအမျိုးအစားမှာ ကြံဆစ်ပေဖြစ်သည်။ ပေကူးနှစ်မှာ "သက္ကရာဇ် ၁၂၃၀ ပြည့် သီတင်းကျွတ်လဆန်း ၆ ရက် တနင်္လာနေ့ ၂ ချက်တီးကျော် အချိမ်(ချိန်)တွင် ရာဇဝင်ပေါင်းချုပ်ကို ရေးကူး၍ပြီးသည်"ဟူ၍ပါရှိသည်။ ထို့ကြောင့်ဤပေသည် မင်းတုန်းမင်းလက်ထက်တွင် ရေးကူးခဲ့သောပေမူဖြစ်ကြောင်း သိနိုင်သည်။

ပေမှာ တစ်ဆူတည်းဖြစ်သော်လည်း ပေအတွင်း၌ ရာဇဝင်ချုပ်မှာ နှစ်စောင်ပါ၏။ ထိုကဲ့သို့ ရာဇဝင်ချုပ်နှစ်စောင်ပါခြင်းကြောင့် ပေကူးနိဂုံးတွင် ရာဇဝင်ပေါင်းချုပ်ဟု အမည်ပေးထားခဲ့ဟန်တူသည်။ ရာဇဝင်ချုပ်နှစ်စောင်သည် တစ်စောင်နှင့်တစ်စောင် ရေးသားပြုစုပုံချင်းမတူပေ။ ရာဇဝင်ချုပ်တစ်စောင်သည် မင်းတို့၏ နန်းတက်နှစ်၊ နန်းကျနှစ်၊ မင်းတို့နတ်ရွာစံသည့်အခါ ဖြစ်ပေါ်လာသော အတိတ်နိမိတ်များကို ဖော်ပြ၏။ ထင်ရှားသောမင်းများ၊ ထင်ရှားသည့်အဖြစ်အပျက်များကို အနည်းငယ်အကျယ်ချဲ့၍ ဖော်ပြ၏။ အနည်းငယ်အကျယ်ချဲ့၍ဖော်ပြသော မင်းတို့မှာ အတိတြာမင်း၊ သုပညာနဂရဆီနွမင်း၊ ကွမ်းဆော်မင်း၊ စကြာဝဒေးမင်း(စုက္ကတေးမင်း)၊ စောလူးမင်း၊ ကုလားကျမင်း၊ မင်းယဉ်နရသိခ်မင်း၊ နရပတိစည်သူမင်း၊ နရသီဟပတေ့မင်း၊ ကျော်စွာမင်း၊ မင်းကြီးစွာစော်ကဲ၊ သတိုဝ်မင်းတရားမင်း(မိုးညှင်းမင်း)၊ နရပတိမင်း (ထူပါရုံနရပတိကြီး)၊ ဘဝရှင်မင်းတရား (ပြည်စုန်မင်းသီဟသူ)၊ ဒုတိယမင်းခေါင်မင်း၊ မင်းဆွေမင်း (ရွှေနန်းကြော့ရှင်)တို့ဖြစ်သည်။

မင်းဆက်များကိုဖော်ပြရာတွင် သရေခေတ္တရာပြည် မဟာသမ္မတမင်းမှ ပထမအင်းဝခေတ် ရွှေနန်းကြော့ရှင် နတ်ရွာစံသည်ထိဖော်ပြထား၏။ ဖော်ပြရာတွင် မင်းတို့၏ နန်းတက်နှစ်၊ နန်းစံနှစ်၊ အိမ်နိမ့်နှစ်၊ နန်းကျနှစ်များကို အဓိကအလေးထားဖော်ပြသည်။ ဤရာဇဝင်ချုပ်သည် မင်းများကို အစဉ်အဆက်ဖော်ပြသော ရာဇဝင်ချုပ်ဟု ဆိုနိုင်သည်။

နောက်ရာဇဝင်တစ်စောင်မှာ ရာဇဝင်ကျမ်းအမည်ပါ၏။ ရာဇဝင်ကျမ်းအမည်ကို "အဝရာဇဝင်၊ တိတ်ရာဇဝင်"ဟုပေးထား၏။ ဤရာဇဝင်သည် အထက်က ရာဇဝင်ကဲ့သို့ မင်းစဉ်မင်းဆက်များကို အစဉ်အတိုင်း ဖော်ပြထားခြင်းမရှိပေ။ ထို့အတူ မင်းတို့၏နန်းတက်နှစ်များကိုလည်း အဓိကထား၍ ဖော်ပြမထားပေ။ ဤရာဇဝင်တွင် အဓိကထား၍ဖော်ပြထားသည်မှာ မင်းတို့လက်ထက်ဖြစ်ပွားခဲ့သော ထင်ရှားသည့်အဖြစ်အပျက်အကြောင်းအရာများနှင့် အတိတ်နိမိတ်များအကြောင်းသာ ဖြစ်လေသည်။ "အဝရာဇဝင်၊ တိတ်ရာဇဝင်" ဟူသောအမည်အတိုင်း ရှေးမင်းတို့လက်ထက်ဖြစ်ပွားခဲ့သောအတိတ်နိမိတ်များကို အဓိကထား၍ရေးသည်။

ဤရာဇဝင်တွင် မှတ်သားဖွယ်ရာကောင်းသော အချက်များကို တွေ့ရသည်။ ရာဇဝင်များတွင် တွေ့ရသော အမည်တူမင်းများကို ခွဲခြား၍ခေါ်ဆိုခြင်းပင်ဖြစ်သည်။ မြန်မာရာဇဝင်တွင် ပထမမင်းခေါင်ကြီး၊ ဒုတိယမင်းခေါင်၊ ထူပါရုံနရပတိကြီး၊ ရွှေနန်းကြော့ရှင် နရပတိဟူ၍ ရှိ၏။ ထိုကဲ့သို့ အမည်တူမင်းများကို မင်းခေါင်ကြီး၊ မင်းခေါင်အငယ်၊ မင်းတရားအကြီး၊ မင်းတရားအငယ် စသည်ဖြင့် ကွဲပြားအောင်ခွဲခြားခေါ်ခြင်းပင်ဖြစ်သည်။ ဤရာဇဝင်ချုပ်သည်လည်း အထက်တွင်ဖော်ပြသော ရာဇဝင်ချုပ်ကဲ့သို့ပင် ပထမအင်းဝခေတ် ရွှေနန်းကြော့ရှင် နရပတိလက်ထက်ထိသာပါသည်။ ဤရာဇဝင်ချုပ်နှစ်စောင်ကို ကွဲပြားစေရန် ပေမူတွင် ပထမဆုံးဖော်ပြသော ရာဇဝင်ကို ပထမရာဇဝင်ဟုသတ်မှတ်ပြီး နောက်ရာဇဝင်တစ်စောင်ကို ပေမူပါအတိုင်း "အဝရာဇဝင်၊ တိတ်ရာဇဝင်"ဟူ၍ ခွဲခြားရေးပါမည်။

**❖ ယခုဖော်ပြခဲ့သော ရာဇဝင်ချုပ်နှစ်စောင်တွင် ပထမရာဇဝင်သည် ရွှေနန်းကြော့ရှင် နရပတိနတ်ရွာစံသည်ထိသာ ဖော်ပြထားသည်။ ထို့နောက်မင်းများကို ဖော်ပြမထားပါ။ "အဝရာဇဝင်၊ တိတ်ရာဇဝင်"သည် ရွှေနန်းကြော့ရှင် နရပတိလက်ထက်ထိပါသည်။ နတ်ရွာစံသည်ထိမပါပေ။ ထို့ကြောင့် ဤရာဇဝင်ချုပ်နှစ်စောင်စလုံးသည် ပထမအင်းဝခေတ်တွင် နန်းစံခဲ့သော ရွှေနန်းကြော့ရှင် နရပတိနတ်ရွာစံပြီးနောက်တွင် ပြုစုခဲ့သည်ဟု အကြမ်းဖျင်းအားဖြင့်ဆိုနိုင်သည်။ ဤရာဇဝင်ချုပ်နှစ်စောင်ကို ပထမအင်းဝခေတ်တွင်ပြုစုခဲ့သော ရာဇဝင်ချုပ်များဟု ဆိုချင်သည်။ ❖**

ယခုဖော်ပြခဲ့သော ရာဇဝင်ချုပ်နှစ်စောင်တွင် ပထမရာဇဝင်သည် ရွှေနန်းကြော့ရှင် နရပတိနတ်ရွာစံသည်ထိသာ ဖော်ပြထားသည်။ ထို့နောက် မင်းများကို ဖော်ပြမထားပါ။ "အဝရာဇဝင်၊ တိတ်ရာဇဝင်"သည် ရွှေနန်းကြော့ရှင်နရပတိလက်ထက်ထိပါသည်။ နတ်ရွာစံသည်ထိမပါပေ။ ထို့ကြောင့် ဤရာဇဝင်ချုပ်နှစ်စောင် စလုံးသည် ပထမအင်းဝခေတ်တွင် နန်းစံခဲ့သော ရွှေနန်းကြော့ရှင် နရပတိနတ်ရွာစံပြီးနောက်တွင် ပြုစုခဲ့သည်ဟု အကြမ်းဖျင်းအားဖြင့်ဆိုနိုင်သည်။ ဤရာဇဝင်ချုပ်နှစ်စောင်ကို ပထမအင်းဝခေတ်တွင် ပြုစုခဲ့သောရာဇဝင်ချုပ်များဟု ဆိုချင်သည်။ ထိုသို့ဆိုရလောက်အောင်လည်း ရာဇဝင်ချုပ်ပါအရေးအသားများက သက်သေခံနေသည်။ ထိုအချက်များကို သိသာစေရန် ရှင်မဟာသီလဝံသ၏ရာဇဝင်ကျော်၊ ဦးကုလား၏ရာဇဝင်ချုပ်တို့ဖြင့် နှိုင်းယှဉ်ပါမည်။ ထူပါရုံနရပတိကြီး နန်းတက်တော်မူခန်းကို ရာဇဝင်ကျော်၊ ပထမရာဇဝင်၊ ဦးကုလားရာဇဝင်ချုပ်တို့တွင် ဖော်ပြထားသော အရေးအသား၊ စကားအသုံးအနှုန်းများဖြင့် နှိုင်းယှဉ်ကြည့်နိုင်သည်။

"ဘုရားသခင်သာသနာတော် ၁၉၈၅ ခုနှစ်စေ့သောအခါ၌ ဘုရင်မင်းတရားကြီး၏ သားတော်အလတ်ဖြစ်သော သိရိတြိဘဝနာတိတျာနရပတိ ပဝရမဟာဓမ္မရာဇာဓိပတိအမည်ရှိသော မင်းကြီးသည် အတုလသိရိမဟာဓမ္မဒေဝီဟု အမည်တော်ရှိသော တောင်မိဖုရားခေါင်နှင့်တကွ သားတော်အကြီးအား မဟာသီဟသူရဟူသောအမည်တော်ကို မှည့်စေလျက် အိမ်ရှေ့မင်းတရားကြီးအရာကိုပေး၍ မြေပြင်အလုံးဘုန်းကျက်သရေတော်ကို နှန့်စေလတ်၏။"

**ရာဇဝင်ကျော်**

"သက္ကရာဇ် ၆ ခုတွင် ဘဝရှင်မင်းတရားကြီး သားတော်အလတ်ဖြစ်သော ပြည်မင်းသီဟသူသည် သီရိဘဝနာတိတျာနရပတိ ပဝရမဟာဓမ္မရာဇာဓိရာဇာဓိပတိဟူသော ခဲခက်စွာသောအမည်တော်ကိုခံတော်မူ၍ အတုလသီရိမဟာဓမ္မဒေဝီဟူသော မိဖုရားခေါင်နှင့်တကွ သားတော်အကြီးအား မဟာသီဟသူယဟူသောအမည်ကို ခံစေလျက် အိမ်ရှေ့အရာပေး၍ မြမ္မာပြည်အလုမ်းကိုဝ် ဖုန်းကျက်သရေတော်ဖြစ်နှန့်စေသတည်း။"

**ပထမရာဇဝင်**

"သက္ကရာဇ် ၈၀၄ ခု၊ သက္ကရာဇ်တို ၆ ခုတွင် ညီတော် ပြည်မင်းသီဟသူသည် သီရိတြိဘဝနာဒိတျ ပဝရနရပတိ မဟာရာဇာဓိပတိဟူသော အမည်ကိုခံ၍ မင်းပြုတော်မူသည်။"

**ဦးကုလားရာဇဝင်ချုပ်**

အထက်ပါအရေးအသားကို နှိုင်းယှဉ်ကြည့်ခြင်းအားဖြင့် ရာဇဝင်ကျော်နှင့် ပထမရာဇဝင်သည် အရေးအသားအသုံးအနှုန်း ထပ်တူဖြစ်နေသည်။ ဦးကုလားနှင့်ကား လုံးလုံးကွဲပြားတော့၏။

ထို့ပြင် ရာဇဝင်ကျော်နှင့် ထပ်တူထပ်မျှကျသော အပိုင်းများကို ဆိုပါဦးမည်။ ရာဇဝင်ကျော်တွင် အင်းဝမင်းဆက်ကိုဖော်ပြရာ၌ ပါဠိဂါထာများကို နိဿယပြန်ဆို၍ ဖော်ပြ၏။ ရာဇဝင်ကျော်၌ဖော်ပြထားသော ဂါထာ၊ နိဿယပြန်ဆိုပုံနှင့် ပထမရာဇဝင်၌ ပြန်ဆိုပုံမှာ ထပ်တူထပ်မျှဖြစ်နေ၏။ ရာဇဝင်ကျော်သည် ပါဠိဂါထာကို သီးသန့်ဖော်ပြပြီးမှ နိဿယကို ထပ်မံဖော်ပြ၏။ ပထမရာဇဝင်၌ကား ထိုသို့မဟုတ်။ နိဿယကိုသာ ဖော်ပြ၏။ နိဿယပြန်ဆိုပုံကို နှိုင်းယှဉ်ဖော်ပြပါမည်။

"ဝေ-ဤသို့ဆိုခဲ့ပြီးသော အစီအစဉ်အားဖြင့်၊ အယံဓမ္မရာဇာ-ဤဘုရားရှင်မင်းတရားသည်လည်း၊ ဓမ္မပရာယနော-တရားဟူသောလဲလျောင်းရာရှိသည်။ ဟုတ္တာ-ဖြစ်၍၊ ပုညနိ-ကုသိုလ်ကောင်းမှုတို့ကို၊ ကတ္တာ-ပြု၍၊ တံရဇ္ဇံ-ထိုသို့သော မင်းအဖြစ်ကို၊ ဒွါဒသသမာ-တစ်ဆယ့်နှစ်နှစ်ပတ်လုံး၊ ကာရယိ-မင်းပြု၏"

**ရာဇဝင်ကျော်**

"ဝေ-ဤသို့ဝ်ရေးအပ်ပြီးသော အစီအလှည်အားဖြင့်၊ အယံဓမ္မရာဇာ-ဤဘဝရှင်မင်းတရားသည်လည်း၊ ဓမ္မပယာယနော-တရားဟူသောလဲလျောင်းရာရှိသည်၊ ဟုတ္တာ-ဖြစ်၍၊ ပညာနိ-ကောင်းမှုတိုဝ်ကိုဝ်၊ ကတ္တာ-ပြု၍၊ တရဇ္ဇံ-ထိုဝ်သိုဝ့်သောမင်းအဖြစ်ကို၊ သမ္မာ-ကောင်းစွာ၊ ဒွါဒသ-၁၂ နှစ်ပတ်လုံမ်း၊ ကာရယိ-မင်းမူ၏"

**ပထမရာဇဝင်**

ဤမျှဖြင့် ပထမရာဇဝင်သည် ပထမအင်းဝခေတ်၌ ပြုစုသောရာဇဝင်ဖြစ်ကြောင်း ထင်ရှားလှပေသည်။

"အဝရာဇဝင်၊ တိတ်ရာဇဝင်"မှ ထုတ်နုတ်၍ နှိုင်းယှဉ်တင်ပြပါမည်။ ဤရာဇဝင်မှ ကျန်စစ်သား၏ အကြောင်းကို ထုတ်နုတ်ဖော်ပြပါမည်။ ဦးကုလား၏ မဟာရာဇဝင်ကြီးလာ အရေးအသားဖော်ပြချက်များဖြင့် နှိုင်းယှဉ်ကြည့်ကြရန်ဖြစ်သည်။ ဦးကုလားရာဇဝင်ကြီး၏အရေးအသားကို ဤ၌ ဖော်ပြခြင်းမပြုတော့ပါ။ ရာဇဝင်ကြီးပထမတွဲကို ရှာဖွေဖတ်ရှု၍ နှိုင်းယှဉ်ကြည့်ကြပါရန် တိုက်တွန်းအပ်ပါသည်။ ကျန်စစ်သားအကြောင်းကို "အဝရာဇဝင်၊ တိတ်ရာဇဝင်"၌ ဖော်ပြထားသည်မှာ ဤသို့ဖြစ်၏။

"ပရိမ်စစ်သားကို မယ်တော်ဝမ်းပိုက်သော ဤပြည်ကိုဝ်မင်းမူအံ့သသူ ဝမ်းပိုက်ရှိပြီးလျှင် ဝမ်းပိုက်ရှိသသူများကိုသတ်၏။ နွားကြောင်း(ကျောင်း)ဖြစ်ပြီဟူလျှင် နွားကြောင်းများကိုဝ်သတ်ရ၏။ ထိုသို့သတ်သည်ကိုဝ်ကြောက်၍ ပရိမ်ကသည် ပြေးလေ၏။ မင်းကြီး ဆြာဝယ်မင်းမူလေ၏။ ရဟန်းမူလေ၏။ ရဟန်းပြုလှာသောဟုလျှင် မင်းကြီးသိလိုဝ်ရကား ဆွမ်းကျွေးပြီးသော် ရှင်ငယ်များ အစည်နေစေ၍ လက်တော်နှင့် ရွှေကရားကိုင်၍ အစည်သွန်း၍သောက်စေ၏။ ပရိမ်စစ်သား ရှင်ငယ်ခံတွင်းဝယ် စက်ပြောင်ပြောင်ကိုမြင်မှ ဤရှင်ငယ်ဟုတ်တည်ဟု ဖန်းအံ့သည်ဟု ပုဏ္ဏား၊ ဟူးရာတတ်တို့ကို ရှင်ငယ်မင်းအံ့သည်ကား ငါနှင့်မင်လော့ဟုမေးသော် မင်းကြီးလွန်၍ မင်းတယောက်ချားမှဟူပေ၏။ လေက်ထက်ကပြီးကား ဆိုဖွယ်မရှိပေတကားဟူပေ၏။ အစွမ်းပကား ခွန်အားလည်း လူခြင်းတကာတတ်လွန်စွာ၏။ လှန်ထိုးအရာ၌လည်းဖြောက်လှစွာ၏။ မင်းကြီးလည်းယုမ်စွာ၏"

ယခုကဲ့သို့သော ရှေးကျသောအရေးအသားအသုံးအနှုန်းကို ဦးကုလားရာဇဝင်ကြီးတွင် မသုံးတော့ပေ။ ဦးကုလား အရေးအသားနှင့်ယှဉ်၍ ဖတ်ကြည့်က ပို၍သိသာသည်။ အချုပ်အားဖြင့်ဆိုရပါမူ ဤရာဇဝင်ချုပ်နှစ်စောင်သည်-

၁။ ရှင်မဟာသီလဝံသ၏ ရာဇဝင်ကျော်နှင့် အရေးအသားတူညီခြင်း။


၂။ ရှေးကျသောအရေးအသားများဖြစ်ခြင်း၊ တစ်နည်းအားဖြင့် ပထမအင်းဝခေတ်အရေးအသားများဟု ဆိုနိုင်ခြင်း။

၃။ ဦးကုလားရာဇဝင်ကြီးနှင့် အရေးအသားလုံးဝမတူဘဲ ပို၍ရှေးကျနေခြင်း။

၄။ ရာဇဝင်ချုပ်နှစ်စောင်စလုံးသည် ရွှေနန်းကြော့ရှင်လက်ထက်ထိသာ ရေးသားထားခြင်း။

စသည့်အချက်များကြောင့် ရာဇဝင်ကျော်ပြုစုပြီးနောက်ပိုင်း၊ ရွှေနန်းကြော့ရှင် နတ်ရွာစံပြီးနောက်ပိုင်းတွင် ပြုစုခဲ့သောရာဇဝင်ချုပ်များဟု သုံးသပ်နိုင်ပေသည်။ သို့ဖြစ်သောကြောင့် ရာဇဝင်ကျော်နှင့် မြောက်နန်းကျောင်းရာဇဝင်ချုပ်တို့၏ကြားကာလတွင် ဤရာဇဝင်ချုပ်နှစ်စောင် ပေါ်ထွန်းခဲ့သည်ဟုဆိုနိုင်သည်။ ထို့ထက်ပို၍ ဆိုရပါမူ ရာဇဝင်ကျော်သည် မဟာသမ္မတမင်းဆက်နှင့် သီဟိုဠ်မင်းဆက်တို့ကိုသာ အဓိကဖော်ပြထားပြီး မြန်မာရာဇဝင်မှာ မည်မည်ရရမပါပေ။ ရာဇဝင်မည်ကာမတ္တမျှသာဖြစ်သည်။ မြန်မာရာဇဝင်ကို အစအဆုံးရေးသားသော ရာဇဝင်ကိုသာ အစောဆုံးဟုသတ်မှတ်ရမည်ဆိုလျှင် ဤရာဇဝင်ချုပ်နှစ်စောင်သည် အစောဆုံးရာဇဝင်များဟု သတ်မှတ်သင့်ပေသည်။ ပထမအင်းဝခေတ်တွင် ဤရာဇဝင်ချုပ်နှစ်စောင်အပြင် အခြားရာဇဝင်ကျမ်းများလည်း ရှိနိုင်သည်။ တိမ်မြုပ်နေခြင်းကြောင့်သာ မတွေ့ရခြင်းဖြစ်ပေမည်။ ထိုသို့ တိမ်မြုပ်နေသည်များကို ဖော်ထုတ်ရန်မှာ သုတေသီတို့၏ တာဝန်သာဖြစ်ပါသည်။

# လမ်းလျှောက်ခြင်းဖြင့် မုန့်ချိုအိတ်ကျန်းမာစေနိုင်သည်



ပန်ကရိယလို့ခေါ်တဲ့ မုန့်ချို အိတ်က မိမိတို့စားသောက်သမျှ အစာတွေအားလုံးကို ခန္ဓာကိုယ်ရဲ့ ကလာပ်စည်းတွေအတွက် လိုအပ်တဲ့ လောင်စာအဖြစ် ပြောင်းလဲပေးတဲ့ တာဝန်ကို ထမ်းဆောင်ပါတယ်။

သူ့မှာ လုပ်ငန်းကြီးနှစ်ခုရှိပါတယ်။ အဲဒါတွေကတော့ အစာခြေရည်ထုတ်ပေးခြင်းနဲ့ သွေးတွင်းသကြားဓာတ်ကို ထိန်းညှိပေးခြင်းတို့ပါပဲ။

ပုံမှန်လမ်းလျှောက်ပေးခြင်းက သွေးတွင်းသကြားဓာတ်ပမာဏကို ကောင်းမွန်တဲ့အခြေအနေတစ်ခုမှာပဲ ရှိနေစေဖို့ ကူညီပေးပါတယ်။

လမ်းလျှောက်တဲ့သူနဲ့ ပြေးတဲ့သူနှိုင်းယှဉ်လိုက်ရင် လမ်းလျှောက်တဲ့သူက ကျန်းမာရေးနဲ့ ညီညွတ်တဲ့ သွေးတွင်းသကြားဓာတ်ပမာဏကိုပိုင်ဆိုင်ထားပါတယ်။

ဒါကြောင့် ဆီးချိုရောဂါဖြစ်ပွားမှုကိုကာကွယ်ရာမှာ လမ်းလျှောက်ခြင်းဟာ ပြေးခြင်းထက် ပိုပြီးထိရောက်မှုရှိတယ်လို့ ဆိုတာပါ။

# ကသာခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ အစေ့ထုတ်ပြောင်းနှင့် ဖူးစားပြောင်း ၇၆၄၉ ဧက စိုက်ပျိုးပြီးစီး

**ကသာ ဇန်နဝါရီ ၁၀**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ အစေ့ထုတ်ပြောင်းနှင့်ဖူးစားပြောင်း ၇၆၄၉ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ကသာခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးမြင့်စိုးက ပြောပြ၍ သိရသည်။

ကသာခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ အစေ့ထုတ်ပြောင်းနှင့်ဖူးစားပြောင်း ၇၃၀၅ ဧကစိုက်ပျိုးရန် လျာထားပြီး ၂၀၂၃ ခုနှစ် အောက်တိုဘာလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ၇၆၄၉ ဧကစိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။



ယခင်နှစ်က ဖူးစားပြောင်းစိုက်ခင်းကို တွေ့ရစဉ်။

"ဆောင်းသီးနှံ စိုက်ပျိုးရာသီ ကသာခရိုင်မှာ အစေ့ထုတ်ပြောင်းနဲ့ ဖူးစားပြောင်း ဧက ၇၃၀၀ ကျော် လျာထားစိုက်ပျိုးခဲ့ပြီး ဒီနေ့ထိ ဧက ၇၆၀၀ ကျော် စိုက်ပျိုးပြီးပါပြီ။ လျာထားဧကထက် ကျော်လွန်စိုက်ပျိုးနိုင်ခဲ့ပါတယ်။ ပြောင်းသီးနှံတွေ ဖြစ်ထွန်းအောင်မြင်ဖို့အတွက် အသိပညာပေးတာတွေ၊ ပိုးမွှားရောဂါကျရောက်မှုမရှိအောင် အသိပညာပေးတာတွေ ဆောင်ရွက်ပေးထားပါတယ်။ ပြောင်းသီးနှံစိုက်ပျိုးမှုက တစ်နှစ်ထက်တစ်နှစ် တိုးလာပါတယ်။ ဈေးကွက်လဲအသင့်အတင့်ရှိတာကြောင့် တောင်သူတွေ ပိုစိုက်လာတာပါ"ဟု ကသာခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးမြင့်စိုးက ပြောပြသည်။

ကသာခရိုင်တွင် မြို့နယ်အလိုက် ပြောင်းသီးနှံစိုက်ပျိုးပြီးစီးမှုအနေဖြင့် ကသာမြို့နယ်တွင် အစေ့ထုတ်ပြောင်း ဧက ၁၉၀၊ ဖူးစားပြောင်း ၂၉၂၂ ဧက၊ အင်းတော်မြို့နယ်တွင် ဖူးစားပြောင်း ၅၁၅ ဧက၊ ထီးချိုင့်မြို့နယ်တွင် အစေ့ထုတ်ပြောင်း ၁၁၆၁ ဧက၊ ဖူးစားပြောင်း ၂၆၉၉ ဧက၊ ဗန်းမောက်မြို့နယ်တွင် ဖူးစားပြောင်း ၁၆၂ ဧက စုစုပေါင်း ၇၆၄၉ ဧကဖြစ်ကြောင်း၊ ပြောင်းသီးနှံစိုက်ပျိုးရန်အတွက် မြို့နယ်အလိုက်လျာထားမှုအနေဖြင့် ကသာမြို့နယ်တွင် အစေ့ထုတ်ပြောင်း ၁၈၉ ဧက၊ ဖူးစားပြောင်း ၃၁၄၆ ဧက၊ အင်းတော်မြို့နယ်တွင် ဖူးစားပြောင်း ၄၈၉ ဧက၊ ထီးချိုင့်မြို့နယ်တွင် အစေ့ထုတ်ပြောင်း ၁၁၅၇ ဧက၊ ဖူးစားပြောင်း ၂၀၂၅ ဧက၊ ဗန်းမောက်မြို့နယ်တွင် ဖူးစားပြောင်း ၂၉၉ ဧက စုစုပေါင်း ၇၃၀၅ ဧကဖြစ်ကြောင်း သိရသည်။

ကသာခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပြောင်းသီးနှံစိုက်ပျိုးတောင်သူများကို သက်ဆိုင်ရာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက စိုက်ပျိုးရေးဆိုင်ရာများ သင်တန်းပေးခြင်း၊ ကွင်းသရုပ်ပြပွဲများဆောင်ရွက်ပေးခြင်း၊ ဖောင်မြှောင်တောင်ပိုးကြိုတင်ကာကွယ်နည်း၊ တမာပိုးသတ်ဆေးနှင့် ချင်း၊ ငရုတ် ပိုးနှင်ဆေးအသုံးပြုပုံများကို အသိပညာပေးခြင်းများ ဆောင်ရွက်လျက်ရှိကြောင်း ခရိုင်ဦးစီးမှူး ဦးမြင့်စိုးက ပြောပြ၍ သိရသည်။ (၂၀၆)

# တပ်ကုန်းမြို့နယ် ဇရပ်ကြီးကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေး

**နေပြည်တော် ဇန်နဝါရီ ၁၀**

ပြည်ထောင်စုနယ်မြေ နေပြည်တော် တပ်ကုန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ပဥ္စမအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို ဇန်နဝါရီ ၉ ရက် နံနက်ပိုင်းက နွယ်ရစ်ကျေးရွာအုပ်စု ဇရပ်ကြီးကုန်းကျေးရွာ၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ တပ်ကုန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးရန်နိုင်ရွှေက မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေကို ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းရရှိပြီး မိသားစုဝင်ငွေ တိုးပွားလာစေရန်၊ တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ တိုးချဲ့လုပ်ကိုင်နိုင်စေရန်ရည်ရွယ်၍ ထုတ်ချေးခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံနှင့် ဝန်ထမ်းများက အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ ငွေကျပ် ၄၁ ဒသမ ၀၁ သိန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ၇၂ ဦးနှင့် မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ၉၃ ဦး စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၆၅ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ကျပ် ၄၁ ဒသမ ၀၁ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**မောင်ရိုင်**

# ကရင်နှစ်သစ်ကူးပွဲတော် တူနွဲပျော်

- ပြာသိုလဆန်း ၁ ရက်ဟာ
ကရင်နှစ်သစ်ပါ၊
ဓလေ့ရိုးရာ ခြိမ့်ခြိမ့်သဲ
မြန်ပြည်တစ်ခွင်နွဲ။

- ပျော်ပွဲရွှင်ပွဲ ကျင်းပပျော်
ကောက်သစ်စားပွဲတော်၊
အထိမ်းအမှတ် ကျင်းပပေး
ဂုဏ်ပြုချီးမြှောက်သေး။

- ရိုးရာရက်ကန်း ရက်ကြတယ်
ထိန်းသိမ်းကြမယ်ကွယ်၊
ဂျပ်ခုတ်လုပ်ငန်း မပျောက်ရေး
ဝိုင်းဝန်းစောင့်ရှောက်ပေး။

- တာလပေါဟင်း တို့ရိုးရာ
စားကြမယ်ကွာ တူတူလာ၊
မြန်ပြည်တစ်ဝန်း သာစေကြောင်း
ဘေးရန်ကင်းစေ ဆုမွန်တောင်း။

- ရိုးရာဝတ်စုံ ဝတ်လို့နော်
ဒုံးယိမ်းကလို့ပျော်၊
ဝါးညှပ်အက ညီညာလှ
ဖားစည်တီးလို့ မြူးမြူးကြွ။

- ကွဲချိုမှုတ်က ရောင်နီပေါ်
ငြိမ်းချမ်းသာယာနော်၊
ညီနောင်တို့ပျော် သွေးစည်းရေး
လက်တွဲကူညီ လျှောက်စို့လေး။ ။

**ဇင်မင်းစိုး(မိုလ်ကလေး)**

# လဲချားမြို့နယ် နောင်မွန်းကျေးရွာ၌ သဲဖြုန်းလမ်းခင်းခြင်းလုပ်ငန်းပြီးစီးမှု စစ်ဆေး

**လဲချား ဇန်နဝါရီ ၁၀**

ရှမ်းပြည်နယ် (တောင်ပိုင်း) လွိုင်လင်ခရိုင် လဲချားမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP) ရန်ပုံငွေဖြင့် နောင်မွန်းကျေးရွာ၌ ကျေးရွာတွင်း သဲဖြုန်းလမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ဇန်နဝါရီ ၉ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် လဲချားမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးထွန်းထွန်းနှင့်တာဝန်ရှိသူများက ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များနှင့်အတူ နောင်မွန်းကျေးရွာ၌ ကျေးရွာတွင်း သဲဖြုန်းလမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လမ်းရေရှည်တည်တံ့စွာ အသုံးပြုနိုင်ရေး ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ကြရန်နှင့် အကျိုးရှိစွာအသုံးပြုကြရန် မှာကြားသည်။

လဲချားမြို့နယ် နောင်မွန်းကျေးရွာ၌ အရှည်ပေ ၉၉၀၊ အကျယ် ၁၂ ပေ၊ အမြင့်သုံးပေရှိ ကျေးရွာတွင်းလမ်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း ရန်ပုံငွေကျပ် ၁၅ သိန်းအသုံးပြု၍ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ၂၀၂၃ ခုနှစ် ဩဂုတ်လစတုတ္ထပတ်မှစတင်ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးပြီဖြစ်၍ နောင်မွန်းကျေးရွာနေပြည်သူများ သွားလာရေး အဆင်ပြေလျက်ရှိကြောင်း မြို့နယ်ဦးစီးမှူး ဦးထွန်းထွန်းထံမှ သိရသည်။

**အေးသူ**

# နိုင်ငံတကာ သတင်းများ

## နှစ်ရက်ကြာ နှစ်နိုင်ငံစစ်ဘက်ဆွေးနွေးပွဲများ တရုတ်နှင့် အမေရိကန်နိုင်ငံ အပြီးသတ်

**ဝါရှင်တန် ဇန်နဝါရီ ၁၀**

ဝါရှင်တန်မြို့၌ ကျင်းပနေသော နှစ်ရက်ကြာနှစ်နိုင်ငံစစ်ဘက် ဆွေးနွေးပွဲများကို အမေရိကန်နိုင်ငံနှင့် တရုတ်နိုင်ငံတို့က ယနေ့တွင် အဆုံးသတ်ခဲ့ကြောင်း သိရသည်။

နှစ်ဖက်လက်နက်ကိုင်တပ်များကြား ထိတွေ့ဆက်ဆံမှုပြန်လည်ထားရှိရန် သဘောတူညီချက်ရယူနိုင်ခဲ့ပြီးနောက် တရုတ်နှင့် အမေရိကန်နိုင်ငံတို့က နှစ်ရက်ကြာ စစ်ဘက်ဆွေးနွေးပွဲများ ကျင်းပနိုင်ခဲ့ခြင်းဖြစ်သည်။

ဝါရှင်တန်မြို့၌ ကျင်းပခဲ့သည့် ၁၇ ကြိမ်မြောက် တရုတ်-အမေရိကန်စစ်ဘက်ဆွေးနွေးပွဲတွင် နှစ်နိုင်ငံတာဝန်ရှိသူများသည် နှစ်နိုင်ငံကာကွယ်ရေးကဏ္ဍ ဆက်ဆံရေး အခြေအနေများကို ဆွေးနွေးခဲ့ကြကြောင်း အမေရိကန်ကာကွယ်ရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်ထားသည်။

အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်နှင့် တရုတ်သမ္မတ ရှီကျင့်ဖျင်တို့သည် နှစ်နိုင်ငံ စစ်ဘက်ထိတွေ့ဆက်ဆံမှုများ ပြန်လည်စတင်ရန် ပြီးခဲ့သည့်နှစ်ကုန်ပိုင်းတွင် သဘောတူခဲ့ကြသည်။

၂၀၂၂ ခုနှစ်အတွင်း အမေရိကန်အောက်လွှတ်တော်ဟောင်း နန်စီပီလိုစီတရုတ်(တိုင်ပေ)သို့ဝင်ရောက်ခဲ့ပြီးနောက် တရုတ်နိုင်ငံသည် အမေရိကန်နိုင်ငံနှင့်စစ်ရေးဆက်ဆံမှုများ စတင်ဖြတ်တောက်ခဲ့သည်။

အတွက်အချက် မှားယွင်းမှုကြောင့် စစ်ရေးပဋိပက္ခတစ်ရပ်ပေါ်လာနိုင်မည့်အရေးကို တားဆီးရာတွင် တရုတ်နှင့် အမေရိကန် စစ်ဘက်တို့ကြား ထိတွေ့ဆက်ဆံနိုင်ရန် အထူးအရေးကြီးကြောင်း အမေရိကန်အစိုးရက ပြောကြားထားသည်။

**Ref : RT**

**Trs : KKO**

## အီကွေဒေါနိုင်ငံ၌ ရုပ်သံထုတ်လွှင့်ရေးဌာနတစ်ခုကို လက်နက်ကိုင်များ ဝင်ရောက်စီးနင်း

**ကွီတို ဇန်နဝါရီ ၁၀**

အီကွေဒေါနိုင်ငံ၌ဖောက်ခွဲရေးပစ္စည်းများ ကိုင်ဆောင်ထားသော သေနတ်သမားများက ဇန်နဝါရီ ၉ ရက်တွင် ရုပ်သံထုတ်လွှင့်ရေးဌာနတစ်ခုကို ဝင်ရောက်စီးနင်းခဲ့ကြောင်း သိရသည်။

ဒုစရိုက်ဂိုဏ်းအဖွဲ့ ၂၂ ဖွဲ့ကို အီကွေဒေါစစ်ဘက်က ရှင်းလင်းပေးရမည့်အကြမ်းဖက်အဖွဲ့အစည်းများအဖြစ် အီကွေဒေါသမ္မတ ဒန်နီရယ်နိုဘိုဝါက ကြေညာခဲ့ပြီးချိန်တွင် ရုပ်သံထုတ်လွှင့်ရေးဌာနကို လက်နက်ကိုင်များ ဝင်စီးခဲ့ကြခြင်းဖြစ်သည်။

တိုက်ရိုက်ထုတ်လွှင့်မှု တစ်ခုပြုလုပ်နေစဉ် ရုပ်သံထုတ်လွှင့်မှုဌာနအား ဝင်စီးခဲ့သူလက်နက်ကိုင် ၁၃ ဦးကို အီကွေဒေါရဲတပ်ဖွဲ့က ဖမ်းဆီးထားနိုင်ကြောင်း သိရသည်။

အကျဉ်းထောင်အကြမ်းဖက်မှုပြဿနာများနှင့် အလိုအရှိဆုံးရာဇဝတ်တရားခံတစ်ဦး အကျဉ်းထောင်မှပျောက်ဆုံးနေမှုပြဿနာကိုတုံ့ပြန်သည့်အနေဖြင့် အီကွေဒေါသမ္မတ နိုဘိုဝါသည် ရက် ၆၀ သက်တမ်းရှိအရေးပေါ်အခြေအနေပြဋ္ဌာန်းချက်ကို ဇန်နဝါရီ ၈ ရက်တွင် ကြေညာထားသည်။

ထို့ပြင် အီကွေဒေါသမ္မတ နိုဘိုဝါသည် ဇန်နဝါရီ ၉ ရက်တွင် အမိန့်ဒီကရီသစ်တစ်ရပ် ထပ်မံထုတ်ပြန်၍ ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခတစ်ရပ် ပေါ်ပေါက်နေကြောင်းကြေညာထားပြီး ဒုစရိုက်အဖွဲ့ ၂၀ကိုလည်း အကြမ်းဖက်အုပ်စုများအဖြစ် ကြေညာခဲ့သည်။

သမ္မတ နိုဘိုဝါ၏ အဆိုပါအမိန့်ဒီကရီသစ်တွင် ပါဝင်သည့် ရာဇဝတ်ဂိုဏ်းများသည် အီကွေဒေါစစ်ဘက်၏ပစ်မှတ်များ ဖြစ်လာပြီဖြစ်ကြောင်း သိရသည်။

**Ref : Xinhua**

**Trs : KKO**



## ရုရှားအရှေ့ဖျားဒေသရှိ ချူကော့ကာပြည်နယ်သို့ သမ္မတပူတင် သွားရောက်




**မော်စကို ဇန်နဝါရီ ၁၀**

ရုရှားသမ္မတပူတင်သည် ရုရှားဖက်ဒရေးရှင်း အရှေ့ဖျားဒေသရှိ ချူကော့ကာပြည်နယ်သို့ယနေ့တွင် သွားရောက်ခဲ့ကြောင်း သိရသည်။

အဆိုပါခရီးစဉ်သည် ရုရှားသမ္မတပူတင်အတွက် သမ္မတတစ်ဦးအဖြစ်သွားရောက်ခဲ့သည့် ပထမဆုံး ချူကော့ကာ ပြည်နယ်ခရီးစဉ်ဖြစ်သည်။

ချူကော့ကာပြည်နယ် အန်နာဒါမြို့သို့ သမ္မတပူတင် ရောက်ရှိချိန်တွင် မြို့တော်၏အပူချိန်မှာ အနုတ် ၂၅ ဒီဂရီစင်တီဂရိတ်တွင် ရှိနေကြောင်း သိရသည်။

မိမိအနေဖြင့် ရုရှားဖက်ဒရယ်နယ်မြေအားလုံးကို မသွားရောက်ရသေးကြောင်း သမ္မတပူတင်က ပြောကြားခဲ့ပြီး ထိုသို့ပြောကြားရာတွင် ချူကော့ကာပြည်နယ်ကို အထူးတလည်ထည့်သွင်းပြောကြားခဲ့သည်။

ချူကော့ကာပြည်နယ်သို့ ပထမဆုံးသွားရောက်ခဲ့သည့် ရုရှားသမ္မတမှာသမ္မတမက်ဗီဒက်ဗ်ဖြစ်ပြီး ၂၀၁၈ ခုနှစ်တွင် သွားရောက်ခဲ့ခြင်းဖြစ်သည်။

ချူကော့ကာပြည်နယ်သည် ရုရှားဖက်ဒရေးရှင်း၏အရှေ့ဘက်အကျဆုံးပြည်နယ်ဖြစ်ပြီး ဘာရင်းပင်လယ်ဒေသ၌ အမေရိကန်နိုင်ငံ အလက်စကာပြည်နယ်နှင့် နယ်မြေချင်းထိစပ်လျက်ရှိကြောင်း သိရသည်။

**Ref : RT**

**Trs : KKO**

## စစ်လက်နက်ထုတ်လုပ်ရေးစက်ရုံများသို့ မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန် သွားရောက်စစ်ဆေး

**ပြုံယမ်း ဇန်နဝါရီ ၁၀**

မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်သည် ယခုရက်သတ္တပတ်အတွင်း စစ်လက်နက်ထုတ်လုပ်ရေးစက်ရုံများသို့ သွားရောက်စစ်ဆေးခဲ့ကြောင်းမြောက်ကိုရီးယားအစိုးရမီဒီယာများက ယနေ့တွင် သတင်းထုတ်ပြန်ထားသည်။



အဆိုပါ ခရီးစဉ်များအတွင်း ကင်ဂျုံအန်သည် ခဲယမ်းမီးကျောက်ထုတ်လုပ်ရေးလုပ်ငန်း၏ အားနည်းချက်များကို ထောက်ပြခဲ့ပြီး ထုတ်လုပ်မှုလုပ်ငန်းကို ချိန်ညှိပေးရန်တိုက်တွန်းခဲ့ကြောင်း သိရသည်။

ယူကရိန်းစစ်ရေးပဋိပက္ခတွင် အသုံးချနိုင်ရေးအတွက် ရုရှားနိုင်ငံသို့ စစ်လက်နက်များ လွှဲပြောင်းပေးပို့နေကြောင်း အနောက်အုပ်စုနိုင်ငံများက စွပ်စွဲနေကြချိန်တွင် လက်နက်ထုတ်လုပ်ရေးစက်ရုံများသို့ မြောက်ကိုရီးယားခေါင်းဆောင် သွားရောက်ခဲ့ခြင်းဖြစ်သည်။

လက်ရှိအချိန်တွင် မိမိတို့အနေဖြင့် တောင်ကိုရီးယားနိုင်ငံကို မြောက်ကိုရီးယားအပေါ် ရန်အလိုဆုံးနိုင်ငံအဖြစ်သတ်မှတ်ရန်အချိန်တန်ပြီဖြစ်ကြောင်း မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်က လက်နက်စက်ရုံများ ခရီးစဉ်တွင် ပြောကြားခဲ့သည်။

ယူကရိန်းကို တိုက်ခိုက်ရေးအတွက် ရုရှားနိုင်ငံက မြောက်ကိုရီးယားဒုံးကျည်များဝယ်ယူသုံးစွဲနေမှုကို အမေရိကန်နိုင်ငံအပါအဝင်နိုင်ငံပေါင်း ၅၀ နီးပါးက ပူးတွဲကြေညာချက်ထုတ်ပြန်၍ ရှုတ်ချထားသည်။

ပြီးခဲ့သည့်နှစ် ဒီဇင်ဘာ ၃၀ ရက်နှင့် ယခုနှစ် ဇန်နဝါရီ ၂ ရက်တို့တွင် ရုရှားတပ်များက ယူကရိန်းပစ်မှတ်များကို တိုက်ခိုက်ခဲ့ရာ မြောက်ကိုရီးယား ဒုံးကျည်များကို အသုံးပြုခဲ့သည်ဟုအနောက်အုပ်စုနိုင်ငံများက စွပ်စွဲထားကြောင်း သိရသည်။

**Ref : Xinhua**

**Trs : KKO**

## ဆော်ဒီအာရေဗျနိုင်ငံက တူးဖော်ထုတ်လုပ်ရခြင်းမရှိသေးသည့် နိုင်ငံပိုင်တွင်းထွက်ပစ္စည်းများ၏စုစုပေါင်းတန်ဖိုးကို မြှင့်တင်ထား

**ရီယာ့ဒ် ဇန်နဝါရီ ၁၀**

တူးဖော်ထုတ်လုပ်ရခြင်း မရှိသေးသည့် နိုင်ငံပိုင်တွင်းထွက်ပစ္စည်းသယံဇာတများ၏ စုစုပေါင်းခန့်မှန်းတန်ဖိုးကို ဆော်ဒီအာရေဗျနိုင်ငံက မြှင့်တင်ထားကြောင်း ဆော်ဒီအာရေဗျ သတ္တုတွင်းဝန်ကြီးဌာနဝန်ကြီး ဘန်ဒါအယ်လ်ခိုရာယက်ဖ်က ယနေ့တွင် ထုတ်ဖော်ပြောကြားခဲ့သည်။

သတ္တုတွင်းဝန်ကြီးအယ်လ်ခိုရာယက်ဖ်၏အဆိုအရ ဆော်ဒီအာရေဗျနိုင်ငံက တူးဖော်ခြင်းမရှိသေးသည့် ဖော့စဖိတ်၊ ရွှေ အပါအဝင် တွင်းထွက်သတ္တုပစ္စည်းများ၏ စုစုပေါင်းတန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၂ ဒသမ ၅ ထရီလီယံထိရှိနိုင်ကြောင်း သိရသည်။

ဆော်ဒီသတ္တုတွင်းဝန်ကြီးဌာနက ၂၀၁၆ ခုနှစ်တွင် ထုတ်ပြန်ခဲ့သည့်ခန့်မှန်းချက်တွင်မူ တူးဖော်ရခြင်းမရှိသေးသော ဆော်ဒီပိုင်သတ္တုသိုက်များ၏တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁ ဒသမ ၆ ထရီလီယံထိရှိနိုင်ကြောင်း ခန့်မှန်းထားသည်။

သတ္တုတူးဖော်ရေး လုပ်ငန်းသည် နိုင်ငံစီးပွားရေးကို ရေနံအခြေပြုစီးပွားရေးမဟုတ်သည့် စီးပွားရေးပုံစံသို့ပြောင်းလဲရန် ကြိုးစားနေသော ဆော်ဒီအာရေဗျနိုင်ငံအတွက် အရေးပါသည့် အခန်းကဏ္ဍတွင် ပါဝင်သည်။

လက်ရှိအချိန်တွင် ဆော်ဒီအာရေဗျနိုင်ငံသည် ၎င်းပိုင်ဆိုင်ထားသည့် ဖော့စဖိတ်၊ ရွှေ၊ ကြေးနီနှင့် ဘောက်ဆိုက်သတ္တုများကို ထုတ်ယူရန် ပြင်ဆင်လျက်ရှိသည်။

ယခုနှစ်အတွင်း နိုင်ငံတကာရင်းနှီးမြှုပ်နှံသူများကို သတ္တုတူးဖော်ခွင့်လိုင်စင်အစောင် ၃၀ ကျော် ချပေးရန် ဆော်ဒီအစိုးရက စီစဉ်ထားကြောင်း သိရသည်။

**Ref : Xinhua**

**Trs : KKO**

# SCIENCE AND TECHNOLOGY

## အက်စထရိုဘော့တစ်ကုမ္ပဏီက လွှတ်တင်ထားသည့် Peregrine လဆင်းယာဉ်၏ လမျက်နှာပြင်ဆင်းသက်ရေးမစ်ရှင် အောင်မြင်မှုမရှိဘဲ တရားဝင်အဆုံးသတ်ခဲ့ရ



**ဝါရှင်တန် ဇန်နဝါရီ ၁၀**

အမေရိကန်နိုင်ငံ အခြေစိုက် အက်စထရိုဘော့တစ်ကုမ္ပဏီက လွှတ်တင်ထားသည့် Peregrine လဆင်းယာဉ်၏ လမျက်နှာပြင် ဆင်းသက်ရေးမစ်ရှင်မှာ အောင်မြင်မှုမရှိဘဲ တရားဝင်အဆုံးသတ်ခဲ့ရပြီဖြစ်ကြောင်း ဇန်နဝါရီ ၉ ရက် သတင်းများအရ သိရသည်။

အက်စထရိုဘော့တစ်ကုမ္ပဏီသည် Peregrine လဆင်းယာဉ်ကို ULA ကုမ္ပဏီ၏ ဗော်လ်ကန်ဒုံးပျံဖြင့် ဇန်နဝါရီ ၈ ရက်က လွှတ်တင်ခဲ့သည်။

၎င်းလဆင်းယာဉ်သည် ဗော်လ်ကန်ဒုံးပျံမှ အောင်မြင်စွာခွဲထွက်နိုင်ခဲ့သော်လည်း နောက်ပိုင်းတွင် ဒုံးကန်အားစနစ် လောင်စာရည် ယိုစိမ့်မှုပြဿနာဖြင့် ရင်ဆိုင်ခဲ့ရကြောင်း သိရသည်။

ဒုံးကန်အားစနစ်လောင်စာရည် ယိုစိမ့်မှုပြဿနာကြောင့် Peregrine လဆင်းယာဉ်အနေဖြင့် လမျက်နှာပြင်ပေါ်သို့ ဆင်းသက်နိုင်တော့မည်မဟုတ်ကြောင်း အက်စထရိုဘော့တစ်ကုမ္ပဏီမှ တာဝန်ရှိသူများက ဇန်နဝါရီ ၉ ရက်တွင် အတည်ပြုထားသည်။

Peregrine လဆင်းယာဉ်သည် လမျက်နှာပြင်စူးစမ်းလေ့လာရေး စနစ်ပေါင်း ၂၀ ကို သယ်ဆောင်ထားကြောင်း အက်စထရိုဘော့တစ်ကုမ္ပဏီမှ တာဝန်ရှိသူများက ပြောကြားသည်။

အက်စထရိုဘော့တစ်ကုမ္ပဏီသည် လပေါ်သို့ လဆင်းယာဉ် စေလွှတ်နိုင်သည့် ပထမဆုံးပုဂ္ဂလိက အာကာသကုမ္ပဏီအဖြစ် ရပ်တည်နိုင်ရေးအတွက် Peregrine လဆင်းယာဉ်ကို လွှတ်တင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**Ref : Russia Today**
**Trs : KKO**

## နာဆာ၏ အားတီးမစ်-၂ မစ်ရှင်လွှတ်တင်ရေးအစီအစဉ်ကို ၂၀၂၅ ခုနှစ် စက်တင်ဘာလထိ နောက်ဆုတ်ထား

**ဝါရှင်တန် ဇန်နဝါရီ ၁၀**

အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ(နာဆာ)သည် အားတီးမစ်-၂ မစ်ရှင် လွှတ်တင်ရေးအစီအစဉ်ကို ၂၀၂၅ ခုနှစ် စက်တင်ဘာလထိ နောက်ဆုတ်ထားကြောင်း ဇန်နဝါရီ ၉ ရက် သတင်းများအရ သိရသည်။

နာဆာအဖွဲ့သည် မူလက အားတီးမစ်-၂ မစ်ရှင်ကို ယခုနှစ်နိုဝင်ဘာလအတွင်း လွှတ်တင်ရန် မူလက စီစဉ်ထားသည်။

သို့ရာတွင် နည်းပညာပိုင်းဆိုင်ရာပြဿနာများကြောင့် အားတီးမစ်-၂ မစ်ရှင်လွှတ်တင်ရေးအစီအစဉ်ကို ၂၀၂၅ ခုနှစ် စက်တင်ဘာလထိ နောက်ဆုတ်လိုက်ကြောင်း နာဆာအဖွဲ့က သတင်းထုတ်ပြန်ထားသည်။

အားတီးမစ်-၂ မစ်ရှင်ကို နောက်ဆုတ်ခဲ့ရပြီးနောက် နာဆာအဖွဲ့သည် အားတီးမစ်-၃ မစ်ရှင်လွှတ်တင်ရေးအစီအစဉ်ကိုလည်း ၂၀၂၅ ခုနှစ်မှ ၂၀၂၆ ခုနှစ် စက်တင်ဘာလသို့ ထပ်ဆင့်နောက်ဆုတ်ခဲ့ရသည်။



နာဆာအဖွဲ့သည် အားတီးမစ်-၂ မစ်ရှင်ဖြင့် အာကာသယာဉ်မှူးများကို လကမ္ဘာအလွန်ထိ ပို့ဆောင်၍ ကမ္ဘာမြေပေါ်သို့ ပြန်လည်ခေါ်ယူမည်ဖြစ်ပြီး အားတီးမစ်-၃ ဖြင့် လမျက်နှာပြင်ပေါ်သို့ လူသားများ စေလွှတ်မည်ဖြစ်သည်။

နာဆာအဖွဲ့အနေဖြင့် အားတီးမစ်-၂ နှင့် အားတီးမစ်-၃ မစ်ရှင်များကို လွှတ်တင်ချိန် နောက်ဆုတ်ခဲ့သော်လည်း အားတီးမစ်-၄ မစ်ရှင်ကိုမူ မူလစီစဉ်ထားသည့်အတိုင်း ၂၀၂၈ ခုနှစ် စက်တင်ဘာလတွင် လွှတ်တင်မည်ဖြစ်ကြောင်း သိရသည်။

**Ref : Xinhua News**
**Trs : KKO**

## နာဆာ၏ ဂျိမ်းစ်ဝက်ဘ်အာကာသရေဒီယိုတယ်လီစကုပ်က ဝင်ရိုးစွန်းအလင်းရောင် ပိုင်ဆိုင်ထားဖွယ်ရှိသည့်ကြယ်သိမ်တစ်စင်းကို ရှာဖွေတွေ့ရှိထား

**ဝါရှင်တန် ဇန်နဝါရီ ၁၀**

အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ (နာဆာ)၏ ဂျိမ်းစ်ဝက်ဘ် အာကာသရေဒီယိုတယ်လီစကုပ်သည် ဝင်ရိုးစွန်းအလင်းရောင် ပိုင်ဆိုင်ထားဖွယ်ရှိသည့် ကြယ်သိမ်တစ်စင်းကို ရှာဖွေတွေ့ရှိထားကြောင်း ဇန်နဝါရီ ၉ ရက် သတင်းများအရ သိရသည်။

ကမ္ဘာပေါ်၌ ဝင်ရိုးစွန်းအလင်းရောင်များသည် ကမ္ဘာ့လေထုလွှာအတွင်းရှိ မော်လီကျူးများကို နေမှထုတ်လွှတ်လိုက်သည့် စွမ်းအင်ဆောင်အမှုန်များ ထိရိုက်မိချိန်တွင် တောင်နှင့်မြောက်ဝင်ရိုးစွန်းနယ်မြေများ၌ ပေါ်ထွက်တတ်ကြောင်း သိရသည်။

နေအဖွဲ့အစည်းရှိ ကြာသပတေးဂြိုဟ်နှင့် စနေဂြိုဟ်ကဲ့သို့ ဂြိုဟ်များတွင်လည်း ဝင်ရိုးစွန်းအလင်းရောင်များရှိတတ်ကြောင်း သိပ္ပံပညာရှင်များက ဖော်ထုတ်တွေ့ရှိခဲ့ရခြင်းဖြစ်သည်။

သို့ရာတွင် ဂျိမ်းစ်ဝက်ဘ် အာကာသရေဒီယိုတယ်လီစကုပ်မှ ရရှိသည့် သတင်းအချက်အလက်များအရ W 1935 အမည်ရှိ ကြယ်သိမ်တစ်စင်းသည်လည်း ဝင်ရိုးစွန်းအလင်းရောင် ပိုင်ဆိုင်ထားနိုင်ကြောင်း အမေရိကန်သိပ္ပံပညာရှင်များက ပြောကြားသည်။

သို့ရာတွင် နေ၏ဖြာထွက်ရောင်ခြည်ရိုက်ခတ်မှုမရှိသော W 1935 ကြယ်သိမ်ပေါ်၌ ဝင်ရိုးစွန်းအလင်းရောင်ရှိနေရခြင်းမှာ အံ့အားသင့်ဖွယ်ကောင်းနေကြောင်း သိပ္ပံပညာရှင်များက ပြောကြားသည်။

W 1935 ကြယ်သိမ်သည် ကမ္ဘာဂြိုဟ်နှင့် အလင်းနှစ် ၄၀ အကွာတွင်ရှိသော ကြယ်သိမ်တစ်စင်းဖြစ်ကြောင်း သိရသည်။

**Ref : Xinhua News**
**Trs : KKO**

# HEALTH

## Paxlovid ဆေးက ကိုဗစ်လက္ခဏာများ ရေရှည်ကျန်ရှိမှု ပြဿနာပေါ်လာနိုင်ခြေကို လျှော့ချနိုင်မှုမရှိ

**နယူးယောက် ဇန်နဝါရီ ၁၀**

Paxlovid အမည်ရှိ ဗိုင်းရပ်တိုက်ဖျက်ရေး ဆေးတစ်မျိုးသည် ကိုဗစ်ရောဂါခံစားရသည့်ကာလကို လျှော့ချပေးနိုင်သော်လည်း ကိုဗစ်လက္ခဏာများ ရေရှည်ကျန်ရှိမှု ပြဿနာပေါ်လာနိုင်ခြေကို လျှော့ချနိုင်မှုမရှိကြောင်း ဇန်နဝါရီ ၉ ရက် သတင်းများအရ သိရသည်။

အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားတက္ကသိုလ်မှ သုတေသနပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ Paxlovid ဆေးဖြင့် ကိုဗစ်ရောဂါ ကုသမှုခံယူခဲ့သော လူနာအများစုတွင် လူနာ ၁၆ ရာခိုင်နှုန်း၌ ကိုဗစ်ရောဂါလက္ခဏာများ ရေရှည်ဆက်ခံစားခဲ့ရကြောင်း သိရသည်။

သို့ရာတွင် Paxlovid ဆေးသုံးစွဲမှုမရှိသော လူနာအများစုတွင်မူ ကိုဗစ်ရောဂါလက္ခဏာများ ရေရှည်ခံစားရသူ ရာနှုန်းမှာ ၁၄ ရာခိုင်နှုန်းသာရှိကြောင်း အမေရိကန် သုတေသနပညာရှင်များက ပြောကြားသည်။

သို့ဖြစ်ရာ Paxlovid ဆေးသည် ကိုဗစ်ရောဂါကို ကုသရာတွင် အထောက်အကူပြုနိုင်သော်လည်း ကိုဗစ်ရောဂါလက္ခဏာများ ရေရှည်ဆက်ခံစားရနိုင်ခြေကို တားဆီးနိုင်မှုမရှိကြောင်း အမေရိကန်သိပ္ပံပညာရှင်များက သုံးသပ်ထားသည်။

Paxlovid ဆေးသည် ကိုဗစ်ရောဂါပြင်းထန်နိုင်သည့် လူနာများကို ကုသရာတွင် အသုံးပြုသည့်ဆေးဖြစ်သည်။

အမေရိကန် သုတေသနပညာရှင်များသည် ၂၀၂၂ ခုနှစ် မတ်လနှင့် ဩဂုတ်လအတွင်း ကိုဗစ်ရောဂါ ကုသမှုခံယူထားသော လူနာများကို လေ့လာပြီးနောက် ၎င်းတို့၏တွေ့ရှိချက်ကို တင်ပြခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**Ref : Russia Today**
**Trs : KKO**

## ပလတ်စတစ်ရေဘူးတစ်ဘူးတွင် ပလတ်စတစ်ရုပ်မှုန် ၂၄၀၀၀၀ ထိ ပါဝင်နေ

**နယူးယောက် ဇန်နဝါရီ ၁၀**

ပလတ်စတစ်ရေဘူးတစ်ဘူးတွင် အဆိပ်အတောက်ရှိသည့် အလွန်သေးမွှားသော ပလတ်စတစ်ရုပ်မှုန် ၂၄၀၀၀၀ ထိ ပါဝင်နေကြောင်း သုတေသနပညာရှင်များက ဇန်နဝါရီ ၉ ရက်တွင် ပြောကြားသည်။


အထက်ပါလေ့လာတွေ့ရှိချက်သည် ကျန်းမာရေးအရ ပိုက်ရေအစား ရေသန့်ဘူးများပြောင်းလဲသုံးစွဲသူများအတွက် တုန်လှုပ်ရဖွယ် လေ့လာတွေ့ရှိချက် ဖြစ်လာနိုင်ကြောင်း သိရသည်။

ပလတ်စတစ်ရေဘူးမှ ရေများကို သောက်သုံးမှုကြောင့် လူကိုယ်ခန္ဓာမှာ သေးငယ်သော ပလတ်စတစ်ရုပ်မှုန်များဖြင့် ညစ်ညမ်းသွားနိုင်ကြောင်း အမေရိကန်နိုင်ငံ ကိုလံဘီယာတက္ကသိုလ်မှ သုတေသနပညာရှင်များက ပြောကြားသည်။

အမေရိကန် သုတေသနပညာရှင်များသည် လေဆာဓာတ်မှန်နည်းပညာကိုသုံး၍ ပလတ်စတစ်ရေဘူးများကို လေ့လာခဲ့ကြသည်။

လေ့လာမှုမှ ပေါ်ထွက်လာသည့် ရလဒ်များအရ တစ်လီတာဆံ့ ပလတ်စတစ်ရေဘူးတစ်ဘူးတွင် အရွယ်အစားအားဖြင့် နာနိုမီတာ ၁၀၀ မျှသာရှိသည့် ပလတ်စတစ်ရုပ်မှုန်ပေါင်း ၂၄၀၀၀၀ ထိ ပါဝင်နေတတ်ကြောင်း အမေရိကန် သုတေသန ပညာရှင်များက ပြောကြားသည်။

**Ref : Sputnik News**
**Trs : KKO**






# မြန်မာ-ထိုင်း မြန်မာ့ရိုးရာလက်ဝှေ့ပြိုင်ပွဲကို လာမည့်ဇန်နဝါရီ ၁၄ ရက်တွင် ရန်ကုန်မြို့၌ ကျင်းပမည်



**ရန်ကုန် ဇန်နဝါရီ ၁၀**

မြန်မာ့ရိုးရာလက်ဝှေ့မျိုးဆက်သစ် လူငယ်ကစားသမားများပေါ်ထွက်လာစေရန်နှင့် လူငယ်ကစားသမားများကို ပရော်ဖက်ရှင်နယ်ကစားသမားဖြစ်အောင် ပြုစုပျိုးထောင်ရန် ရည်ရွယ်ချက်ဖြင့် မြန်မာထိပ်တန်း ရိုးရာလက်ဝှေ့ကစားသမား ထွန်းထွန်းမင်း ဦးစီးသည့် Great Cairo Club က စီစဉ်ကျင်းပမည့် မြန်မာ- ထိုင်း မြန်မာ့ရိုးရာ လက်ဝှေ့ပြိုင်ပွဲကို လာမည့် ဇန်နဝါရီ ၁၄ ရက် မွန်းလွဲ ၂ နာရီမှစတင်ပြီး ရန်ကုန်မြို့ရှိ သိမ်ဖြူ လက်ဝှေ့အားကစားရုံတွင် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ မြန်မာ-ထိုင်း မြန်မာ့ရိုးရာလက်ဝှေ့ပြိုင်ပွဲတွင် မြန်မာ-ထိုင်း တွဲဆိုင်းနှစ်ဆိုင်းနှင့်အတူ ပြည်တွင်းတွဲဆိုင်းများနှင့် မျိုးဆက်သစ်တွဲဆိုင်းများကို ထည့်သွင်းကျင်းပမည်ဖြစ်ကာ အလဲထိုးဖြင့် အနိုင်ရရှိလျှင်လည်း အလဲထိုးအနိုင်ကြေးကို သီးသန့်ထပ်မံချီးမြှင့်ပေးအပ်သွားမည်ဖြစ်သည်။

အဆိုပါပြိုင်ပွဲတွင် အဓိကတွဲဆိုင်းအဖြစ် မြန်မာလက်ဝှေ့ကျော် ထွန်းထွန်းမင်း၏ ညီဖြစ်သူ ထွန်းမင်းအောင်(မြန်မာ)နှင့် ဆူရာဖန်(ထိုင်း)တို့ ထိုးသတ်မည်ဖြစ်ပြီး ဒုတိယခေါင်တွဲဆိုင်းအဖြစ် သန့်ဇင်(မြန်မာ)နှင့် အနွန်(ထိုင်း)တို့ ထိုးသတ်မည်ဖြစ်ကာ ပြည်တွင်းတွဲဆိုင်းအဖြစ် အားမာန်နှင့် မောင်ဇော်၊ စောအာကာနှင့်ညီရဲခန့်တို့တွဲဆိုင်းအပြင် အခြားမျိုးဆက်သစ်တွဲဆိုင်းများကိုလည်း ထည့်သွင်းကျင်းပသွားမည်ဖြစ်သည်။

အဆိုပါပြိုင်ပွဲအတွက် လက်မှတ်ခများအနေဖြင့် ငွေကျပ် ၅၀၀၀၀၊ ငွေကျပ် ၃၀၀၀၀၊ ငွေကျပ် ၂၀၀၀၀ နှင့် ငွေကျပ် ၁၀၀၀၀ အသီးသီး သတ်မှတ်ထားကြောင်း သိရသည်။

**STA**

# လီဗာပူးကစားသမားအာနိုး ဒူးဒဏ်ရာကြောင့် ရက်သတ္တလေးပတ်ခန့် အနားယူရမည်

**လန်ဒန် ဇန်နဝါရီ ၁၀**

လီဗာပူးအသင်း ခံစစ်ကစားသမားအာနိုးသည် အာဆင်နယ်အသင်းနှင့်ကစားခဲ့သည့် အက်ဖ်အေဖလား တတိယအဆင့်ပွဲစဉ်တွင် ရရှိခဲ့သည့် ဒူးဒဏ်ရာကြောင့် လာမည့် ဖေဖော်ဝါရီလလယ်လောက်ထိ အနားယူရမည်ဖြစ်ကြောင်း သိရသည်။

အသက် ၂၅ နှစ်ရှိ ခံစစ်ကစားသမားအာနိုးသည် အာဆင်နယ်အသင်းနှင့်ပွဲစဉ်တွင် ပွဲချိန်ပြည့်ပါဝင်ကစားပေးခဲ့ပြီး အသင်းကို နှစ်ဂိုးဂိုးမရှိဖြင့် အနိုင်ရရှိအောင် ကူညီပေးနိုင်ခဲ့သော်လည်း ပွဲအပြီးတွင် ဒူးဒဏ်ရာနာကျင်မှုဝေဒနာကြောင့် လိုအပ်သည့်စစ်ဆေးမှုများပြုလုပ်ရာ ဒူးအရွတ်ထိခိုက်မိခဲ့သဖြင့် လာမည့်ဖေဖော်ဝါရီလလယ်လောက်ထိ အနားယူရမည်ဖြစ်ကြောင်း လီဗာပူးအသင်းက အတည်ပြုထုတ်ပြန်ခဲ့သည်။

နည်းပြကလော့ပ်က "အာနိုးအနေနဲ့ နောက်ဆုံးကစားခဲ့တဲ့ အာဆင်နယ်နဲ့ပွဲစဉ်မှာ ဒူးဒဏ်ရာ ရရှိခဲ့တာဖြစ်ပါတယ်။ သူ့ဒဏ်ရာအခြေအနေက အရွတ်အနည်းငယ် ထိခိုက်မိရုံဖြစ်တာကြောင့် အချိန်အနည်းငယ်ပေးလိုက်ရင် ပြန်လည်ကောင်းမွန်လာမှာပါ။ စကန်ဖတ်စစ်ဆေးတဲ့အခါမှာတော့ ရက်သတ္တပတ်အနည်းငယ် အနားယူရမှာပါ" ဟု ပြောကြားခဲ့သည်။

လက်ရှိတွင် လီဗာပူးအသင်း ခံစစ်ပိုင်းတွင် ပွဲထွက်ကစားသမားများဖြစ်သည့် ရော်ဘတ်ဆင်သည်လည်း ပခုံးဒဏ်ရာကြောင့်လွဲချော်ခဲ့သည့်အပြင် အာနိုးအနေဖြင့်လည်း ဖေဖော်ဝါရီလလယ်လောက်ထိအနားယူရမည်ဖြစ်၍ ခံစစ်ပိုင်းပြဿနာနှင့်ရင်ဆိုင်နေရပြီး တိုက်စစ်မှူးဆာလာဟ်နှင့် ကွင်းလယ်ကစားသမား အန်ဒိုတို့မှာလည်း အာဖရိကဖလားနှင့် အာရှဖလားပြိုင်ပွဲများ ပါဝင်ကစားနေရသဖြင့် ရက်သတ္တ ခြောက်ပတ်ခန့်ထိ လက်လွတ်ရမည် ဖြစ်ကြောင်း သိရသည်။

ထို့ကြောင့် လီဗာပူးအသင်းသည် ပရီးမီးယားလိဂ်အမှတ်ပေးဇယားကို ဆက်လက်ဦးဆောင်နိုင်ရန် ရုန်းကန်ရမည်ဖြစ်ပြီး ကွာရာဘောင်းဖလားဆီမီးဖိုင်နယ် ပထမအကျော့တွင်လည်း ဖူလ်ဟမ်အသင်းကိုအနိုင်ရရှိရန် အစွမ်းကုန်ကြိုးပမ်းရမည်ဖြစ်ကြောင်း သိရသည်။

**Ref : RT**
**Trs : ML**



# ရီနာတိုဆန်းချက်ဇ်နေရာတွင် ကွင်းလယ်ကစားသမား ရိုမီယူနှင့် အစားထိုးရန် နည်းပြမော်ရင်ဟို ပြင်ဆင်

**ရောမ ဇန်နဝါရီ ၁၀**

ရိုးမားအသင်း နည်းပြမော်ရင်ဟိုသည် ပီအက်စ်ဂျီအသင်းက အငှားခေါ်ယူထားသည့် ရီနာတိုဆန်းချက်ဇ်နေရာတွင် ဘာစီလိုနာအသင်း ကွင်းလယ်ကစားသမား ရိုမီယူနှင့် အစားထိုးရန်အတွက် ပြင်ဆင်လျက်ရှိကြောင်း သိရသည်။

ရိုးမားအသင်းသည် ပြီးခဲ့သည့် နွေရာသီက အငှားခေါ်ယူထားသည့် ပီအက်စ်ဂျီအသင်း ကစားသမား ရီနာတိုဆန်းချက်ဇ်ကို ယခုအပြောင်းအရွှေ့ကာလတွင် အငှားစာချုပ်ဖျက်သိမ်း၍ ပြန်လည်စေလွှတ်ခဲ့ပြီးနောက် ယခုအခါ ၎င်း၏နေရာတွင် အစားထိုးနိုင်ရန်အတွက် ဘာစီလိုနာအသင်းမှ ထွက်ခွာရန် ဆန္ဒရှိနေသည့် ကွင်းလယ်ကစားသမားရိုမီယူကို ခေါ်ယူနိုင်ရန် ပစ်မှတ်ထားလျက်ရှိသည်။

ရိုမီယူသည် ပြီးခဲ့သည့်နွေရာသီက ဂျီရိုနာအသင်းမှ ဘာစီလိုနာအသင်းသို့ပြောင်းရွှေ့ရောက်ရှိခဲ့ပြီး နည်းပြဇာဗီ လက်အောက်တွင် ဒုတိယဦးစားပေး ကစားသမားအဖြစ်ပါဝင်ခဲ့ရကာ ပြိုင်ပွဲစုံ ၁၉ ပွဲပါဝင်ခဲ့ရာ ပွဲထွက်ခွင့် ၁၃ ပွဲသာ ပွဲထွက်ခွင့်ရရှိခဲ့ပြီး ၎င်းသည် နည်းပြဇာဗီ၏ ကစားကွက်ပိုင်းနှင့် အံ့ဝင်မှုမရှိသောကြောင့် ဘာစီလိုနာအသင်းက ရောင်းချရန်ပြင်ဆင်ခဲ့ခြင်းဖြစ်သည်။

လက်ရှိ အပြောင်းအရွှေ့ကာလတွင် ရိုမီယူသည် အသင်းမှထွက်ခွာရန်ပြင်ဆင်ခဲ့ရာ အသင်းတာဝန်ရှိသူများက ကွင်းလယ်ပိုင်းမှ ဂါဗီဒဏ်ရာရရှိနေသောကြောင့် ၎င်း၏နေရာတွင် အစားထိုးနိုင်ရန်အတွက် ရိုမီယူကိုရောင်းချမည့် အစီအစဉ်မှာ သေချာမှုမရှိသော်လည်း ဘာစီလိုနာအသင်း၏ ဘဏ္ဍာရေးအကျပ်အတည်းရှိမှုကို အခွင့်အကောင်းရယူ၍ ရိုးမားအသင်းက ရိုမီယူကို လက်ရှိရရှိနေသည့် လုပ်ခလစာကိုပေးချေ၍ အငှားခေါ်ယူနိုင်ရန် ဆက်လက် ကြိုးပမ်းနေကြောင်း သိရသည်။

**Ref : Sputnik**
**Trs : ML**


# နယူးကာဆယ်အသင်းက ဘာစီလိုနာကစားသမား ခရစ်စတန်ဆန်ကိုခေါ်ယူရန် ကြိုးပမ်း

**လန်ဒန် ဇန်နဝါရီ ၁၀**

နယူးကာဆယ် အသင်းသည် ခံစစ်ပိုင်းလိုအပ်ချက်ကို ထပ်မံဖြည့်တင်းရန်အတွက် ဘာစီလိုနာအသင်းတွင်ပွဲကစားခွင့် ပျောက်ဆုံးနေသည့်ခံစစ်ကစားသမား ခရစ်စတန်ဆန်ကိုခေါ်ယူရန် ကြိုးပမ်းလျက်ရှိကြောင်း သိရသည်။

ဘာစီလိုနာအသင်းသည် ခံစစ်ကစားသမား ခရစ်စတန်ဆန်ကို လာမည့် အပြောင်းအရွှေ့ကာလတွင်ရောင်းချရန် အစီအစဉ်မရှိသော်လည်း လာမည့်နွေရာသီတွင် လက်လွှတ်သွားမည်ဖြစ်ပြီး နယူးကာဆယ်အသင်းကလည်း ဝင်ငွေထွက်ငွေစည်းမျဉ်းကြောင့် ယခုအပြောင်းအရွှေ့ကာလတွင် ကစားသမားနှင့် အကြိုသဘောတူညီမှုရယူမည် သို့မဟုတ် အငှားစာချုပ်ဖြင့်ခေါ်ယူရန်စီစဉ်နေပြီး လာမည့် နွေရာသီတွင် အပြီးသတ်ခေါ်ယူနိုင်ရေး ကြိုးပမ်းနေကြောင်း သိရသည်။

အသက် ၂၇ နှစ်ရှိ ခရစ်စတန်ဆန်သည် ယခင်က ချဲလ်ဆီးအသင်းတွင် ပြိုင်ပွဲစုံ ၁၆၀ ပွဲကစားခဲ့ရာ ပုံစံကောင်းများပြသ၍ အသင်းကို အက်ဖ်အေဖလား၊ ချန်ပီယံလိဂ်ဖလား၊ ဥရောပစူပါဖလားများ ရရှိအောင် စွမ်းဆောင်နိုင်ခဲ့သဖြင့် နည်းပြဟိုဝီက ပရီးမီးယားလိဂ်အတွေ့အကြုံပြည့်ဝပြီး အဓိကပြိုင်ပွဲများတွင် အသင်းအတွက် အကျိုးပြုနိုင်သည့် ကစားသမားတစ်ဦးဖြစ်သောကြောင့် ယခုအပြောင်းအရွှေ့ ကာလအတွင်း အငှားစာချုပ်ဖြင့် ခေါ်ယူနိုင်ရန် ပစ်မှတ်ထားလျက်ရှိသည်။



နယူးကာဆယ် အသင်းသည် ယခုနှစ်အမှတ်ပေးပြိုင်ပွဲ ၂၀ ကစားအပြီးတွင် ဖေဘီယာရှာနှင့်ဘော့မန်းတို့ခံစစ်အတွဲကိုသာ တွဲဖက်အသုံးပြုခဲ့ရပြီး ခံစစ်ပိုင်းအနေဖြင့် ပွဲ ၂၀ တွင် ပေးဂိုး ၂၉ ဂိုးထိ ခွင့်ပြုခဲ့ရပြီး ရမှတ် ၂၉ မှတ်သာရရှိခဲ့သောကြောင့် အဆင့်(၉)တွင်ရပ်တည်နေသော်လည်း နည်းပြဟိုဝီကခံစစ်ပိုင်းပြဿနာကို ထပ်မံဖြေရှင်းရန် ခရစ်စတန်ဆန်ကို ဦးစားပေး ခေါ်ယူရန် ကြိုးပမ်းနေကြောင်း သိရသည်။

**Ref : Xinhua**
**Trs : ML**

## အားကစားသတင်း အတိုအထွာများ

- စပါးအသင်းက ခံစစ်ကစားသမား ဒရာဂူဆင်ကို စတာလင်ပေါင် ၂၅ သန်းဖြင့်ခေါ်ယူရန် လက်ဦးမှုရယူခဲ့ပြီးနောက် ယနေ့တွင် ဆေးစစ်မှုပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။
- ဘာစီလိုနာအသင်း လက်ထောက်နည်းပြအော်စကာအနေဖြင့် ကိုပါဒယ်ရေးဖလားပြိုင်ပွဲတွင် အနီကတ်ပြသခံရမှုကြောင့် လာမည့်ပွဲစဉ်နှစ်ပွဲကို လွဲချော်မည်ဖြစ်သည်။
- ယခုအပြောင်းအရွှေ့ကာလတွင် အာဆင်နယ်အသင်းက တိုနေး၊ ဂျီမီနက်ဇ်၊ ဆိုလန်ကီ၊ ဇက်ခ်ဇီးနှင့်ဖာမင်နိုအပါအဝင် တိုက်စစ်မှူးငါးဦးထိ ပစ်မှတ်ထားနေကြောင်း သိရသည်။

**ML**

# (၅၁)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်းဒေသကြီး အမျိုးသား၊အမျိုးသမီးစက်ဘီးပြိုင်ပွဲများ ဆက်လက်ကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၁၀**

အားကစားနှင့် လူငယ်ရေးရာ ဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံစက်ဘီးအဖွဲ့ချုပ်တို့ ပူးပေါင်းကျင်းပသည့် (၅၁)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်းဒေသကြီး အမျိုးသား၊ အမျိုးသမီး စက်ဘီးပြိုင်ပွဲကို ယနေ့ နံနက် ၈ နာရီမှစတင်ပြီး နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားကွင်းပတ်လမ်း၌ ကျင်းပခဲ့ကြောင်း သိရသည်။



အဆိုပါပြိုင်ပွဲ အမျိုးသမီး ကိုးကီလိုမီတာအသင်းလိုက်ပြိုင်ပွဲနှင့် အမျိုးသား(၁၅)ကီလိုမီတာ အသင်းလိုက်ပြိုင်ပွဲများကိုယှဉ်ပြိုင်ကစားခဲ့ကြပြီး အမျိုးသမီး ကိုးကီလိုမီတာ အသင်းလိုက်ပြိုင်ပွဲတွင် ပထမဆုကို မကွေးတိုင်းဒေသကြီး အသင်းက ၁၃ မိနစ် ၂၃ ဒသမ၆၄ စက္ကန့်ဖြင့်လည်းကောင်း၊ ဒုတိယဆုကို တနင်္သာရီတိုင်းဒေသကြီးအသင်းက ၁၃ မိနစ် ၄၆ ဒသမ ၂၃ စက္ကန့်ဖြင့်လည်းကောင်း၊ တတိယဆုကို မန္တလေးတိုင်းဒေသကြီး အသင်းက ၁၄ မိနစ် ၀၄ ဒသမ၇၄ စက္ကန့်ဖြင့်လည်းကောင်း အသီးသီး အနိုင်ရရှိခဲ့သည်။

ထို့နောက် အမျိုးသား (၁၅) ကီလိုမီတာ အသင်းလိုက်ပြိုင်ပွဲတွင် ပထမဆုကို မန္တလေးတိုင်းဒေသကြီး အသင်းက ၁၈ မိနစ် ၀၆ ဒသမ ၁၃ စက္ကန့်ဖြင့်လည်းကောင်း၊ဒုတိယဆုကို ရန်ကုန်တိုင်းဒေသကြီး အသင်းက ၁၈ မိနစ် ၅၃ ဒသမ ၁၂ စက္ကန့်ဖြင့် လည်းကောင်း၊ တတိယဆုကို မကွေးတိုင်းဒေသကြီး အသင်းက ၁၉ မိနစ် ၁၈ စက္ကန့်ဖြင့် လည်းကောင်း အသီးသီးအနိုင် ရရှိခဲ့ကြသည်။

(၅၁)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်းဒေသကြီး အမျိုးသား၊ အမျိုးသမီး စက်ဘီးပြိုင်ပွဲအဖြစ် ဇန်နဝါရီ ၁၁ ရက် နံနက် ၈ နာရီမှ စတင်ပြီး နေပြည်တော် ဝဏ္ဏသိဒ္ဓိ အားကစားကွင်း ပတ်လမ်းတွင် အမျိုးသမီး ကိုးကီလိုမီတာပြိုင်ပွဲနှင့် အမျိုးသား (၁၅)ကီလိုမီတာပြိုင်ပွဲ ပွဲစဉ်များကို ဆက်လက်ယှဉ်ပြိုင်ကစားသွားမည် ဖြစ်ကြောင်း သိရသည်။

**STA**

# Adelaide International 1 တင်းနစ်ပြိုင်ပွဲ ကွာတားဖိုင်နယ်သို့ ပီဂူလာနှင့် အိုစတာပင်ကိုတို့ တက်ရောက်

**ကင်ဘာရာ ဇန်နဝါရီ ၁၀**

ဩစတြေးလျနိုင်ငံတွင် ကျင်းပနေသည့် Adelaide International 1 တင်းနစ်ပြိုင်ပွဲတွင် ကမ္ဘာ့အဆင့်(၅)နေရာတွင်ရပ်တည်နေသည့် အမေရိကန်တင်းနစ်မယ် ပီဂူလာနှင့် ကမ္ဘာ့အဆင့်(၃၀) နေရာတွင် ရပ်တည်နေသည့် လက်ဗီးယားတင်းနစ်မယ် အိုစတာပင်ကိုတို့သည် နိုင်ပွဲကိုယ်စီရရှိကာ ကွာတားဖိုင်နယ်အဆင့်သို့ တက်ရောက်ခဲ့ကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

ပီဂူလာသည် ဒုတိယအဆင့်တွင် အမေရိကန်တင်းနစ်မယ် တစ်ဦးပင်ဖြစ်သည့် ပီရာနှင့်ယှဉ်ပြိုင်ကစားခဲ့ရပြီး အိုစတာပင်ကိုသည် ပြင်သစ်တင်းနစ်မယ် ဂါစီယာနှင့် ယှဉ်ပြိုင်ကစားခဲ့ရပြီး ပီဂူလာက ပီရာကို (၄-၆၊ ၆-၂၊ ၆-၃) ရလဒ်ဖြင့်အနိုင်ရရှိကာ အိုစတာပင်ကိုက ဂါစီယာကို (၆-၄ ၊ ၅-၇ ၊ ၆-၄) ရလဒ်ဖြင့်အနိုင်ရရှိခဲ့ကြသည်။

ပီဂူလာနှင့် အိုစတာပင်ကိုတို့ နှစ်ဦးစလုံးသည် ပွဲငယ်သုံးပွဲထိ ကစားခဲ့ပြီးမှ အနိုင်ရရှိခဲ့ခြင်းဖြစ်ပြီး ပီဂူလာသည် ကွာတားဖိုင်နယ် အဆင့်တွင် ရုရှားတင်းနစ်မယ် ပက်ဗ်လူချန်ကိုဗာနှင့် ယှဉ်ပြိုင် ကစားရမည်ဖြစ်ပြီး အိုစတာပင်ကိုက ယူကရိန်းတင်းနစ်မယ်ကော့ယုခ်နှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

ပီဂူလာက "ပထမပွဲငယ်မှာ ပီရာကစားသွားတာ အရမ်းကောင်းတယ်။ ပီရာရဲ့ရိုက်ချက်တွေက ဖမ်းရခက်သလို ထိန်းဖို့လဲအရမ်းခက်တယ်။ သူ့ရဲ့ရိုက်ချက်တွေကို ဘယ်လိုတုံ့ပြန်ရမလဲ ဆိုတာကို အဖြေရှာခဲ့ရတယ်။ ဒုတိယပွဲငယ်နဲ့ တတိယပွဲငယ်မှာတော့ ပီရာရဲ့ ရိုက်ချက်တွေကို ထိန်းဖို့အတွက် အဖြေရခဲ့လို့လဲ အနိုင်ပြန်ရခဲ့တာပါ။ ကျွန်မအနေနဲ့ ဒုတိယပွဲငယ်ကစပြီးတော့ ကစားပုံပြောင်းလဲခဲ့ရတယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

**Ref : Xinhua**
**Trs : AZL**



# မလေးရှားအိုးပင်း ၂၀၂၄ ကြက်တောင်ပြိုင်ပွဲတွင် မြန်မာကြက်တောင်မယ်သက်ထားသူဇာ ၃၂ ဦးအဆင့်မှထွက်ခွာခဲ့ရ

**ရန်ကုန် ဇန်နဝါရီ ၁၀**

မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့တွင် ဇန်နဝါရီ ၉ ရက်မှ ၁၄ ရက်ထိ ကျင်းပလျက်ရှိနေသည့် မလေးရှားအိုးပင်း ၂၀၂၄ ကြက်တောင်ပြိုင်ပွဲ အမျိုးသမီးတစ်ဦးချင်းပြိုင်ပွဲ ၃၂ ဦးရှုံးထွက်အဆင့်ပွဲစဉ်အဖြစ် ယနေ့နံနက်ပိုင်းက မြန်မာကြက်တောင်မယ် သက်ထားသူဇာနှင့် ထိုင်းကြက်တောင်မယ်အင်တာနွန်တို့ယှဉ်ပြိုင်ကစားခဲ့ရာ သက်ထားသူဇာက နှစ်ပွဲပြတ်ဖြင့် ရှုံးနိမ့်ပြီး ပြိုင်ပွဲမှ ထွက်ခွာခဲ့ရကြောင်း သိရသည်။

အဆိုပါပွဲစဉ်တွင် ကမ္ဘာ့အဆင့်သတ်မှတ်ချက် ၁၃ နေရာတွင် ရပ်တည်နေသည့် ထိုင်းကြက်တောင်မယ် အင်တာနွန်သည် ကမ္ဘာ့အဆင့်သတ်မှတ်ချက် ၄၂ နေရာတွင် ရပ်တည်လျက်ရှိနေသည့် သက်ထားသူဇာကို လက်ရည်အသာစီးဖြင့် ဖိအားပေးကစားနိုင်ခဲ့ကာ နှစ်ပွဲပြတ်ဖြင့်အနိုင်ရရှိခဲ့ခြင်း ဖြစ်သည်။

အဆိုပါပွဲစဉ် ပထမပွဲငယ်တွင် သက်ထားသူဇာက အင်တာနွန်ကို အကောင်းဆုံးတုံ့ပြန်ကစားနိုင်ခဲ့သော်လည်း ၂၁ မှတ် ၁၉ မှတ်ဖြင့်ရှုံးနိမ့်ခဲ့ပြီး ဒုတိယပွဲငယ်တွင်လည်း သက်ထားသူဇာအနေဖြင့် အမှားအယွင်းများ ရှိခဲ့ပြီးနောက် ၂၁ မှတ် ၁၀ မှတ်ဖြင့် ထပ်မံရှုံးနိမ့်ခဲ့သည့်အတွက် ၃၂ ဦး ရှုံးထွက်အဆင့်မှပင် ထွက်ခွာခဲ့ရခြင်း ဖြစ်ကြောင်း သိရသည်။

**STA**

# Sony Open ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း လက်ရှိချန်ပီယံ ကင်မ်စီဝူ ပြောကြား



**ဟာဝိုင်ယီ ဇန်နဝါရီ ၁၀**

အမေရိကန်နိုင်ငံ ဟာဝိုင်ယီပြည်နယ်တွင်ကျင်းပမည့် Sony Open ဂေါက်သီးရိုက်ပြိုင်ပွဲတွင် လက်ရှိချန်ပီယံဖြစ်သူ တောင်ကိုရီးယား ဂေါက်သီးရိုက်ကစားသမားကင်မ်စီဝူက ပါဝင်ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း ယနေ့တွင် ထုတ်ပြန်ခဲ့သည်။

ကင်မ်စီဝူသည် ၂၀၂၃ ခုနှစ်က Sony Open ဂေါက်သီးရိုက်ပြိုင်ပွဲတွင် မင်္ဂလာဆောင်ပြီးနောက် ဇနီးဖြစ်သူနှင့်အတူ ဟာဝိုင်ယီပြည်နယ်တွင် ဟန်နီးမွန်းခရီးထွက်လာရင်း ဝင်ရောက်ယှဉ်ပြိုင်ရာမှ ချန်ပီယံဆုကို ဆွတ်ခူးနိုင်ခဲ့ခြင်း ဖြစ်သည်။

ကင်မ်စီဝူသည် လက်ရှိချန်ပီယံဆုကို ကာကွယ်နိုင်ရေးအတွက် အကောင်းဆုံး ပြင်ဆင်ထားသလို ယမန်နှစ်ကအတိုင်း အောင်မြင်မှုများဆွတ်ခူးနိုင်ရန် ကြိုးစားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

အင်္ဂလန်ဂေါက်သီးရိုက်ကစားသမား ဂျက်စတင်ရို့စ်၊ အမေရိကန်ဂေါက်သီးရိုက်ကစားသမား ကင်မရွှန်းယန်းတို့ကလည်း Sony Open ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း တရားဝင်ထုတ်ပြန်ကြေညာခဲ့သည်။

အခြားသော အမေရိကန်ဂေါက်သီးရိုက် ကစားသမားများဖြစ်ကြသည့် ဆာဟစ်တီဂါလာ၊ မက်ကူချာ၊ မောင့်ဂိုမာရီတို့အပြင် စကော့တလန်ဂေါက်သီးရိုက်ကစားသမား မက်အင်တိုင်ရီတို့ကလည်း ပါဝင်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း ထုတ်ပြန်ကြေညာခဲ့သည်။

ကင်မ်စီဝူက "မနှစ်က Sony Open ဂေါက်သီးရိုက်ပြိုင်ပွဲဟာ ကျွန်တော့်အတွက် ဟန်နီးမွန်းထွက်ရင်း ဝင်ရောက်ယှဉ်ပြိုင်တာဖြစ်သလို ကျွန်တော့်အတွက် ဟန်နီးမွန်းအောင်ပွဲလို့ပဲ ပြောရမယ်။ ဂေါက်သီးရိုက်ကစားသမားတစ်ယောက်အနေနဲ့ ပြိုင်ပွဲတိုင်းမှာ ပုံစံကောင်းရဖို့မလွယ်သလို အောင်မြင်မှုဆက်တိုက် ရယူဖို့ဆိုတာလဲ မလွယ်ကူပါဘူး။ ဟာဝိုင်ယီပြည်နယ်ဆိုတာ ကျွန်တော်တို့ကြိုက်တဲ့နေရာတစ်ခုဖြစ်ပါတယ်" ဟု ပြောကြားခဲ့ကြောင်း သိရသည်။

**Ref : RT**
**Trs : AZL**

# အဲရိုလ်စပန့် မျက်လုံးခွဲစိတ်ထားမှုကြောင့် ခရောဖို့ဒ်နှင့်မကျေပွဲစဉ်ကို ရွှေ့ဆိုင်း

**ဝါရှင်တန် ဇန်နဝါရီ ၁၀**

ကမ္ဘာ့ ဝယ်သာဝိတ်တန်း ပြိုင်ဘက်ကင်းချန်ပီယံ အမေရိကန်လက်ဝှေ့သမားခရောဖို့ဒ်နှင့် WBA၊ WBC၊ IBF ဝယ်သာဝိတ်တန်း ကမ္ဘာ့ချန်ပီယံဟောင်း အမေရိကန်လက်ဝှေ့သမား အဲရိုလ်စပန့်တို့သည် မကျေပွဲထိုးသတ်ရန် စီစဉ်ထားသော်လည်း အဲရိုလ်စပန့်သည် မျက်လုံးခွဲစိတ်ကုသမှု ခံယူထားရသည့်အတွက် မကျေပွဲစဉ်ကို ရွှေ့ဆိုင်းလိုက်ပြီဖြစ်ကြောင်း ယနေ့တွင် ထုတ်ပြန်ခဲ့သည်။

ခရောဖို့ဒ်နှင့် အဲရိုလ်စပန့်တို့သည် ၂၀၂၃ ခုနှစ် ဇူလိုင် ၂၉ ရက်တွင် ဝယ်သာဝိတ်တန်း၏ပြိုင်ဘက်ကင်းချန်ပီယံဆုအတွက် အမေရိကန်နိုင်ငံ နီဗားဒါးပြည်နယ်၌ ထိုးသတ်ခဲ့ရာ ကိုးချီမြောက်တွင် ခရောဖို့ဒ်က ဒိုင်ပွဲရပ်ရလဒ်ဖြင့် အနိုင်ရရှိခဲ့သည်။

အဲရိုလ်စပန့်က ဆုံးရှုံးလိုက်ရသည့် ချန်ပီယံခါးပတ်များကို ပြန်လည်ရယူနိုင်ရေးနှင့် ပြိုင်ဘက်ကင်းချန်ပီယံဆုကို ရယူနိုင်ရေးအတွက် မကျေပွဲစဉ်ထိုးသတ်ရန် ပြင်ဆင်လေ့ကျင့်မှု ပြုလုပ်ခဲ့သော်လည်း ၎င်းအနေဖြင့်မျှော်လင့်မထားသည့်အခြေအနေကြောင့် မျက်စိခွဲစိတ်ကုသမှုခံယူခဲ့ရသည်။

အဲရိုလ်စပန့်အနေဖြင့် အမြင်ဝေဝါးနေသည်နှင့် ပတ်သက်ပြီး ဆေးစစ်မှုခံယူခဲ့ရာတွင် အတွင်းတိမ်ဖြစ်နေသည့်အတွက် အတွင်းတိမ်ကို ခွဲစိတ်ကုသမှုခံယူသွားခဲ့ခြင်း ဖြစ်သည်ဟု ပြောကြားခဲ့ကြောင်း သိရသည်။

**Ref : Sputnik**
**Trs : AZL**

# ထူးမြတ်သာစွပြာသိုလ

**စိန်ငွေးလှိုင်(ဟိုပုံးမြေ)**

ပြာသိုလဟာ မြန်မာဆယ့်နှစ်လရဲ့ ဒသမမြောက်လ ဖြစ်ပါတယ်။ ရှေးကျောက်စာတွေမှာ "ပ္လသိုဝ်"လို့ ရေးထိုးခဲ့ပါတယ်။ ပ္လဆိုတဲ့စကားလုံးကို "ပျ"လို့ ရေးသားခြင်းဖြစ်ရာ "ပျားဖယောင်း"လို့ အနက်အဓိပ္ပာယ်ရပါတယ်။ ကာလရွေ့လျားလာတဲ့အခါ "ပြာ"အဖြစ်သို့ပြောင်းလဲသွားပါတယ်။ "သိုဝ်" ဆိုတာက "စုဆောင်းသိုလှောင်ခြင်း"ကို ခေါ်ဆိုပါတယ်။ ဒါကြောင့် ပြာသိုလကို ပျားဖယောင်းစုဆောင်းတဲ့လလို့ မှတ်ယူနိုင်ပါတယ်။ ရက်ပေါင်း ၃၀ ရှိတဲ့ရက်စုံလဖြစ်ပြီး ဆောင်းရာသီရဲ့ အလယ်ဗဟိုကာလဖြစ်ပါတယ်။ နေ့တာတိုပြီး ညတာရှည်တာ ဖေဒင်အခေါ် အားဖြင့် မကရရာသီလို့ ခေါ်ဆိုပြီး ဖုသျှနက္ခတ်ဟာ ငွေစန္ဒာလမင်းနဲ့ ယှဉ်ပြိုင်ထွန်းလင်းလျက်ရှိပါတယ်။ "နတ်၊ ပြာ၊ တွဲ၊ တောင်" ဆိုတဲ့စကားအရ နဂါးဦးခေါင်းဟာ တောင်အရပ်ကိုလှည့်ပါတယ်။

"လမြတ်ပြာသိုပန်းခွာညို"ဆိုတဲ့ စကားအတိုင်း ခွာညိုပန်းဟာ ပြာသိုလရဲ့ရာသီပန်းဖြစ်ပါတယ်။ နှင်းရည်သောက်ပြီး စိမ်းလန်းနေတဲ့ခွာညိုနွယ်တွေထက်မှာ အပွင့်တွေဟာ ဆွတ်ဆွတ်ဖြူအောင်ပွင့်နေကြပါတယ်။ နှင်းစက်နဲ့အပြိုင် ဖြူဆွတ်နေတဲ့ခွာညိုပန်းရနံ့သင်းသင်းကလဲ ဆောင်းရာသီကို အသက်ဝင်စေပါတယ်။ ဒါကြောင့် စာဆိုရှင်ဖိုးသူတော်ဦးမင်းက ပြာသိုလဘွဲ့ကို "ငွေသော်တာစန္ဒနှင့်ဖုသျှတဲ့လမ်းဆုံ၊ တိမ်လွှာမှာရောင်ဝါကျင်းလို့ နှစ်မင်းတူပြိုင်ပ၊ မြန်းကြွခိုက်ကြုံ၊ တသိန်ဂုဏ်၊ မြိုင်စုံမြနန်း၊ နှစိမ်းစိုစိုနှင့် ပန်းခွာညိုငုံတံထူးတယ်၊ ဖူးပွင့်ချက်ဆန်း" လို့ရေးစပ်ခဲ့ပါတယ်။

> ❖ "လမြတ်ပြာသိုပန်းခွာညို"ဆိုတဲ့စကားအတိုင်း ခွာညိုပန်းဟာ ပြာသိုလရဲ့ရာသီပန်းဖြစ်ပါတယ်။ နှင်းရည်သောက်ပြီး စိမ်းလန်းနေတဲ့ ခွာညိုနွယ်တွေထက်မှာ အပွင့်တွေဟာ ဆွတ်ဆွတ်ဖြူအောင်ပွင့်နေကြပါတယ်။ နှင်းစက်နဲ့အပြိုင် ဖြူဆွတ်နေတဲ့ခွာညိုပန်းရနံ့သင်းသင်းကလဲ ဆောင်းရာသီကို အသက်ဝင်စေပါတယ်။ ဒါကြောင့် စာဆိုရှင် ဖိုးသူတော် ဦးမင်းက ပြာသိုလဘွဲ့ကို "ငွေသော်တာစန္ဒနှင့် ဖုသျှတဲ့လမ်းဆုံ၊ တိမ်လွှာမှာရောင်ဝါကျင်းလို့ နှစ်မင်းတူပြိုင်ပ၊ မြန်းကြွခိုက်ကြုံ၊ တသိန်ဂုဏ်၊ မြိုင်စုံမြနန်း၊ နှစိမ်းစိုစိုနှင့် ပန်းခွာညိုငုံတံထူးတယ်၊ ဖူးပွင့်ချက်ဆန်း"လို့ ရေးစပ်ခဲ့ပါတယ်။ ❖

ဗုဒ္ဓဘာသာဝင်တွေအတွက် ပြာသိုလမှာ ရှင်တစ်ထောင်အခါတော်နေ့ဆိုတဲ့ နေ့တစ်နေ့ရှိပါတယ်။ ပေါ်ပေါက်လာပုံမှာ ဂေါတမဗုဒ္ဓဘုရားရှင်သက်တော်ထင်ရှားရှိစဉ်အခါက ရသေ့အပါး ၁၀၀၀ တို့မှာ ဗုဒ္ဓဘာသာဝင်တွေမဟုတ်ကြဘဲ မီးလှုံရေငုပ်ခြင်း စတဲ့အကျင့်တွေကို ကျင့်ကြပါတယ်။ ဒီအကျင့်တွေကို ကျင့်ကြံပါက ကိလေသာခေါင်းပါးလိမ့်မယ်လို့ ယုံကြည်ထားကြပါတယ်။ ဘုရားရှင်ဟာ ရသေ့တို့နဲ့ တွေ့ဆုံဖို့ရာ ဥရုဝေလတောကို မဟာသက္ကရာဇ် ၁၀၃ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်နေ့မှာ ကြွချီခဲ့ပါတယ်။ ဒီအချိန်မှာ ဥရုဝေလတောမှာ အစ်ကိုကြီး ဝေလကဿပက ခေါင်းဆောင်တဲ့ ရသေ့ ၅၀၀၊ အစ်ကိုလတ်နဒီကဿပက ခေါင်းဆောင်တဲ့ ရသေ့ ၃၀၀ နဲ့ ညီငယ်ဂယာကဿပက ခေါင်းဆောင်တဲ့ ရသေ့ ၂၀၀ စုစုပေါင်းရသေ့အပါး ၁၀၀၀ တို့ဟာ သုံးနေရာခွဲပြီး နေထိုင်လျက်ရှိကြပါတယ်။ ဘုရားရှင်က ဝေလကဿပ ရသေ့ကြီးဆီ သီတင်းသုံးခွင့်နေရာတောင်းတဲ့အခါ နဂါးကြီးရှိတဲ့နေရာကို ပေးလိုက်ပါတယ်။ ဘုရားရှင်ဟာ နဂါးကြီးလက်ချက်နဲ့ အသက်ဆုံးလိမ့်မယ်လို့ ရသေ့တို့က ထင်မှတ်ထားကြပါတယ်။ ဒါပေမဲ့ ဘုရားရှင်က နဂါးကြီးကို တန်ခိုးပြသနေတာကိုမြင်တွေ့ရတဲ့အခါ ရသေ့အပေါင်းတို့ဟာ ဘုရားရှင်ကို အထင်ကြီးလေးစားကြပါတယ်။ ရသေ့တို့ဟာ ခိုက်ခိုက်တုန်အောင်ချမ်းအေးလှတဲ့ ပြာသိုလမှာ နေရဉ္စရာမြစ်အတွင်းသို့ သက်ဆင်းရေငုပ်ကြရာ အေးချမ်းမှုဝေဒနာကို ခံစားကြရပါတယ်။ ဒီအခါ ဘုရားရှင်က ရသေ့တွေရဲ့အချမ်းဝေဒနာသက်သာဖို့ရာ မီးအိုးကင်း ၅၀၀ ကို တန်ခိုးတော်နဲ့ဖန်ဆင်းပြီး မီးလှုံစေပါတယ်။ ရသေ့တွေ ခွဲလို့မရတဲ့ထင်းအတုံး ၅၀၀ ကို ဘုရားရှင်က တစ်ပြိုင်တည်းကွဲအောင် ခွဲပြပါတယ်။ မွှေးလို့မရတဲ့မီးကို တစ်ပြိုင်တည်းတောက်လောင်အောင် ပြုလုပ်ပြလိုက်ပါတယ်။ ငြိမ်းလို့မရတဲ့ မီးဖို ၅၀၀ ကို တစ်ပြိုင်တည်းငြိမ်းစေတဲ့ တန်ခိုးတော်တွေကို ပြသတော်မူလိုက်ပါတယ်။ ရသေ့တို့ဟာ တရားအမြင်မှန်ကိုရရှိသွားပြီး အသုံးအဆောင်တွေကို နေရဉ္စရာမြစ်အတွင်းမျှောချကာ ရဟန်းဝတ်ခွင့်တောင်းခံကြပါတယ်။ ဘုရားရှင်က ရသေ့တွေကို သုံးဖွဲ့ခွဲပြီး သာသနာ့ဘောင်ကို ဝင်ရောက်စေခဲ့ရာ ရသေ့အားလုံးမှာ ဧဟိဘိက္ခုရဟန်းတွေ ဖြစ်ကုန်ကြပါတယ်။ ဘုရားရှင်က ဂယာသိကျောက်ဖျာထက်မှာ အာဒိတ္တပရိယာယသုတ္တန်ဒေသနာတော်ကို ဟောကြားတော်မူရာ ရဟန်းအားလုံးမှာ အာသဝေါကုန်ခန်းပြီး အရဟတ္တဖိုလ်ကို ဆိုက်ရောက်ကြပါတယ်။ အဲဒီနေ့ကား ပြာသိုလပြည့်နေ့ဖြစ်ပါတယ်။ ရသေ့အပါး ၁၀၀၀ တို့ ဗုဒ္ဓဘာသာအတွင်း ဝင်ရောက်ခဲ့တာကိုအကြောင်းပြုပြီး ပြာသိုလပြည့်နေ့ကို ရှင်တစ်ထောင်အခါတော်နေ့လို့ သတ်မှတ်ခဲ့ကြပါတယ်။ ဗုဒ္ဓဘာသာဝင်တွေဟာ ရှင်တစ်ထောင်အခါတော်နေ့မှာ ဗုဒ္ဓဘုရားရှင်ကို ရည်မှန်းပြီး ဆီမီးတစ်ထောင်၊ ပန်းတစ်ထောင်၊ ရေတော်တစ်ထောင်၊ ဆွမ်းတစ်ထောင်၊ သစ်သီးတစ်ထောင် စသဖြင့် ကပ်လှူကြပါတယ်။

ပြာသိုလရဲ့ရာသီဥတုက ပွင့်လင်းသာယာလျက်ရှိပါတယ်။ ရှေးမြန်မာမင်းတွေလက်ထက်မှာ မြင်းခင်းသဘင် ခေါ် သူရဲကောင်းရွေးချယ်ပွဲကို ကျင်းပခဲ့ကြပါတယ်။ ပြာသိုလဆန်း ၁ ရက်မှစတင်ကာ ၃ ရက်တိုင်တိုင်ကျင်းပကြပါတယ်။ မြင်းခင်းသဘင်ပွဲမှာ မင်းညီမင်းသားတို့ဟာ မိမိတို့ရရှိထားတဲ့ အဆောင်အယောင်အဆင်တန်ဆာတွေကို ဝတ်ဆင်ပြီး ဆင်ရေး၊ မြင်းရေး၊ လှံရေး၊ လေးရေး၊ ဓားရေး၊ အခုန်အပြေးစတဲ့အတတ်မျိုးစုံနဲ့ ယှဉ်ပြိုင်ကြပါတယ်။ ဒါကြောင့် "ဆင်ပေါက်ဦးစီး၊ မှူးကြီးမတ်တွေ၊ ရွှေသားစိုစို၊ မောက်တိုမောက်လူ၊ လှံဓားဆွဲ၊ လက်ဝဲလက်ယာ၊ တီးပါအတည်၊ မြင်းရှည်မြင်းတို၊ ကိုယ်ကိုဝတ်ဆင်၊ ရွှေဖျင်အကျီ၊ ပုစွန်ဆီနှင့်၊ နီလာမြသွေး၊ စိုင်းနှင်ပြေး၍၊ မြင်းရေးယှဉ်ပြိုင်၊ စက်တိုင်စက်ကွင်း၊ စီးနင်းထိုးဖောက်၊ ရွှေနောက်ဆုတ်ငင်၊ ဆင်လည်းမုန်ပြင်း၊ မြင်းခင်းပွဲတော်"လို့ စာဆိုဦးယာက မြင်းခင်းသဘင်မှသူရဲကောင်းတွေရဲ့ ဝတ်စားဆင်ယင်ယှဉ်ပြိုင်ကြပုံကို ရေးသားခဲ့ပါတယ်။ မြင်းစီးသူရဲကောင်းတို့က မြင်းကို စီးလျက်၊ ရပ်လျက်၊ အိပ်လျက်၊ ရှေ့ပြန်နောက်ပြန်ပြုလျက် စီးပြကြပါတယ်။ မြင်းစီးနေစဉ်မှာပင် အဲမောင်းကို လှံနဲ့ပစ်ပြီး လှံရေးပြကြပါတယ်။ အဲမောင်းဆိုတာက တိုင်ထိပ်မှာ အလံလွှင့်ထားတဲ့ စက်ဝန်းကြီးကို ခေါ်ဆိုပါတယ်။ မြင်းခင်းသဘင်ပွဲမှာ မြင်းရေးတစ်ခုတည်းသာမက စက်ကွင်းလှံထိုးပွဲ၊ အဲမောင်း ၃၇ မျိုးပြပွဲ၊ လှံထိုးဓားခုတ်ပြိုင်ပွဲ၊ လေးအစွမ်းပြိုင်ပွဲ၊ တုတ်သိုင်းပြိုင်ပွဲ၊ ဓားပြိုင်ပွဲ၊ ဗလီခတ် ခေါ် ဂူလီရိုက်ပြိုင်ပွဲနဲ့ ဆင်ခင်းပွဲ စတာတွေကို ပူးတွဲကျင်းပကြပါတယ်။ မြင်းခင်းသဘင်မှာ စစ်သွေးစစ်မာန်တက်ကြွစေပြီး နိုင်ငံတော်ကာကွယ်ရေးကို အထောက်အကူပြုပါတယ်။ မြင်းခင်းသဘင်ကို သက္ကရာဇ် ၆၇၄ ခုနှစ်လောက်က ပင်းယတစ်စီးရှင်သီဟသူလက်ထက်မှာ စတင်ပေါ်ပေါက်လာခဲ့တယ်လို့ ခန့်မှန်းကြပါတယ်။ မင်းတုန်းမင်းတရားကြီးလက်ထက်တိုင် ကျင်းပခဲ့ရာ ကိုလိုနီခေတ်ဦးမှာ ကွယ်ပျောက်ခဲ့ကြောင်း လေ့လာသိရှိရပါတယ်။

ပြာသိုလမှာ အများအားဖြင့် မြန်မာတိုင်းရင်းသားအားလုံး အမြတ်တနိုးတန်ဖိုးထားရတဲ့ နေ့ထူးနေ့မြတ်ဖြစ်တဲ့ လွတ်လပ်ရေးနေ့ကျရောက်လေ့ရှိပါတယ်။ လွတ်လပ်ရေးနေ့မှာ နေရာဒေသအလိုက် ဗိုလ်ရှုသဘင်၊ အလံတင်အခမ်းအနား၊ ဟောပြောပွဲ၊ အားကစားပြိုင်ပွဲ၊ စာပေပြိုင်ပွဲတွေကို နှစ်စဉ်ကျင်းပလျက်ရှိပါတယ်။ မြန်မာနိုင်ငံဟာ ၁၈၈၅ ခုနှစ်က စတင်ပြီး အင်္ဂလိပ်ဗြိတိသျှတို့ရဲ့သိမ်းပိုက်တာကို ခံခဲ့ရပါတယ်။ ၁၉၄၈ ခုနှစ် ဇန်နဝါရီ ၄ ရက်မှာ အချုပ်အခြာအာဏာပိုင်စိုးတဲ့နိုင်ငံအဖြစ် လွတ်လပ်ရေးကို ပြန်လည်ရရှိခဲ့ပါတယ်။ ပထမဦးဆုံးလွတ်လပ်ရေးကြေညာခြင်းနဲ့ အလံတင်အခမ်းအနားကျင်းပရာ အဲဒီနေ့မနက် ၄ နာရီ မိနစ် ၂၀ အချိန်မှာ ရန်ကုန်ဆိပ်ကမ်းမှာ ဆိုက်ကပ်ထားတဲ့ မြန်မာ့တပ်မတော် (ရေ)မှ စစ်ရေယာဉ်(မေယု)နဲ့ ဗြိတိသျှရေတပ်မတော် အိပ်ချ်အမ်အက်စ် ဘာမင်ဂတ်သင်္ဘောဆီက ပစ်ဖောက်လိုက်တဲ့အမြောက်သံမှာ ရန်ကုန်တစ်မြို့လုံး မြည်ဟည်းသွား ပါတယ်။ ဒီအချိန်မှာ လွတ်လပ်ရေးကြေညာတဲ့ အခမ်းအနားကို တိုင်းပြည်ပြုလွှတ်တော်အဆောက်အအုံနဲ့ ဗြိတိသျှဘုရင်ခံအိမ်တော် (အစိုးရအိမ်တော်)မှာ တစ်ပြိုင်တည်းကျင်းပကြပါတယ်။ လွှတ်တော်နဲ့ အိမ်တော်ရှေ့ရှိ အလံတိုင်အသီးသီးမှာ ချိတ်ဆွဲထားတဲ့ အင်္ဂလိပ်ယူနီဂျက်အလံကို လျှောချပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အလံကို လွှတ်တင်လိုက်ပါတယ်။ ဒီအခမ်းအနားကို သမ္မတကြီးစဝ်ရွှေသိုက်၊ ဝန်ကြီးချုပ်သခင်နုနဲ့ ဝန်ကြီးတွေ၊ လွှတ်တော်ဥက္ကဋ္ဌ ပျော်ဘွယ်ဦးမြ၊ ဟိုက်ကုတ်တရားဝန်ကြီးချုပ်ရာထူးဝန်အဖွဲ့ဥက္ကဋ္ဌနဲ့ အဖွဲ့ဝင်တွေ၊ မဟာမင်းကြီးတွေ၊ နိုင်ငံခြားအထူးသံတမန်တွေ၊ တိုင်းမင်းကြီးတွေ၊ ဌာနဆိုင်ရာအကြီးအကဲတွေ၊ အတွင်းဝန်တွေ၊ ဒေသန္တရကိုယ်စားလှယ်တွေ၊ ရှေ့နေရှေ့ရပ်ဆိုင်ရာကိုယ်စားလှယ်တွေ၊ ကုန်သည်ကြီးများအသင်းမှ ကိုယ်စားလှယ်တွေ၊ ရန်ကုန်ရာဇဝတ်တရားသူကြီးနဲ့ အထူးဖိတ်ကြားထားသူတွေ တက်ရောက်ကြပါတယ်။ အခမ်းအနားပြီးဆုံးတဲ့အခါ ဗြိတိသျှဘုရင်ခံဆာဟူးဘတ်ရန့်ဟာ မနက် ၈ နာရီ မိနစ် ၂၀ မှာ အင်္ဂလန်နိုင်ငံကို ထွက်ခွာသွားပါတယ်။ လွတ်လပ်ရေးကြေညာခြင်းနဲ့ အလံတင်အခမ်းအနားမှာ လွတ်လပ်ရေးကြေညာစာတမ်းကို ထုတ်ပြန်ခဲ့ပါတယ်။ လွတ်လပ်ရေးကြေညာစာတမ်းရေးသားတဲ့ပုဂ္ဂိုလ်တွေမှာ ဦးသိန်းဟန် (ဆရာဇော်ဂျီ)၊ ဦးဝန် (မင်းသုဝဏ်)၊ ဆရာယော (ဆရာဇေယျ)၊ ဆရာဦးအုန်းဖေ(တက်တိုး)၊ ဦးဝင်းစိန်(တင့်တယ်)တို့ဖြစ်ကြပါတယ်။ ကြေညာစာတမ်းကို ရန်ကုန်မြို့ မဟာဗန္ဓုလပန်းခြံအတွင်းရှိ လွတ်လပ်ရေးကျောက်တိုင်မှာ ရေးထိုးခဲ့ပါတယ်။ ဒ့ါပြင် မြန်မာနိုင်ငံအနှံ့အပြားမှာ မော်ကွန်းကျောက်စာတိုင်တွေ စိုက်ထူကြပြီး "သက္ကရာဇ် ၁၃၀၉ ခုနှစ်၊ ပြာသိုလဆုတ် ၉ ရက်၊ တနင်္ဂနွေနေ့ကို ဤငါတို့မြန်မာပြည် လုံးဝလွတ်လပ်သောအချုပ်အခြာအာဏာပိုင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကြီးအဖြစ် ကောင်းစွာရောက်သတည်း"လို့ ကမ္ပည်းရေးထိုးကြကြောင်း လေ့လာမှတ်သားရပါတယ်။

ပြာသိုလမှာ ရှေးအစဉ်အလာမဟုတ်ဘဲခေတ်သစ်ကာလမှာ သတ်မှတ်တဲ့လူမှုရေးရက်မြတ်တစ်ရက်လဲ ရှိနေပါတယ်။ အမေများနေ့ဖြစ်ပါတယ်။ ဆရာကြီးဦးသုခရဲ့ ညွှန်ကြားဦးဆောင်မှုနဲ့ ပြာသိုလပြည့်နေ့ကို အမေများနေ့အဖြစ် သတ်မှတ်ကြပါတယ်။ စာပေဟောပြောပွဲတွေကျင်းပပြီး ကဗျာရွတ်ဆိုတာနဲ့ မိခင်တွေကို ရှိခိုးကန်တော့တာတွေ ပြုလုပ်ကြပါတယ်။ ဆရာကြီးဦးသုခက မိခင်ရဲ့ကျေးဇူးကြီးမားပုံကို "ထိုတစ်နေ့"အမည်ရ ဆောင်းပါးတစ်ပုဒ်နဲ့ ရေးသားချီးဆော်ခဲ့ပါတယ်။ အမေများနေ့ကို ၁၃၅၈ ခုနှစ် ပြာသိုလပြည့်နေ့က မန္တလေးမြို့မှာ ပထမဦးဆုံးကျင်းပခဲ့ပြီး တစ်စတစ်စလူသိများလာကြကာ မြန်မာနိုင်ငံအနှံ့အပြားမှာ ကျင်းပလာကြပါတယ်။ ပြာသိုလရဲ့ ထူးခြားမွန်မြတ်မှုတစ်ခုဖြစ်ပါတယ်။ ပြာသိုလပြည့်နေ့ရောက်တိုင်း မိခင်ရဲ့နွေးထွေးတဲ့မေတ္တာဓာတ်နဲ့ ကြင်နာမှုတွေကို အောက်မေ့တမ်းတလျက်ရှိကြပါတယ်။

ပြာသိုလရဲ့ရာသီဥတုအခြေအနေမှာ အေးမြပြီး ဆီးနှင်းတွေမှာ တဖြောက်ဖြောက်ကြနေပါတယ်။ ဒါကြောင့် တောင်သူဦးကြီးတို့စုပုံထားတဲ့နှမ်းပုံတွေမှာ အအေးဓာတ်လွှန်ကဲတာကြောင့် အငွေ့တထောင်းထောင်းထပြီး အောက်သိုးပျက်စီးတတ်ပါတယ်။ စာဆိုရှင်ဦးယာရဲ့ ဆယ့်နှစ်လရာသီလူးတား၊ ပြာသိုလဘွဲ့မှာ "နှင်းကျမှိုင်းရီပထဝီဟု၊ ရာသီစရပြာသိုလ"လို့ စပ်ဆိုခဲ့ရာ အာကာပြင်တစ်ခုလုံး နှင်းမှုန်၊ နှင်းဆိုင်တွေရောယှက်ပြီး ဆောင်းဥတုရဲ့အနှစ်သာရကို အပြည့်အဝခံစားရပါတယ်။

အချုပ်အားဖြင့်ဆိုရရင် ပြာသိုလမှာ ဗုဒ္ဓဘာသာဝင်တွေအတွက် အောက်မေ့သတိရစရာ ရှင်တစ်ထောင်အခါတော်နေ့ကျရောက်တာ၊ စစ်ရေးစစ်ရာ စိတ်ဓာတ်တက်ကြွဖွယ် မြင်းခင်းသဘင်ပွဲကျင်းပတာ၊ မြန်မာတိုင်းရင်းသားအားလုံး တန်ဖိုးထားဂုဏ်ယူရတဲ့ လွတ်လပ်ရေးနေ့အခါသမယနဲ့ တိုက်ဆိုင်နေတာ၊ မိခင်တွေမေတ္တာဓာတ်ကိုဖော်ကျူးတဲ့ အမေများနေ့သတ်မှတ်ထားတာတို့ကြောင့် ကောင်းမြတ်တဲ့ ဝိသေသဂုဏ်ထူးတို့နဲ့ပြည့်စုံနေပါတယ်။ ဒါကြောင့် "ထူးမြတ်သာစွပြာသိုလ"လို့ တင်စားခေါ်ဝေါ် ရေးသားလိုက်ရပါတယ်။

**ကိုးကား**

– **ဦးယာ၏ ဆယ့်နှစ်လရာသီဘွဲ့ လူးတား**

# နိုင်ငံတကာစစ်မှုရေးရာအဖြာဖြာ

## ပါကစ္စတန်လေတပ်က တရုတ်နိုင်ငံထုတ် FC-31 တိုက်လေယာဉ်များကို အနာဂတ်တွင် ဝယ်ယူအသုံးပြုနိုင်ဖွယ်ရှိ



ပါကစ္စတန်လေတပ်သည် တရုတ်နိုင်ငံထုတ် ပဥ္စမမျိုးဆက် FC-31 တိုက်လေယာဉ်များကို အနာဂတ်တွင် ဝယ်ယူအသုံးပြုနိုင်ဖွယ်ရှိကြောင်း ပါကစ္စတန်နိုင်ငံက ကြေညာခဲ့သည်ကို The Defense Post သတင်းဌာနက ဇန်နဝါရီ ၅ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

အဆိုပါ သဘောတူညီချက်ကို ဇန်နဝါရီ ၂ ရက်တွင် ပါကစ္စတန်နိုင်ငံ လေတပ်ဦးစီးချုပ် Zaheer Ahmed Baber Sidhu က စစ်ရေးစွမ်းရည်သစ်များ စတင်မိတ်ဆက်သည့် အခမ်းအနားတွင် ကြေညာခဲ့ခြင်းဖြစ်သည်။ အခမ်းအနားအတွင်း ထုတ်ဖော်ပြသထားမှုများတွင် တရုတ်နိုင်ငံထုတ် J-10C Firebird တိုက်လေယာဉ်များနှင့် စီးပွားရေးလုပ်ငန်းသုံး အဆင့်မီလေယာဉ်များပါ ပါဝင်နေသည်။ တရုတ်နိုင်ငံထံမှ FC-31 တိုက်လေယာဉ်များဝယ်ယူမှုနှင့် ပတ်သက်၍ အရေအတွက်၊ သက်ဆိုင်သည့်အချိန်ဇယား အသေးစိတ်ကို လေတပ်ဦးစီးချုပ် Zaheer Ahmed Baber Sidhu က အတည်ပြုထုတ်ဖော်ပြောကြားခြင်းမျိုးမရှိပေ။

တူရကီယဲနိုင်ငံထုတ် Kaan ပဥ္စမမျိုးဆက်တိုက်လေယာဉ်ကို ဝယ်ယူရန် ပါကစ္စတန်နိုင်ငံ၏ ရည်ရွယ်ချက်အပေါ် ယခုကဲ့သို့ တရုတ်နိုင်ငံထုတ် FC-31 တိုက်လေယာဉ်များဝယ်ယူရေး ပဏာမအစပျိုးနေမှုများ၏ သက်ရောက်မှု ရှိ၊ မရှိကိုမူ ပါကစ္စတန်လေတပ်က ပြန်လည်ဖြေကြားခဲ့ခြင်းမရှိကြောင်း ကာကွယ်ရေးသတင်းအရင်းအမြစ်တစ်ရပ်က ရေးသားဖော်ပြခဲ့သည်။

ပါကစ္စတန်နိုင်ငံမှ FC-31 တိုက်လေယာဉ်ဝယ်ယူမှု၏ အကျိုးသက်ရောက်မှုသည် ဤအဆင့်တွင် ခန့်မှန်းရခက်သည်။ အဘယ်ကြောင့်ဆိုသော် လွှဲပြောင်းပေးပို့ခြင်းအတွက် စွမ်းဆောင်နိုင်မှုနှင့် အချိန်ကာလသတ်မှတ်ချက်များကို နားမလည်နိုင်အောင်ဖြစ်နေသည်ဟု လန်ဒန်အခြေစိုက် Royal United Services Institute မှ လေကြောင်းနှင့် အာကာသဆိုင်ရာ ကျွမ်းကျင်ပညာရှင် Justin Bronk က အင်တာဗျူးတစ်ခုတွင် ရှင်းပြခဲ့သည်။

ထိုအတောအတွင်း ကာကွယ်ရေးလေ့လာသုံးသပ်သူနှင့် ပါကစ္စတန်လေတပ်မှ လေယာဉ်မှူးဟောင်းတစ်ဦးဖြစ်သူ Kaiser Tufail က ပါကစ္စတန်နိုင်ငံမှ FC-31 တိုက်လေယာဉ်ဝယ်ယူမှုနှင့် ပတ်သက်၍ အားနည်းချက်ကို The Defense Posts သတင်းဌာနသို့ ပြောကြားခဲ့သည်။

**Pakistan Air Force to Employ Chinese FC-31 Fighter Jets 'In Near Future' ကို ဘာသာပြန်ဆိုထားပါသည်။**

## ရုရှားစစ်ဘက်က အဖျက်စွမ်းအားပြင်းထိပ်ဖူးတပ်ဆင်ထားသော KUB-BLA ဒရုန်းများကို Zala Aero ကုမ္ပဏီထံမှ လက်ခံရရှိ


ရုရှားစစ်ဘက်သည် အဖျက်စွမ်းအားပြင်း ထိပ်ဖူးတပ်ဆင်ထားသော KUB-BLA ဒရုန်းများကို Zala Aero ကုမ္ပဏီထံမှ လက်ခံရရှိခဲ့ကြောင်း The Defense Post သတင်းဌာနက ဇန်နဝါရီ ၅ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

ရုရှားနိုင်ငံ Zala Aero ကုမ္ပဏီထုတ် အဆိုပါဒရုန်းတွင် အစောပိုင်းဗားရှင်းများ၌ အလေးချိန်အားဖြင့် သုံးကီလိုဂရမ်ရှိ Fragmentation Warhead ထိပ်ဖူးများ တပ်ဆင်အသုံးပြုထားပြီး အချို့သောပစ်မှတ်များကို တိုက်ခိုက်ဖျက်ဆီးရာတွင် ထိရောက်မှု အကန့်အသတ်ဖြင့်သာရှိခဲ့သော်လည်း ယခု အဆင့်မြှင့်တင်ထားသော ဗားရှင်းတွင်မူ TNT ယမ်းပေါက်ကွဲအားထက် ၁ ဒသမ ၇ ဆရှိ နျူစွမ်းအင်သုံးပစ္စည်းများ၊ ဒုံးကျည်လောင်စာများတွင် အသုံးပြုလေ့ရှိသည့် HMX-Based Explosive ဖောက်ခွဲရေးပစ္စည်းပါဝင်သော OFBCh-2.5 ထိပ်ဖူးကို အသုံးပြုထားသည်။

"စမ်းသပ်မှုတွေ အောင်မြင်စွာပြီးမြောက်ခဲ့ပြီး ပထမအသုတ်ကို ရုရှားစစ်ဘက်ထံ ပို့ဆောင်ပေးပြီးနေပြီလို့ ထင်ပါတယ်။ တကယ်တော့ ဒါဟာ ထုတ်ကုန်အသစ်တစ်ခုဖြစ်လို့ အရေးကြီးတဲ့ လုပ်ဆောင်ချက်တစ်ရပ်လဲဖြစ်ပါတယ်" ဟု Kalashnikov ကုမ္ပဏီဥက္ကဋ္ဌ Alan Lushnikov ၏ပြောကြားချက်ကို ကိုးကား၍ European Defense Review သတင်းဌာနက ရေးသားဖော်ပြခဲ့သည်။

လောက်လွှဲစနစ်ဖြင့် လွှတ်တင်ရသော KUB-BLA ဒရုန်းအမျိုးအစားသည် ဘက်ထရီလျှပ်စစ်မော်တာဖြင့် မောင်းနှင်ထားခြင်းဖြစ်ပြီး တစ်နာရီလျှင် ကီလိုမီတာ ၁၃၀ နှုန်းဖြင့် မိနစ် ၃၀ ကြာ ပျံသန်းနိုင်စွမ်းရှိသည်။ ၎င်း၏ ဆူညံသံနည်းသော လျှပ်စစ်မော်တာစနစ်ကြောင့် ရန်သူရေဒါအောက်တွင် တိတ်တဆိတ်ကျော်ဖြတ်သွားနိုင်စေရန် ဒီဇိုင်းထုတ်ထားသည်။ သို့သော် အာရုံခံကိရိယာများမပါရှိခြင်းကြောင့် ၎င်း၏ပျံသန်းမှုလမ်းကြောင်းကို အလိုအလျောက်ချိန်ညှိပျံသန်းနိုင်မည်မဟုတ်ပေ။

Delta-Wing တောင်ပံအမျိုးအစားတပ်ဆင်ထားသောဒရုန်းကို လက်ရှိဖြစ်ပွားနေသော ယူကရိန်းပဋိပက္ခအတွင်း ပထမဆုံးတိုက်ပွဲဝင်တပ်ဖြန့်မှုကို မြင်တွေ့ခဲ့ရပြီး မဟာဗျူဟာမြောက်ကင်းထောက်၊ တိုက်ခိုက်မှုအတွက် ရုရှားနိုင်ငံ အထူးတပ်ဖွဲ့များနှင့် လေကြောင်းချီတပ်ဖွဲ့များက ကျယ်ကျယ်ပြန့်ပြန့်အသုံးပြုလျက်ရှိသည်။



နည်းဗျူဟာမြောက် ကင်းထောက်၊ တိုက်ခိုက်မှုတစ်ခုတွင် ရန်သူ၏ပစ်မှတ်များကို အချိန်နှင့်တစ်ပြေးညီ သိရှိနိုင်စေရန်အတွက် ကင်းထောက်ဒရုန်းကို Loitering Munition တိုက်ခိုက်ရေးဒရုန်းနှင့်အတူ တွဲဖက်၍ စေလွှတ်ပျံသန်းတိုက်ပွဲဝင်စေခဲ့သည်ကို တွေ့မြင်ခဲ့ရသည်။

**Russian Military Receives Upgraded Kamikaze Drone With Deadlier Warhead ကို ဘာသာပြန်ဆိုထားပါသည်။**

## တောင်ကိုရီးယားနှင့် အမေရိကန်တပ်ဖွဲ့ဝင်များ မြောက်ကိုရီးယားနယ်စပ်အနီးတွင် စစ်ရေးလေ့ကျင့်မှုများပြုလုပ်

တောင်ကိုရီးယားနှင့် အမေရိကန်တပ်ဖွဲ့ဝင်များသည် မြောက်ကိုရီးယားနယ်စပ်အနီးတွင် လက်နက်ကြီးများနှင့် တိုက်ရိုက်ပစ်ခတ်လေ့ကျင့်မှုများ ပါဝင်သည့် သီတင်းတစ်ပတ်ကြာတိုက်ပွဲဝင်စစ်ရေးလေ့ကျင့်မှုများ ပြုလုပ်ခဲ့ကြောင်း တောင်ကိုရီးယားနိုင်ငံက အတည်ပြုပြောကြားခဲ့သည်ဟု ရုရှားနိုင်ငံ RT သတင်းဌာနက ဇန်နဝါရီ ၄ ရက်တွင် ရေးသားဖော်ပြခဲ့သည်။



အဆိုပါ စစ်ရေးလေ့ကျင့်မှုသည် မြောက်ကိုရီးယား၏ ခြိမ်းခြောက်မှုကို ရင်ဆိုင်ရာတွင် မဟာမိတ်များ၏ စစ်ရေးပြင်ဆင်မှုကိုမြှင့်တင်ရန် ပြုလုပ်ခဲ့ကြောင်း တောင်ကိုရီးယားစစ်ဘက်က ဇန်နဝါရီ ၄ ရက်တွင် ပြောကြားခဲ့သည်။ တစ်ချိန်တည်းတွင်ပင် မြောက်ကိုရီးယားက အမေရိကန်နှင့် တောင်ကိုရီးယားကြား စစ်ရေးပူးပေါင်းဆောင်ရွက်မှုကို ဆင်ခြင်မဲ့လုပ်ရပ်အဖြစ် ဖော်ပြခဲ့သည်။

တောင်ကိုရီးယားစစ်ဘက် ယန္တရားတင်ခြေလျင်တပ်မဟာနှင့် အမေရိကန်နိုင်ငံ Stryker တပ်မဟာတိုက်ခိုက်ရေးအဖွဲ့တို့ ပါဝင်ပြုလုပ်ခဲ့သည့် အဆိုပါ စစ်ရေးလေ့ကျင့်မှုကို ဆိုးလ်မြို့ အရှေ့မြောက်ဘက် ၄၆ ကီလိုမီတာအကွာ နယ်စပ်ရှိ ပိုချွန်းမြို့တွင် ၂၀၂၃ ခုနှစ် ဒီဇင်ဘာ ၂၉ ရက်က စတင်ခဲ့ခြင်းဖြစ်ပြီး ၂၀၂၄ ခုနှစ် ဇန်နဝါရီ ၄ ရက်တွင် ပြီးဆုံးခဲ့ကြောင်း တောင်ကိုရီးယားစစ်ဘက်က ပြောကြားခဲ့သည်။

တောင်ကိုရီးယားနှင့် အမေရိကန်နှစ်နိုင်ငံစစ်ဘက်များမှ လက်နက်စနစ် ၁၁၀ ခန့်ပါဝင်သည့် စစ်ရေးလေ့ကျင့်မှုတွင် ပစ်မှတ်များနှင့် ဟန်ချက်ညီအောင် တိကျစွာ လမ်းညွှန်တိုက်ခိုက်မှုများကို သဏ္ဍာန်တူ လေ့ကျင့်လုပ်ဆောင်နိုင်ခဲ့ကြောင်း Yonhap သတင်းဌာနက ရေးသားဖော်ပြခဲ့သည်။ တင့်ကား-လေကြောင်းရန်ကာကွယ်ရေးပေါင်းစပ်ပစ်ခတ်မှု အပါအဝင် အကြီးစားတင့်ကား၊ သံချပ်ကာစစ်ဆင်ရေးများ ပြုလုပ်ဆောင်ရွက်ခြင်းတို့ ပါဝင်သည်။

မြောက်ကိုရီးယား၏ ဒုံးကျည်စမ်းသပ်မှုများကြောင့် ကိုရီးယားကျွန်းဆွယ်၌ တင်းမာမှုများမြင့်တက်နေချိန်တွင် အမေရိကန်နှင့် တောင်ကိုရီးယားတို့သည် ပြီးခဲ့သောနှစ်အတွင်း ဒေသတွင်း၌ ၎င်းတို့၏ ပူးတွဲစစ်ရေးလေ့ကျင့်မှုကို သိသိသာသာ တိုးမြှင့်လုပ်ဆောင်ခဲ့သည်။ မြောက်ကိုရီးယားနိုင်ငံသည် ပြီးခဲ့သောနှစ်တွင် အဆင့်မြင့်တိုက်ချင်းပစ်ဒုံးကျည်ကို စမ်းသပ်ပစ်ခတ်ခဲ့ပြီး မြောက်ကိုရီးယားမှ အမေရိကန်နှင့် ဒေသတွင်းပြိုင်ဘက်များကို ပစ်ခတ်နိုင်စွမ်းရှိကြောင်း သိရသည်။

မြောက်ကိုရီးယားနိုင်ငံသည် ၂၀၂၃ နှစ်တွင် သူလျှိုဂြိုဟ်တုကို အောင်မြင်စွာ လွှတ်တင်နိုင်ခဲ့ခြင်းက နည်းပညာအရ စစ်ပွဲဖြစ်နေဆဲဟု ယူဆနိုင်သော အိမ်နီးချင်းနှစ်နိုင်ငံကြား စစ်ရေးတင်းမာမှုများကို လျှော့ချရန်ရည်ရွယ်၍ ၂၀၁၈ ခုနှစ်က တောင်ကိုရီးယားနှင့် ချုပ်ဆိုထားသော စစ်ရေးသဘောတူစာချုပ်ကို ဆိုင်းငံ့ထားလိုက်ခြင်းလည်းဖြစ်သည်။

**US and South Korea hold live-fire drills near North's border ကို ဘာသာပြန်ဆိုထားပါသည်။**

**မင်းမျိုး**

# The message sent by Chairman of the State Administration Council Prime Minister of the Republic of the Union of Myanmar Senior General Thadoe Maha Thray Sithu Thadoe Thiri Thudhamma Min Aung Hlaing to the ceremony to mark the Kayin National New Year Day 11 January 2024

**Esteemed entire people in Myanmar and national brethren in Kayin State,**

Today 11 January 2024, 2763 Kayin Era and 1st waxing of Pyatho 1385 Myanmar Era is a significant day adored by Kayin ethnic people. On the Kayin New Year occasion, I extended warm greetings with my best wishes to all people including Kayin ethnics to be able to enjoy physical and mental well-being with auspiciousness.

All nationalities have been settling in various regions suitable for their livelihoods since yore. As Kayin ethnic settled in Myanmar in BC 739, the calculation based on BS 739 when they first-ever arrived in Myanmar shows that this year is 2763 Kayin Era.

The 1st Thalay (Sakaw Kayin) 2763 KE and Htaikhaukpho (Poe Kayin) is New Year Day of Kayin nationals. In accord with the Myanmar Era, it is 1st waning of Pyatho 1385. The government honours the Kayin New Year Day as an official office holiday across the nation.

**Esteemed national brethren,**

The wording 'Kayin national" represents all Kayin ethnics regardless of nationality, lineage, religion and faith. There are 11 Kayin ethnic groups namely Kayin, Kayinphyu (Gebar Kayin), Palekee (Palechee), Mon-Kayin (Sarphyu) (East Poe KAYIN), Sakaw Kayin, Tahlaypwa (Tahlayywar), Paku, Bwe, Mawnaypwa, Moepwa (Moepwar), Poe Kayin (Sho) (West Poe Kayin). Of them, Sakaw and Poe Kayin are primary Kayin tribes but they are different in culture, customs and languages.

As Kayin ethnics are Myanmar's ethnics, they are residing in all parts of Kayin State and the entire Myanmar. Especially, they reside in Mon State, Taninthayi Region, Bago Region and Ayeyawady Region. They have been residing in all parts of Myanmar together with other ethnics through thick and thin in unison along the history. Moreover, it should take pride in their efforts in independence struggle together with other ethnic peoples with national spirit, patriotic spirit with sacrifice of life, blood and sweat when Myanmar fell under colonialism.

The prominent symbol of Kayin State is Zwekabin Hill and the emblems of Kayin ethnic are the frog drum and buffalo horn. All Kayin ethnic groups celebrate the New Year festival, the new housing festival, the new harvest feast, the soul honouring festival and the auspicious ceremony of white thread decoration in Wagaung as well as religious occasions in designated periods. Moreover, Kayin ethnic's don dance is active and fascinated owned ethnic culture, catching attentions of local people as well as international guests.

All Kayin ethnics all over Myanmar and all Kayin brethren from various areas have to preserve their traditional culture and customs to new generations in unison. If all ethnics always preserve their fine traditions, the Union will be perpetual for long term.

As such, Kayin ethnics have been preserving their literature, dialects, culture, fine arts, tradtions and customs, historical heritages since successive eras. Likewise, I would like to urged new generation Kayin youths to continuously preserve fine traditions such as honesty, diligence, loyalty and precise acts.

**Esteemed national brethren,**

The State Administration Council is implementing the visions for building a Union based on democratic system and federalism, the five-point roadmap, and nine political, economic and social objectives in accordance with aspiration of the people. Region and state as well as self-administered zone governments together with Union level organizations and ministries emphasize implementation of the missions and visions.

Region and State governments and local ethnic people have to cooperate with each other in unison for development of the nation. The government is carrying out peace and stability for the people and development of the nation in all aspects. This being so, priority is being given to operating agriculture and livestock farms for socioeconoic development of the people. Morevern, efforts are being made for all-round development of other econmic sectors thrugh modern technologies.

Moreover, if investment can be put in agriculture and livestock businesses benefiting the State and the people with long-term guarantee, employers, employees, the government and people will have much benefits. As such, encouragement is being given to investments. Strengthening of State economy is one of the primary needs for development of the nation. As such, it is necessary to improve economy with direct import of basic inputs for widely operating MSME businesses based on regionwise agriculture and livestock production. Based on raw materials available in the state, if efforts can be made for operating the scheme of "One Region-One Product", socioeconomic life of the ethnic people can be uplifted, contributing to development of the country on one hand.

**Esteemed ethnic people,**

Due to current conflicts which happen in some parts of Kayin State and other parts of the nation, the country and all people face terrible losses in all aspects. People are suffering bad impacts and plights of terror acts and fighting triggered by external and internal instigations without rooting on the truth and conspiracy of some ethnic armed organizations. They evade from the scenes to the safer places, facing many difficulties in food, clothing, shelter, health and education and so on. Peace and development which were built in a long time ruined, and it is necessary to take an adequate time, man power and monetary assistance to regain the previous situation.

All life and property which lost in terror acts and armed conflicts in the country are valuable sources of the nation. Everybody needs to notice that the areas with lack of peace and stability will not have development and prosperity, and local ethnic people will face low socioeconomic life.

The State Administration Council is upholding Our Three Main National Causes: Non-disintegration of Union, Non-disintegration of national solidarity and perpetuation of sovereignty as the national concept. I would like to deeply express that we cannot totally accept any act harmful to the State firmly formed under the Constitution based on these three national duties.

Moreover, the door is always open to welcome them for peace of the State. I would like to reitreate that all ethnic organizations are always welcomed to join hands with the government in solving all difficulties in accord with the agreements of NCA without deploying the armed struggle line.

Only when all ethnic people including those from Kayin State make concerted efforts for ensuring peace and stability, rule of law and socioeconomic development for our country can Myanmar stand tall as a modern and developed nation among the global countries. Hence, I send a message in honour of the Kayin National New Year Day by urging all ethnic people to strive for minimizing fighting and unrests in their regions so as to ensuring peace and prosperority of the Union in unison in order to serve the interests of the State and the people.

**Senior General Thadoe Maha Thray Sithu**
**Thadoe Thiri Thudhamma Min Aung Hlaing**
**Prime Minister**
**Chairman, State Administration Council**

# Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# Chairman of State Administration Council Prime Minister Senior General Min Aung Hlaing receives ASEAN Chair's Special Envoy on Myanmar



Senior General Min Aung Hlaing receives ASEAN Chair's Special Envoy on Myanmar Mr. Alounkeo Kittikhoun.

**Nay Pyi Taw January 10**

Chairman of State Administration Council Prime Minister Senior General Min Aung Hlaing received ASEAN Chair's Special Envoy on Myanmar HE Mr. Alounkeo Kittikhoun at the Credentials Hall of SAC Chairman's Office in Nay Pyi Taw this morning.

At the meeting, they cordially discussed good friendship and cooperation between Laos and Myanmar, responsibilities of the State taken by the State Administration Council due to the occurrence of vote fraud in the 2020 multi-party democratic general election, act of armed violence without finding a political solution to political disagreements, efforts being made by the Government for ensuring peace and stability of the State and national reconciliation, the Tatmadaw's strong stand on ensuring the path of multi-party democracy that the people want, measures being taken by the State Administration Council for peace and stability and development of the State by laying down the Five-Point Roadmap, tasks being carried out by laying down the political objectives and national objectives, Myanmar's fully cooperation in humanitarian aid matters, tasks to be implemented as a priority when serving as the alternate chair of ASEAN in 2024, and actions taken by Myanmar on the ASEAN's 5-Point Consensus through being in balance with the roadmap laid down and being implemented by the State Administration Council.

After the meeting, the SAC Chairman Prime Minister and the ASEAN Chair's Special Envoy had a documentary group photo taken together with the attendees to the meeting.

Also present at the meeting with the SAC Chairman Prime Minister were Joint Secretary of SAC Lt-Gen Ye Win Oo, Deputy Prime Minister and Union Minister for Foreign Affairs U Than Swe and officials and with the ASEAN Chair's Special Envoy the Ambassador of Lao PDR to Myanmar and officials.

100

# Dedaye Township completes harvest of monsoon paddy

**Dedaye January 10**

Local farmers in Dedaye Township completed harvest of all 174,930 acres of monsoon paddy, said U Zaw Min Tun, Head of Township Agriculture Department.

Local farmers started cultivation of monsoon in the first week of November 2023. So far, all paddy plantations have been harvest. They yielded 68.02 baskets per acre.

"The township slated to grow 174,930 acres of monsoon paddy last year. So far, all plantations have been harvested thanks to collaborative efforts of relevant departments. The paddy has high yield with quality. Now, local farmers are making preparations for cultivation of summer paddy," he added.

Dedaye Township grew Emahta, Pawsan, Ayeyamin, Pakhan, Shwethweyin and GW11-GW1 paddy strains. These paddy have secured the firm market shares.

Kyaw Kyaw Lin



Paddy being threshed with machinery.

# Ngayokkaung harvests more than 9,000 acres of monsoon paddy

**Ngayokkaung January 10**

Ngayokaung of Ngaputaw Township in Ayeyawady Region has completed harvest of 9,614 acres of monsoon paddy, said U Tun Myo Thant, Head of the Ngaputaw Township Agriculture Department.

The township cultivated 14,023 acres of monsoon paddy. Such paddy fields are being harvested starting from the first week of November 2023. So far, local farmers have harvested 9,614 acres of monsoon paddy, yielding 82.87 baskets per acre.

"Our department provides assistance for local farmers with agricultural techniques, cent per cent cultivation of paddy, prevention of pests and snails. At present, our department contact relevant departments in the township to help local farmers successfully harvest remaining paddy fields," he added.

In Ngayokkaung, relevant departments are joining hands in lending a helping hand to local farmers for meeting the target cultivation of monsoon paddy and minimizing loss and waste in harvest. Kyaw Kyaw Lin



Paddy being harvested with the help of machinery.

# Philippines, Indonesia seek to strengthen cooperation for energy security

**Manila January 10**

The Philippines and Indonesia on Wednesday agreed to strengthen energy cooperation to safeguard energy security.

Energy ministers of the two countries signed a memorandum of understanding (MOU) on energy cooperation at the presidential palace in Manila, where Indonesian President Joko Widodo was received by his Philippine counterpart Ferdinand Romualdez Marcos.

Widodo arrived in Manila on Tuesday night for a three-day official visit.

The two sides agreed to facilitate cooperation between business sectors, particularly during critical supply constraints on energy commodities such as coal and liquefied natural gas.

The document will create a new synergy between the Philippines and Indonesia as the two countries work to achieve energy security, said Marcos, adding another bilateral MOU on science and technology "is nearing the completion phase as well."

Indonesia and the Philippines are the second and third globally regarding installed geothermal generation plants. Both are currently highly dependent on coal-fired power plants and seek an orderly transition to cleaner technologies.

The Philippines has been a dependable market for Indonesian coal, accounting for nearly 98 percent of total coal imports by the Philippines in 2022. However, the Indonesian government issued a coal export ban in 2022, forcing countries like the Philippines to scramble for alternative sources of coal and causing coal prices to spike. Xinhua

# Vice Chairman of State Administration Council Deputy Prime Minister Vice-Senior General Soe Win addresses work coordination meeting 1/2024 of Myanmar Special Economic Zone Central Committee


Vice-Senior General Soe Win delivers address at the work coordination meeting.

**Nay Pyi Taw January 10**

Myanmar Special Economic Zone Central Committee held work coordination meeting 1/2024 at Ministry of Commerce here this afternoon addressed by Chairman of the committee Vice Chairman of State Administration Council Deputy Prime Minister Vice-Senior General Soe Win.

Also present were member union minsters of the central committee, deputy ministers, management committee chairs of Thilawa, Kyaukphyu and Dawei SEZs, directors general and officials. Chief ministers of Yangon and Taninthayi regions and Rakhine State took part in the meeting through video conferencing.

The Vice-Senior General said in accord with one of the three economic objectives "To develop a stable market economy and promote international investment in order to enhance the economic development of the entire National people" adopted by SAC, SEZ-wise SOPs were systematically laid down and Myanmar SEZ Law 2014 was enacted in accord with the international procedures to practically carry out the functions through One Stop Services. In doing so, the current amount of investment at the zones must be maintained, and new investments must be invited through various means to provide support for national economic development in a way. Development of zones will also help MSMEs to achieve progress. Management committees were set up for further development of SEZs and they are responsible for the success of the relevant zones.

Thilawa SEZ must maintain its existing investments and inflow of new investments through multiple means and apply systematic and precise means based on One Stop Service. Of the three SEZs, Thilawa is gaining success. If compared with other countries, the number of SEZs in Myanmar is still low. Hence, committee members should strive for setting up new zones. Collective efforts are required to implement Kyaukphyu and Dwei SEZs. Thilawa SEZs is gaining ground to a certain degree in terms of local standard. Thanks to the systematic functions and quality of One Stop Service, it is a SEZ that is renowned in Southeast Asia.

The zone must maintain its current investments and invite new ones. The flow of investments depends on success of the zone as a promising zone will attract more investments. A total of 114 companies from 21 countries invested USD 2.1 billion in Thilawa SEZ till November 2013. The companies created 37,000 jobs for workers and 887 jobs for foreign technicians and workers in the first year. But the figures were still low. Based on the increase in investment more job opportunities will appear.

Looking at the export and import items from Thilawa SEZ, export items in November included garments, salmon, refined metal products, finished plastic products and five kinds of vehicle parts and import items included tractor parts for domestic use, other raw materials, goods for garments, aluminum raw materials and vehicle parts.

In exporting products by integrated MSMEs in the SEZ under the guidance of the central committee in November, MSMEs were able to export raw materials, local products and other items worth MMK 1.3 billion. This was the initial step and it is necessary to export more local raw materials and other products, to earn foreign currencies instead of MMK and to improve the quality of products.

Looking at the zones, there were 25 companies in the free zone as of November and 38 companies in the promotion zone. They imported goods worth MMK 89 billion and more than MMK 606 million customs duties, MMK 1.8 billion commercial tax and MMK 757 million advance tax were collected from them. As export volume stood at US$ 12.95 million and import volume amounted to US$ 42.567 million in November, trade volume totaled US$ 55.517 million. It can be seen that there was a gap between the export value and import value. Companies in the promotion zone are especially required to reduce foreign exchange spending as much as possible in accordance with the Myanmar Special Economic Zone Law (2014).

For electricity supply, it was learnt that discussions were held with three companies to utilize solar energy and they held talks with the Ministry of Electric Power. When electricity is generated from the solar energy and solar plants, electricity currently used in the zone can be supplied to other places in need. Therefore, concerted efforts must be made to generate electricity from solar energy in the SEZ.

Moreover, a new management committee for Kyaukphyu SEZ was formed in 2021, when the government took office. After forming the committee, necessary measures were taken with the aim of encouraging what should be, preventing what should not be and losses for the country. However, there were challenges during the two years due to the need for the committee to take a long time to hold negotiations thoroughly by placing emphasis on the interests of the country and other difficulties. Therefore, the central committee joined the negotiations later to get the Win-Win solution for both sides. After reporting to the head of state, the work committee was able to negotiate a deal and the addendum of the concession agreement for Kyaukphyu SEZ and deep seaport was signed on 26 December, 2023. After signing the addendum, the long stop date was extended for 18 months as of 26 December and if condition precedents can be made during the period step by step urgently, the project can be implemented as soon as possible.

When the project can be implemented, local residents will be able to enjoy job opportunities, which will nurture skilled workers, who will contribute to other SEZs. I would like to urge all to implement SEZ tasks successfully during the designated periods and appreciate the efforts of the central work committee chairman and experts who negotiated the deal in advance. The successful negotiations are the achievement of the central committee. Concerted efforts must be made to operate the SEZ as soon as possible and this amounts to implementing a project that will contribute a lot to economic development and friendship of the two countries.

The third project is Dawei SEZ Project. Although the project has been implemented since 2008, Italian-Thai Company cannot carry on its process due to various reasons. It faces more issued to be solved. But, due to political changes of Thailand, it was reported that the Dawei SEZ will be connected with the Thai government. At present, the Thai government is interested in Dawei SEZ project and managed reconnection. So, Myanmar needs to cooperate with them if necessary.

As policy of the current Thai government, the special economic zone is being established in eastern province of Thailand, and it may be connected with Dawei SEZ. On the other hand, Dawei SEZ Management Committee faces costs in selecting the new investors and needs to finish the Special Purpose Vehicle (SPV) measures without incomes as quickly as possible. This meeting, members of relevant management committees ned to openly submit the zonal processes to be implemented within six months and central committee members need to give suggestions.

Joint Secretary of the Central Committee Deputy Minister for Commerce U Min Min reported on accomplishments of the decisions of meeting 1/2023.

Secretary-1 of the central committee Union Minister at the State Administration Council Chairman's Office(2) U Aung Naing Oo and Secretary-2 Union Minister for Commerce U Tun Ohn reported on process of successfully implementing the Myanmar SEZs.

Union Minister for Investment and Foreign Economic Relations Secretary of the central committee and management committees of Thilawa, Kyaukpyu and Dawei SEZs sought the approvals for the letters to the central committee meeting.

Union ministers discussed suggestions and progress of SEZs in their respective sectors.

The Secretary of the central work committee sought the approval of the draft decisions of the meeting 1/2024.

The Vice-Senior General coordinated necessary measures for discussions and reports and the meeting concluded.

100

# Press release on terrorist attacks launched by MNDAA, TNLA and AA terrorist insurgent groups against religion delivered by SAC Information Team Leader Maj-Gen Zaw Min Tun


Photo shows the hill-top Pagoda.


A terrorist hammering the Pagoda.

I would like to wish for the health and well-being of all citizens of Myanmar and the rest of the world.

Today, I would like to inform the whole world about the actions of the terrorist insurgents who brutally insulted and destroyed Buddhism, which represents more than 80 percent of the people in Myanmar and more than 500 million worshipers in the world.

**All the people of the world and all the religious leaders,**

MNDAA Kokang terrorist insurgents are living in Myanmar, drinking the water of our Mother Land, and depending on the country for their livelihood. But at this time, they have rudely insulted and destroyed the most sacred stupa of our citizens and Buddhists of the world. On 8-1-2024, the MNDAA Kokang terrorist insurgents are insulting and vandalizing a stupa that is revered by the local people and Buddhists located on Sin Oo Kin hill (Point 2202) in the north of Hsiaw village in Laukkaing in Northern Shan State of Myanmar, where they invaded. This stupa is an Odeiktha Zedi, which is worshiped by every Buddhist on behalf of the Buddha in accordance with the teachings of the Buddha. All of us Buddhists are saddened and heart broken by their barbaric act. This is an insult not only to Buddhists in Myanmar, but also to all Buddhists in the world, including Thailand, Laos, Cambodia, Sri Lanka, India, China, as well as Tibet and Yunnan, which are close to Shat State of Myanmar. Similarly, on 4-12-2023, terrorist insurgents used drones to bomb the monastery in the temple of Standing Buddha in Muse, Shan State. These are the violence of 3 terrorist groups MNDAA, TNLA, and AA.

**All the people of the world and all the religious leaders**

In our Myanmar, the country where other religions are allowed to practice freely in addition to the four major religions of the world, namely Islam, Christianity, Hinduism, and Buddhism. The government and heads of state are continuously encouraging and praising people according to their religion.

**All the people of the world and all the religious leaders**

The basic teaching of all religions that we all believe in and worship is to love, be kind, and respect each other. I am presenting this so that the whole world can see the evil actions of the terrorist insurgents who are opposing these and to be able to contain them.

May all the people of the world be healthy, prosperous, and safe.


Photo shows the Pagoda destroyed by the terrorists.

## Ngaputaw Township harvests more than 17,0000 acres of monsoon paddy

**Ngaputaw January 10**

Head of Ngaputaw Township Agriculture Department U Tun Myo Thant said that local farmers have harvested 178,338 acres of monsoon paddy in Ngautaw Township of Ayeyawady Region.

The township slated to grow 204,122 acres of monsoon paddy. Starting from the first week of October last year, local farmers have harvested 178,338 acres of monsoon paddy.

"We targeted cultivation of 104,122 acres of monsoon paddy. So far, the whole township has harvested 178,338 acres. Staff of our department helped local farmers meet target cultivation of monsoon paddy and present pests as well as ensure high yield of paddy," he said.

Monsoon paddy yielded 85,64 baskets per acre in Ngaputaw Township. Local farmers are continuing harvest of 25,784 acres of remaining monsoon paddy plantation. Township departmental officials are joining hands with local farmers for harvesting of monsoon paddy.

Kyaw Kyaw Lin


Paddy being threshed with machinery in a rice field.

## More than 165,000 acres of monsoon paddy harvested in Myaungmya Township

**Myaungmya January 10**

Head of Myaungmya District Agriculture Department U Kyaw Moe Win said that Myaungmya Township of Ayeyawady Region has completed harvest of all 165,738 acres of monsoon paddy.

This year, the township targeted cultivation of 165,738 acres of monsoon paddy. Local farmers started harvest of monsoon in the first week of October and so far, they have completed all harvesting process.

"All sown acreage of monsoon has been harvested in the township. Local farmers systematically cooperated with departmental officials so as to meet the target cultivation," said the district head of department.

Paddy plantation yielded 90.54 baskets per acre this year. Local farmers used the most suitable paddy strains such as Theehtetyin, Thai Baykyar, GW-I and GW-II in monsoon cultivation.

Kyaw Kyaw Lin

☆ **ကျောဖုံးမှအဆက်**

ဗဟိုအဖွဲ့ဝင်များဖြစ်ကြသည့် ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ သီလဝါ၊ ကျောက်ဖြူနှင့် ထားဝယ်အထူးစီးပွားရေးဇုန်တို့မှ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌများ၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများတက်ရောက်ကြပြီး ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ရခိုင်ပြည်နယ်ဝန်ကြီးချုပ်တို့က ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ စီးပွားရေးဦးတည်ချက် သုံးရပ်အနက် ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကိုဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ရန် ဦးတည်ချက်ချမှတ်ထားပါကြောင်း၊ အဆိုပါဦးတည်ချက်ကို အောင်မြင်အောင် အကောင်အထည်ဖော်ဆောင်ရွက်ရန်အတွက် အထူးစီးပွားရေးဇုန်အလိုက် SOP များကို စနစ်တကျရေးဆွဲပြီး လက်တွေ့ကျကျ လုပ်ကိုင်နိုင်ရန် နိုင်ငံတကာ လုပ်ထုံးလုပ်နည်းများနှင့်အညီ မြန်မာအထူးစီးပွားရေးဇုန် ဥပဒေ ၂၀၁၄ ကို ထုတ်ပြန်ပြီး One Stop Service များနှင့် စီမံဆောင်ရွက်ရန် ရှိပါကြောင်း။

ထိုသို့ ဆောင်ရွက်ရာတွင် ဇုန်များတွင်ရှိပြီးသားဖြစ်သည့် ရင်းနှီးမြှုပ်နှံမှုများကို လျော့ကျမသွားအောင် ဆက်လက်ထိန်းသိမ်းဆောင်ရွက်သွားကြရန် လိုကြောင်း၊ အလားတူ တစ်ဖက်ကလည်း ရင်းနှီးမြှုပ်နှံမှုအသစ်များ ထပ်မံဝင်ရောက်လာနိုင်ရန်အတွက် နည်းလမ်းမျိုးစုံဖြင့် ဖိတ်ခေါ်ရမည်ဖြစ်ကြောင်း၊ သို့မှသာ နိုင်ငံတော်စီးပွားရေးကို တစ်ဖက်တစ်လမ်းမှ များစွာအထောက်အကူပြုနိုင်မည်ဖြစ်ကြောင်း၊ MSME လုပ်ငန်းများကလည်း ယင်းနှင့်ဆက်နွှယ်ပြီး လုပ်ငန်းများဖွံ့ဖြိုးတိုးတက် လာမည်ဖြစ်ကြောင်း၊ အထူးစီးပွားရေးဇုန်များကို ယခုထက်ပိုမိုကောင်းမွန်အောင် ဦးဆောင်နိုင်ရန်အတွက် သက်ဆိုင်ရာစီမံခန့်ခွဲရေးကော်မတီများအလိုက် ဖွဲ့စည်းပေးထားသည်များရှိပါကြောင်း၊ ယင်းအပေါ်တွင်လည်း စီမံခန့်ခွဲရေးကော်မတီများက မိမိတို့ဇုန်အလိုက် အထူးစီးပွားရေးဇုန်များ အောင်မြင်အောင် ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

သီလဝါအထူးစီးပွားရေးဇုန် အနေဖြင့် ယခုထက်ပို၍ ထိထိရောက်ရောက်ရှိပြီးသားရင်းနှီးမြှုပ်နှံမှုများနှင့် အသစ်ရင်းနှီးမြှုပ်နှံမှုများ လျော့ကျမသွားအောင် နည်းမျိုးစုံဖြင့်ထိန်းသိမ်းပြီး တိကျသေချာစနစ်ကျသည့်လုပ်ငန်းအဖြစ် ယင်းတွင်ရှိသည့်လုပ်ငန်းများကို One Stop Service ဆောင်ရွက်ပေးမှုအပေါ်မူတည်၍ ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊လက်ရှိမြန်မာနိုင်ငံတွင် စီးပွားရေးဇုန်သုံးခု အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း၊ လက်ရှိအနေဖြင့် အထူးစီးပွားရေးဇုန် သုံးခုအနက် သီလဝါအထူးစီးပွားရေးဇုန်သည် အောင်မြင်စွာဖြင့် ချီတက်နေပါကြောင်း၊ အောင်မြင်စွာ ချီတက်နေသည့် နေရာတွင်လည်း မိမိနိုင်ငံအတွင်းတွင်ရှိသည့် အနေအထားကို ပြောရခြင်းဖြစ်ပါကြောင်း၊ နိုင်ငံတကာနှင့်ယှဉ်ပါက မိမိတို့အထူးစီးပွားရေးဇုန်များ၏ အရေအတွက်မှာ အင်မတန်နည်းနေပါကြောင်း၊ ယင်းကိစ္စကိုလည်း ကော်မတီအဖွဲ့ဝင်များအားလုံးက မှတ်သားထားပြီး ယခုထက်အထူးစီးပွားရေးဇုန်များ ပေါ်ထွက်လာအောင် ဆောင်ရွက်ရမည်ဖြစ်ကြောင်း။

ကျောက်ဖြူ အထူးစီးပွားရေးဇုန်နှင့် ထားဝယ်အထူးစီးပွားရေးဇုန် နှစ်ခုကို အမြန်ဆုံးအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် အားလုံးဝိုင်းဝန်းပြီးကြိုးပမ်းဆောင်ရွက်သွားကြရမည် ဖြစ်ကြောင်း၊ သီလဝါ အထူးစီးပွားရေးဇုန်အနေဖြင့် လုပ်ငန်းများကို မြန်မာနိုင်ငံ၏ အတိုင်းအတာအရ ဆောင်ရွက်နိုင်သည့်အတွက် အောင်မြင်သင့်သမျှ အောင်မြင်ပါကြောင်း၊ အထူးစီးပွားရေးဇုန်အတွင်း လုပ်ငန်းများဆောင်ရွက်မှုအစီအစဉ်စနစ်ကျနမှု၊ ဝန်ထမ်းများ၏ One Stop Service အရည်အသွေးကောင်းမွန်မှုနှင့် တာဝန်ကျေပွန်စွာ ထမ်းဆောင်မှုတို့ကြောင့် အရှေ့တောင်အာရှအတွင်း နာမည်ရသည့် အထူးစီးပွားရေးဇုန်တစ်ခုဖြစ်ပါကြောင်း။

**နိုဝင်ဘာလအတွင်းတွင် MSME လုပ်ငန်းများ၏ကုန်ကြမ်းပစ္စည်းနှင့် ပြည်တွင်းထုတ်ကုန်များ၏ အခြားသောပစ္စည်းများတင်သွင်းမှုသည် မြန်မာကျပ် ငွေ ၁ ဒသမ ၃ ဘီလီယံကျော်တင်ပို့နိုင်ခဲ့၊ ယခုထက်ပို၍ MSME လုပ်ငန်းကထွက်ရှိသည့် ပြည်တွင်းထုတ်ကုန် ကုန်ကြမ်းများနှင့် အခြားသောပစ္စည်းများကို ယခုထက်တင်ပို့နိုင်ရန်နှင့် မြန်မာကျပ်ငွေအစား နိုင်ငံခြားငွေရရှိရန် မိမိတို့၏ထုတ်ကုန်အရည်အသွေးပိုမိုပြီးကောင်းအောင် ဆက်လက်လုပ်ဆောင်သွားကြရမည်ဖြစ်. . .**

ယင်းစီးပွားရေးဇုန်ကိုလည်း လက်ရှိရင်းနှီးမြှုပ်နှံမှုရှိပြီးသားထဲမှ လျော့ကျမသွားအောင် ထိန်းသိမ်းကြရမည်ဖြစ်ကြောင်း၊ ရင်းနှီးမြှုပ်နှံမှုများ ပိုမိုတိုးတက်အောင် ဖိတ်ခေါ်ရမည်ဖြစ်ကြောင်း၊ ဖိတ်ခေါ်ရာတွင်လည်း တစ်ဖက်မှာရှိသည့်အောင်မြင်မှုအတိုင်းအတာအပေါ်မူတည်၍ အောင်မြင်မှုရှိပြီး လုပ်သာကိုင်သာရှိမှသာ လာရောက်ရင်းနှီးမြှုပ်နှံမှုများ ရှိမည်ဖြစ်ကြောင်း။

သီလဝါ အထူးစီးပွားရေးဇုန်တွင် ၂၀၁၃ ခုနှစ် နိုဝင်ဘာလအထိ ရင်းနှီးမြှုပ်နှံမှုနိုင်ငံပေါင်း ၂၁ နိုင်ငံ၊ ကုမ္ပဏီပေါင်း ၁၁၄ ခု၊ ရင်းနှီးမြှုပ်နှံမှု အမေရိကန်ဒေါ်လာ ၂ ဒသမ ၁ ဘီလီယံ ရှိပါကြောင်း၊ ယင်းကုမ္ပဏီများ၏ ပထမတစ်နှစ်တာ အလုပ်အကိုင်ဖန်တီးနိုင်မှု ခန့်မှန်းခြေ အလုပ်သမားဦးရေ ၃၇၀၀၀ ကျော်နှင့် ပြည်ပပညာရှင်၊ ပြည်ပအလုပ်သမား ၈၈၇ ဦး ဖြစ်ပါကြောင်း၊ သို့သော်လည်း အလုပ်အကိုင်ဖန်တီးနိုင်မှု အရေအတွက် နည်းနေပါကြောင်း၊ တစ်ဖက်ကလည်း ရင်းနှီးမြှုပ်နှံမှုများ အသစ်ထပ်မံတိုးပွားလာမှုအပေါ်မူတည်ပြီး ပညာရှင်များနှင့်အလုပ်သမားများ အလုပ်အကိုင်ရရှိရေး ပိုမိုရရှိလာမည်ဖြစ်ကြောင်း။

သီလဝါအထူးစီးပွားရေးဇုန်၏ ပို့ကုန်၊ သွင်းကုန်ကိုကြည့်ပါက နိုဝင်ဘာလအတွင်း ပြည်ပသို့တင်ပို့သည့် ကုန်စည်အမျိုးအစားများသည် အဝတ်အထည်၊ ဆော်လမွန်ငါး၊ သန့်စင်ပြီး သတ္တုပစ္စည်းများ၊ ပလတ်စတစ်ကုန်ချောစစ်ပစ္စည်းနှင့် မော်တော်ယာဉ်အပိုပစ္စည်း ငါးမျိုးတို့ဖြစ်ကြောင်း၊ သွင်းသည့်ကုန်စည်များသည် ပြည်တွင်းတွင်သုံးသည့် လယ်ထွန်စက်အပိုကုန်ပစ္စည်းများ၊ အခြားကုန်ကြမ်းပစ္စည်းများ၊ အဝတ်အထည်ချုပ်ကုန်ပစ္စည်းများ၊ အလူမီနီယံ ကုန်ကြမ်းပစ္စည်းများနှင့် မော်တော်ယာဉ်ပစ္စည်းဖြစ်သည်ကိုတွေ့ရကြောင်း၊ ယင်းထဲတွင် ဗဟိုကော်မတီမှလမ်းညွှန်ခဲ့သည့် သီလဝါအထူးစီးပွားရေးဇုန်ကိုလည်း ပြည်တွင်းမှာရှိသည့် MSME လုပ်ငန်းများက ပေါင်းစပ်ပြီး ထုတ်ကုန်များကို ပြည်ပသို့တင်သွင်းရာတွင် **နိုဝင်ဘာလအတွင်းတွင် MSME လုပ်ငန်းများ၏ ကုန်ကြမ်းပစ္စည်းနှင့် ပြည်တွင်းထုတ်ကုန်များ၏ အခြားသောပစ္စည်းများ တင်သွင်းမှုသည် မြန်မာကျပ်ငွေ ၁ ဒသမ ၃ ဘီလီယံကျော်တင်ပို့နိုင်ခဲ့**ပါကြောင်း၊ ယင်းသည် ခြေလှမ်းအစဖြစ်ပြီး **ယခုထက်ပို၍ MSME လုပ်ငန်းကထွက်ရှိသည့် ပြည်တွင်းထုတ်ကုန် ကုန်ကြမ်းများနှင့် အခြားသောပစ္စည်းများကို ယခုထက်တင်ပို့နိုင်ရန်နှင့် မြန်မာကျပ်ငွေအစား နိုင်ငံခြားငွေရရှိရန် မိမိတို့၏ ထုတ်ကုန်အရည်အသွေးပိုမိုပြီး ကောင်းအောင် ဆက်လက် လုပ်ဆောင်သွားကြရမည်ဖြစ်**ကြောင်း။

ဇုန်အလိုက် ကြည့်မည်ဆိုပါက Free Zone တွင် နိုဝင်ဘာလအထိ ကုမ္ပဏီ ၅၃ ခုရှိပြီး Promotion Zone တွင် ကုမ္ပဏီ ၃၈ ခု ရှိပါကြောင်း၊ ယင်းတို့မှ တင်သွင်းသည့်တန်ဖိုးပမာဏမှာ ကျပ်သန်းပေါင်း ၈၉ ဘီလီယံကျော်ရှိပြီး အကောက်အခွန်ရရှိသည့် ငွေမှာလည်း ၆၀၆ သန်းကျော်၊ ကုန်သွယ်လုပ်ငန်း အခွန်ဝင်ငွေမှာ ၁ ဒသမ ၈ ဘီလီယံ၊ ကြိုတင်ဝင်ငွေခွန်က ကျပ်သန်းပေါင်း ၇၅၇ သန်း ရှိပါကြောင်း၊ အားလုံးကို ခြုံကြည့်ပါက နိုဝင်ဘာလအတွင်း ပို့ကုန်ပမာဏမှာ အမေရိကန်ဒေါ်လာ ၁၂ ဒသမ ၉၅ သန်းဖြစ်ပြီး သွင်းကုန်ပမာဏမှာ အမေရိကန်ဒေါ်လာ ၄၂ ဒသမ ၅၆၇ သန်းဖြစ်သည့်အတွက် ကုန်သွယ်မှုပမာဏ နှစ်ခုပေါင်း အမေရိကန်ဒေါ်လာ ၅၅ ဒသမ ၅၁၇ သန်းဖြစ်ပါကြောင်း၊ ယင်းကိုကြည့်ပါက ပို့ကုန်တန်ဖိုးနှင့် သွင်းကုန်တန်ဖိုး ကွာဟချက်များနေသည်ကိုတွေ့ရကြောင်း၊ အထူးသဖြင့် Promotion Zone တွင်ရှိနေသည့် ကုမ္ပဏီများသည် ၂၀၁၄ခုနှစ် မြန်မာအထူးစီးပွားရေးဇုန်ဥပဒေတွင် ပါဝင်သည်များနှင့် မလွတ်အောင် ဥပဒေဘောင်အတွင်းမှ ဆောင်ရွက်ပါက အတတ်နိုင်ဆုံး ပြည်တွင်းတွင် နိုင်ငံခြားသုံးငွေကို လျော့နည်းသွားအောင် ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

လျှပ်စစ်ကိစ္စနှင့် ပတ်သက်၍ ဆိုလာစနစ်ဖြင့် အသုံးပြုရန်ကုမ္ပဏီသုံးခု ဆွေးနွေးခဲ့ပြီး လျှပ်စစ်စွမ်းအားဝန်ကြီးဌာနသို့ ဆိုလာနှင့်ပတ်သက်၍ လာရောက်ဆွေးနွေးခဲ့သည်ကို သိရှိရကြောင်း၊ Solar Power နှင့် Solar Plant တို့မှ လျှပ်စစ်ဓာတ်အားရရှိပါကလည်း ဇုန်အတွင်းမှုလသုံးစွဲရမည့် လျှပ်စစ်ဓာတ်အားကို အခြားလိုအပ်သည့်နေရာတွင် သုံးစွဲနိုင်မည်ဖြစ်သည့်အတွက် သီလဝါအထူးစီးပွားရေးဇုန်အတွင်း ဆိုလာလျှပ်စစ်မီးရရှိရေးအတွက် ဝိုင်းဝန်းအားပေး ဆောင်ရွက်ပေးကြရန် လိုကြောင်း။

ဆက်လက်၍ ကျောက်ဖြူအထူးစီးပွားရေးဇုန်ကို ၂၀၂၁ ခုနှစ် မိမိတို့အစိုးရတာဝန်ယူခဲ့သည့် အချိန်တွင်စီမံခန့်ခွဲမှုကော်မတီကို အသစ်ပြန်လည်ဖွဲ့စည်းခဲ့ပါကြောင်း၊ ဖွဲ့စည်းပြီးသည့်အခါတွင်လည်း ဖြစ်သင့်ဖြစ်ထိုက်သည်များ ဖြစ်အောင်၊ မဖြစ်သင့်မဖြစ်ထိုက်သည်များ မဖြစ်အောင်၊ နိုင်ငံအတွက် နစ်နာမှုမရှိအောင် ရည်ရွယ်ပြီး စိစစ်ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ သို့သော်လည်း နောက်ပိုင်းတွင် ညှိနှိုင်းမည့် စီမံခန့်ခွဲမှုကော်မတီက နိုင်ငံတော်အကျိုးစီးပွားကို အဓိကထားပြီး တင်းကျပ်စွာ ညှိနှိုင်းဆောင်ရွက်သည့်အတွက် မကြာသင့်သည့် အချိန်နှင့် အဆင်မပြေမှုများကြောင့် နှစ်နှစ်တာကာလအတွင်း အခက်အခဲများ တွေ့ကြုံခဲ့ရပါကြောင်း၊ထို့ကြောင့် နောက်ပိုင်းတွင် ဗဟိုကော်မတီအဆင့်က ဝိုင်းဝန်းဆွေးနွေးပြီး နှစ်ဖက် Win-Win Solution ဖြစ်အောင် ညှိနှိုင်းဆောင်ရွက်ကာ နိုင်ငံတော်အကြီးအကဲကိုလည်း တင်ပြခဲ့ပြီးနောက် လုပ်ငန်းကော်မတီဦးဆောင်၍ နှစ်ဖက်ညှိနှိုင်း ဆောင်ရွက်ခဲ့မှုကြောင့် ၂၀၂၃ ခုနှစ် ဒီဇင်ဘာ ၂၆ ရက်တွင် ကျောက်ဖြူ အထူးစီးပွားရေးဇုန်ရေနက်စီမံကိန်းလုပ်ကိုင်ခွင့် သဘောတူစာချုပ်၏ နောက်ဆက်တွဲစာချုပ်ကို လက်မှတ်ရေးထိုးနိုင်ခဲ့ပါကြောင်း၊ လက်မှတ်ရေးထိုးပြီးသည့်နောက်ပိုင်းတွင်လည်း Long Stop Date ဒီဇင်ဘာ ၂၆ ရက်မှစ၍ ၁၈ လတာကာလ ထပ်မံသက်တမ်းတိုးခဲ့ရာ အဆိုပါကာလအတွင်း လုပ်ဆောင်ရမည့် Condition Precedent များကို တစ်ဆင့်ပြီးတစ်ဆင့် မြန်မြန်ဆန်ဆန်ဖြင့် ဆောင်ရွက်မည်ဆိုပါက အမြန်ဆုံး ကျောက်ဖြူစီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း။

အဆိုပါ စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်နိုင်ပါက ဒေသခံများအလုပ်အကိုင်အခွင့်အလမ်းများပိုမိုရရှိပြီး ထို့မှတစ်ဆင့် ကျွမ်းကျင်လုပ်သားများပေါ်ထွက်လာကာ ကျန်စီးပွားရေးဇုန်များကို အထောက်အကူပြုနိုင် မည်ဖြစ်ကြောင်း၊ ထို့ကြောင့် အထူးစီးပွားရေးဇုန်နှင့်ပတ်သက်၍ သတ်မှတ်ထားသည့် ကာလအလိုက် အောင်မြင်အောင် အကောင်အထည်ဖော်ဆောင်ရွက်သွားကြရန် တိုက်တွန်းမှာကြားလိုကြောင်း၊ ညှိနှိုင်းမှုများကို နှီးဆော်တာဝန်ယူပေးသည့် ဗဟိုလုပ်ငန်းအဖွဲ့ဥက္ကဋ္ဌနှင့် ကြိုတင်ညှိနှိုင်းဆွေးနွေးခဲ့ကြသည့် ကျွမ်းကျင်ပညာရှင်များ၏ ကြိုးပမ်းဆောင်ရွက်မှုများကို အသိအမှတ်ပြုပါကြောင်း၊ ထိုသို့ အောင်မြင်အောင်ညှိနှိုင်းမှုများ ဆောင်ရွက်နိုင်ခဲ့ခြင်းသည် မိမိတို့ဗဟိုကော်မတီ၏ အောင်မြင်မှုတစ်ခုပင်ဖြစ်ကြောင်းနှင့် ကျောက်ဖြူအထူးစီးပွားရေးဇုန် အမြန်ဆုံးစတင်လုပ်ငန်းလည်ပတ်နိုင်ရေးအတွက် အားလုံးဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ထိုသို့ ဆောင်ရွက်ခြင်းသည် နှစ်နိုင်ငံချစ်ကြည်ရေးကိုရေးရှု၍ နှစ်နိုင်ငံစီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးအတွက်များစွာ အထောက်အကူပြုသည့် စီမံကိန်းတစ်ခုဖြစ်ပါကြောင်း။

တတိယစီမံကိန်းမှာ ထားဝယ်အထူးစီးပွားရေးဇုန်စီမံကိန်းဖြစ်ပြီး ၂၀၀၈ ခုနှစ်ကတည်းက အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သော်လည်း အကြောင်းအမျိုးမျိုးကြောင့် တာဝန်ပေးထားသည့် အီတာလျံ-ထိုင်းကုမ္ပဏီက ရှေ့ဆက်မတိုးနိုင်ဘဲ လုပ်ငန်းရပ်စဲထားခဲ့ပါကြောင်း၊ ဆက်လက်ပြီး ဖြေရှင်းဆောင်ရွက်ရမည့် အနေအထားများလည်းရှိပါကြောင်း၊ သို့သော်လည်း ထိုင်းနိုင်ငံ၏ နိုင်ငံရေးအပြောင်းအလဲကြောင့် ထားဝယ်အထူးစီးပွားရေးဇုန်ကို ထိုင်းနိုင်ငံအစိုးရနှင့် ချိတ်ဆက်ဆောင်ရွက်နိုင်ရန် အစီအစဉ်ရှိနေသည်ကို သိရပါကြောင်း၊ လက်ရှိထိုင်းအစိုးရအနေဖြင့် ထားဝယ် အထူးစီးပွားရေးဇုန်ကိစ္စကို စိတ်ဝင်စားပြီး ပြန်လည်ဆက်သွယ်လာသည့် အနေအထားများရှိသည့်အတွက် ယင်းအပေါ်တွင် မိမိတို့အနေဖြင့် လိုအပ်သလို ပူးပေါင်းဆောင်ရွက်သွားရန်လိုကြောင်း။

ထိုင်းနိုင်ငံ၏ လက်ရှိအစိုးရမူဝါဒအနေဖြင့် ထိုင်းနိုင်ငံအရှေ့ပိုင်းပြည်နယ်တွင် အထူးစီးပွားရေးဇုန် တည်ထောင်ပြီး အရှေ့စီးပွားရေးစင်္ကြံ (Eastern Economic Corridor)ကို အကောင်အထည်ဖော်ဆောင်ရွက်နေပြီး ထားဝယ်အထူးစီးပွားရေးဇုန် စီမံကိန်းနှင့် ချိတ်ဆက်ဆောင်ရွက်နိုင်မည်ဟု ယူဆပါကြောင်း၊ တစ်ဖက်တွင်လည်း ထားဝယ်အထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီအနေဖြင့် ရင်းနှီးတည်ဆောက်သူအသစ် ရွေးချယ်၍ ကုန်ကျစရိတ်များသာရှိပြီး ဝင်ငွေမရှိသည့် Special Purpose Vehicle (SPV) ဖျက်သိမ်းရေး ကိစ္စရပ်များကို အမြန်ဆုံးပြီးပြတ်အောင် ဆောင်ရွက်ရန်ဖြစ်ကြောင်း၊ ယနေ့အစည်းအဝေးတွင် ခြောက်လတာကာလအတွင်း ရှေ့ဆက်ဆောင်ရွက်သွားမည့်ဇုန်အလိုက် လုပ်ငန်းစဉ်များကို သက်ဆိုင်ရာစီမံခန့်ခွဲမှု ကော်မတီများက ပွင့်ပွင့်လင်းလင်းတင်ပြပြီး ဗဟိုကော်မတီဝင်များကလည်း ဝိုင်းဝန်းအကြံပြု ဆွေးနွေးကြရန်လိုကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာဗဟိုအဖွဲ့ တွဲဖက်အတွင်းရေးမှူး စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမင်းမင်းက မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာ ဗဟိုအဖွဲ့ (၁/၂၀၂၃)ကြိမ်မြောက် အစည်းအဝေးဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ထားမှုအခြေအနေများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် မြန်မာနိုင်ငံအထူးစီးပွားရေးဇုန်ဆိုင်ရာ ဗဟိုအဖွဲ့အတွင်းရေးမှူး(၁) နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံးဝန်ကြီးဌာန(၂) ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦးနှင့် အတွင်းရေးမှူး(၂)

**စာမျက်နှာ ၁၉ သို့**

**ရှေ့ဖုံးမှအဆက်**

ကမ္ဘာပေါ်ရှိလူမျိုးအသီးသီးတို့သည် ရှေးပဝေသဏီကပင် မိမိတို့ဆိုင်ရာလူမျိုးအလိုက်စုပေါင်း၍ ရေကြည်ရာမြက်နုရာဒေသများသို့ အဆင့်ဆင့်ရွှေ့ပြောင်းနေထိုင်အခြေချခဲ့ကြသည်။ ကရင်လူမျိုးတို့သည် ဘီစီ ၇၃၉ ခုနှစ်၌ မြန်မာနိုင်ငံအတွင်းသို့ ရောက်ရှိအခြေချနေထိုင်လာခဲ့ခြင်းကြောင့် ကရင်အမျိုးသားများစတင်ရောက်ရှိခဲ့သည့် ဘီစီ ၇၃၉ ခုနှစ်ကို အခြေခံပြီးတွက်ချက်လာခဲ့ကြရာ ယခုနှစ်သည် ကရင်သက္ကရာဇ် ၂၇၆၃ ခုနှစ်ဖြစ်ပါသည်။

ယခုနှစ်တွင်ကျရောက်သည့် ကရင်သက္ကရာဇ် ၂၇၆၃ ခုနှစ် သလေး (စကောကရင်) ၁ ရက်နေ့နှင့် ထိုင်ခေါက်ဖို(ပိုးကရင်) ၁ရက်နေ့သည် ကရင်တိုင်းရင်းသားတို့၏ ကရင်အမျိုးသားနှစ်သစ်ကူးနေ့ဖြစ်ပါသည်။ မြန်မာသက္ကရာဇ်အရဆိုပါက ၁၃၈၅ ခုနှစ် ပြာသိုလဆန်း ၁ ရက်ဖြစ်ပါသည်။ ကရင်နှစ်သစ်ကူးနေ့ကို နိုင်ငံတော်အစိုးရက မြန်မာတစ်နိုင်ငံလုံး တရားဝင်ရုံးပိတ်ရက်အဖြစ် ဂုဏ်ပြုသတ်မှတ်ပေးထားပါသည်။

**ချစ်ခင်လေးစားအပ်ပါသော တိုင်းရင်းသားမိဘပြည်သူ ညီအစ်ကို မောင်နှမများခင်ဗျာ–**

ကရင်အမျိုးသားဆိုသည်မှာ လူမျိုးတစ်ခုတည်း၏ အမျိုးဇာတိ၊ ဘာသာအယူဝါဒ၊ ယုံကြည်ကိုးကွယ်မှုတို့နှင့်မသက်ဆိုင်ဘဲ အားလုံးသော ကရင်မျိုးနွယ်များ၊ မျိုးနွယ်စုများ၊ မိသားစုဝင်အနွယ်တူလူမျိုးများ အားလုံးကို စုပေါင်း၍ခေါ်ဆိုခြင်းဖြစ်ပါသည်။ ကရင်မျိုးနွယ်စု ၁၁ မျိုးရှိပြီး ၎င်းတို့မှာကရင်လူမျိုး၊ ကရင်ဖြူလူမျိုး (ဂေဘားကရင်)၊ ပလေကီးလူမျိုး(ပလေချီး)၊ မွန်ကရင်လူမျိုး(စာဖြူ) (အရှေ့ပိုးကရင်)၊ စကောကရင်လူမျိုး၊ တလေ့ပွာလူမျိုး(တလေ့ပွား)၊ ပကူးလူမျိုး၊ ဘွဲ့လူမျိုး၊ မောနေပွားလူမျိုး၊ မိုးပွလူမျိုး(မိုးပွား)၊ ပိုးကရင်လူမျိုး(ရှူ) (အနောက်ပိုးကရင်)တို့ဖြစ်သည်ကို တွေ့ရှိရပါသည်။ ကရင်လူမျိုးများတွင် စကောကရင်နှင့်ပိုးကရင်ဟူ၍ အဓိကလူမျိုးစုကြီးနှစ်စုရှိပြီး ယဉ်ကျေးမှုဓလေ့စရိုက်နှင့် အသုံးပြုသော ဘာသာစကားတွင် ကွဲပြားခြားနားမှုရှိသည်ကို တွေ့ရှိရပါသည်။

ကရင်တိုင်းရင်းသားများသည် မြန်မာတိုင်းရင်းသားများဖြစ်သည်နှင့်အညီ ကရင်ပြည်နယ်နှင့် မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် နေထိုင်ခဲ့ကြပါသည်။ အထူးသဖြင့် မွန်ပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးတို့တွင် ပျံ့နှံ့နေထိုင်လျက်ရှိကြပါသည်။ သမိုင်းတစ်လျှောက် မြန်မာနိုင်ငံအနှံ့ တိုင်းရင်းသားအားလုံးနှင့် အေးအတူပူအမျှ စည်းလုံးညီညွတ်စွာအတူယှဉ်တွဲနေထိုင်ခဲ့ကြပါသည်။ ထို့မျှသာမက မိမိတို့နိုင်ငံသူကျွန်လက်အောက် ကျရောက်ခဲ့စဉ်ကလည်း နိုင်ငံလွတ်လပ်ရေးအတွက် မျိုးချစ်စိတ်၊ တိုင်းချစ်ပြည်ချစ်စိတ်၊ နိုင်ငံချစ်စိတ်အပြည့်ဖြင့် တိုင်းရင်းသားအားလုံးနှင့်အတူ အသက်၊ သွေး၊ ချွေးစတေး၍ တိုက်ပွဲဝင်ခဲ့ကြသည်မှာ လေးစားဂုဏ်ယူဖွယ်ရာဖြစ်ပါသည်။

ကရင်ပြည်နယ်၏ အထင်ကရနေရာအမှတ်အသားသည် ဇွဲကပင်တောင်ဖြစ်သကဲ့သို့ ကရင်တိုင်းရင်းသားတို့၏ ကိုယ်စားပြုယဉ်ကျေးမှုသင်္ကေတမှာ ဖားစည်နှင့်ကျွဲချိုဖြစ်ပါသည်။ ကရင်မျိုးနွယ်စုအားလုံးတို့သည် နှစ်သစ်ကူးပွဲ၊ အိမ်သစ်တက်ပွဲ၊ ကောက်သစ်စားပွဲ၊ လိပ်ပြာခေါ်ပွဲ၊ ဝါခေါင်လချည်ဖြူပွဲ၊ မင်္ဂလာပွဲတော်စသည့် ဘာသာရေးဆိုင်ရာနှင့်ရိုးရာပွဲတော်များကို သတ်မှတ်ကာလအလိုက် ပြုလုပ်ကျင်းပကြပါသည်။ထို့ပြင် ကရင်လူမျိုးတို့၏ ကရင်ဒုံးအကသည် မြူးကြွသွက်လက်၍ လူကြိုက်များသောအကဖြစ်ပြီး ပြည်တွင်း၌သာမက ကမ္ဘာအနှံ့အထိပျံ့နှံ့ကာ နိုင်ငံတကာက စိတ်ဝင်စားနှစ်ခြိုက်မြတ်နိုးကြသည့် မိမိတို့တိုင်းရင်းသားကိုယ်ပိုင်ယဉ်ကျေးမှုအကတစ်ခုဖြစ်ပါသည်။

**မြန်မာနိုင်ငံအတွင်းနေထိုင်ကြသည့် ကရင်တိုင်းရင်းသားများနှင့် အနယ်နယ်အရပ်ရပ်ရှိ ကရင်တိုင်းရင်းသား ညီအစ်ကိုမောင်နှမများ အားလုံးအနေဖြင့် စည်းလုံးညီညွတ်ခြင်းများနှင့်အတူ ရိုးရာယဉ်ကျေးမှု ဓလေ့ထုံးတမ်းများကို သားစဉ်မြေးဆက် လက်ဆင့်ကမ်းထိန်းသိမ်း စောင့်ရှောက်သွားကြရမည်ဖြစ်**ပါသည်။ **တိုင်းရင်းသားအားလုံးတို့သည် မိမိတို့၏ကောင်းမြတ်သော အစဉ်အလာများကို အစဉ်အမြဲထိန်းသိမ်း စောင့်ရှောက်သွားမည်ဆိုပါက ပြည်ထောင်စုကြီး စည်းလုံးညီညွတ်စွာဖြင့် အရှည်တည်တံ့ခိုင်မြဲနေမည်ဖြစ်**ပါသည်။

ထို့ကြောင့် ကရင်တိုင်းရင်းသားများအနေဖြင့် မိမိတို့၏ တိုင်းရင်းသားစာပေ၊ ဘာသာစကား၊ ယဉ်ကျေးမှု၊ အနုပညာ၊ ရိုးရာဓလေ့ထုံးတမ်း၊ သမိုင်းအမွေအနှစ်များ ဘိုးဘွားဘီဘင် အစဉ်အဆက်လက်ဆင့်ကမ်းထိန်းသိမ်းလာခဲ့ကြသကဲ့သို့ ရိုးသားမှု၊ ကြိုးစားမှု၊ သစ္စာရှိမှု၊ တိကျပြတ်သားစွာ ဆောင်ရွက်တတ်မှု စသည့်အစဉ်အလာကောင်းများကို နောင်အနာဂတ် တိုင်းရင်းသားလူငယ်မျိုးဆက်သစ်များက ဆက်လက်ထိန်းသိမ်းဆောင်ရွက်သွားကြရန် တိုက်တွန်းလိုပါသည်။

**ချစ်ခင်လေးစားအပ်ပါသော တိုင်းရင်းသားမိဘပြည်သူ ညီအစ်ကို မောင်နှမများခင်ဗျာ–**

မိမိတို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် တိုင်းရင်းသားပြည်သူများ၏ဆန္ဒနှင့်အညီ ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကြီးတည်ဆောက်ရေးအတွက် ရည်မှန်းချက်များနှင့် ရှေ့လုပ်ငန်းစဉ် (၅)ရပ်၊ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဦးတည်ချက်(၉)ရပ်တို့ကို ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများနှင့် ဝန်ကြီးဌာနများနှင့်အတူ ဒေသအလိုက် အကောင်အထည်ဖော်ဆောင်ရွက်ရသော တိုင်းဒေသကြီး၊ ပြည်နယ်နှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအစိုးရအဖွဲ့များက ရည်မှန်းချက်များအောင်မြင်ရေး အလေးထားအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။

မိမိတို့နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များနှင့် ဒေသခံတိုင်းရင်းသားပြည်သူများအားလုံး ပူးပေါင်း၍ ညီညီညွတ်ညွတ် ဆောင်ရွက်သွားကြရမည်ဖြစ်ပါသည်။ နိုင်ငံတော်အနေဖြင့် ပြည်သူများအတွက် တည်ငြိမ်အေးချမ်းရေးနှင့်အဘက်ဘက်မှ ဖွံ့ဖြိုးတိုးတက်စေရေး ဆောင်ရွက်ပေးလျက်ရှိသကဲ့သို့ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်စေရန် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်

> **မိမိတို့နိုင်ငံအတွက် လိုအပ်လျက်ရှိသော တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေး နှင့် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် ကရင်ပြည်နယ်အပါအဝင် တိုင်းရင်းသားပြည်သူ အားလုံးက ဝိုင်းဝန်းအကောင်အထည်ဖော်ဆောင်ရွက်နိုင်မှသာလျှင် ခေတ်မီဖွံ့ဖြိုးတိုးတက် သည့်နိုင်ငံအဖြစ် ကမ္ဘာ့အလယ်တွင် ရပ်တည်နိုင်မည်ဖြစ် . . .**

သော စိုက်ပျိုး၊ မွေးမြူရေးကို ဦးစားပေးဆောင်ရွက်ပေးလျက်ရှိပါသည်။ ၎င်းမှတစ်ဆင့် ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်လာစေရန် ကြိုးပမ်းအကောင်အထည်ဖော်လျက်ရှိပါသည်။

၎င်းအပြင် **နိုင်ငံနှင့်ပြည်သူလူထုအတွက်အကျိုးရှိပြီး ရေရှည်အာမခံချက်ရှိသော စိုက်ပျိုး၊ မွေးမြူရေးလုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံနိုင်ပါက လုပ်ငန်းရှင်၊ အလုပ်သမား၊ နိုင်ငံတော်နှင့်ပြည်သူ အကျိုးများစွာရရှိနိုင်သည့်အတွက် ရင်းနှီးမြှုပ်နှံမှုများကို အားပေးဆောင်ရွက်လျက်ရှိ**ပါသည်။ မိမိတို့နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံ့စီးပွားရေးအင်အား တောင့်တင်းခိုင်မာရန်မှာလည်း အဓိကလိုအပ်ချက်တစ်ရပ်ဖြစ်ပါသည်။ ဒေသအလိုက် စိုက်ပျိုးရေးနှင့် မွေးမြူရေးသဘာဝထွက်ကုန်များကို အခြေခံသော MSME လုပ်ငန်းများ ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်နိုင်ရေးအတွက် အခြေခံသွင်းအားစုများ တိုက်ရိုက်တင်သွင်းနိုင်ရေး ဆောင်ရွက်၍ စီးပွားရေးကို မြှင့်တင်ကြရမည်ဖြစ်ပါသည်။

ပြည်နယ်အတွင်းထွက်ရှိသည့် ကုန်ကြမ်းများကိုအခြေပြုပြီး **"ဒေသတစ်ခု ထုတ်ကုန်တစ်ခု"** ဖြစ်အောင် ကြိုးစားလုပ်ဆောင်သွားနိုင်ပါက တိုင်းရင်းသားတို့၏ လူမှုစီးပွားဘဝကို မြှင့်တင်ပေးနိုင်မည်ဖြစ်ပြီးတစ်ဖက်တစ်လမ်းကလည်း နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုမည်ဖြစ်ကြောင်း တိုက်တွန်းမှာကြားလိုပါသည်။

**ချစ်ခင်လေးစားအပ်ပါသော တိုင်းရင်းသားမိဘပြည်သူ ညီအစ်ကို မောင်နှမများခင်ဗျာ–**

ယခုအချိန်တွင် **ကရင်ပြည်နယ်ဒေသအချို့အပါအဝင် နိုင်ငံတော်အတွင်းဖြစ်ပေါ်နေသည့် ပဋိပက္ခများကြောင့် နိုင်ငံတော်နှင့် ပြည်သူအားလုံး ဘက်ပေါင်းစုံမှ များစွာထိခိုက်နစ်နာမှုများ ဖြစ်ပေါ်လျက်ရှိ**ပါသည်။ **အမှန်တရားအပေါ် အခြေမပြုဘဲ ပြည်တွင်းပြည်ပသွေးထိုး မြှောက်ပင့်မှုများနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အချို့၏ အားပေးကူညီမှုများကြောင့် ဖြစ်ပေါ်နေသည့်ဆူပူအကြမ်းဖက်မှုများနှင့် တိုက်ပွဲများ၏ဆိုးကျိုးနှင့် ဆင်းရဲဒုက္ခကို လက်တွေ့ခံစားနေကြရသူများမှာ တိုင်းရင်းသားပြည်သူများသာဖြစ်**ပါသည်။ အသက်ဘေးလွတ်ရာသို့ ထွက်ပြေးတိမ်းရှောင်ကြရပြီး စားဝတ်နေရေး၊ ကျန်းမာရေး၊ ပညာရေး စသည့် ဘက်ပေါင်းစုံတွင် အခက်အခဲများစွာကို ရင်ဆိုင်နေကြရပါသည်။ **အချိန်ကာလကြာမြင့်စွာ အချိန်ယူတည်ဆောက်ခဲ့ရသည့် ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်မှုများမှာပျက်စီးဆုံးရှုံးပြီး မူလအခြေအနေ ပြန်လည်ရရှိရန် အချိန်ကာလ၊ လူအင်အား၊ ငွေအင်အား ဘက်ပေါင်းစုံမှ ကြိုးစား တည်ဆောက်ကြရမည်ဖြစ်**ပါသည်။

နိုင်ငံအတွင်းဖြစ်ပွားနေသည့် ဆူပူအကြမ်းဖက်မှုများနှင့်လက်နက်ကိုင် ပဋိပက္ခများကြောင့် ပျက်စီးဆုံးရှုံးသွားသမျှသော အသက်ခန္ဓာများနှင့် အရာဝတ္ထုအားလုံးမှာ မိမိတို့နိုင်ငံ၏ အဖိုးတန်အရင်းအမြစ်များပင်ဖြစ်ပါသည်။ **တည်ငြိမ်အေးချမ်းမှုမရှိသော နေရာဒေသသည် ဖွံ့ဖြိုးတိုးတက်မှုနှင့် သာယာဝပြောမှုကင်းဝေးလျက် ဒေသခံတိုင်းရင်းသားပြည်သူများ၏ လူမှုစီးပွားဘဝမှာလည်း နိမ့်ကျလျက်ရှိနေမည်ဆိုသည့် အချက်ကို အားလုံးက သတိပြုအလေးအနက်ထားကြစေလို**ပါသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ဗိုတာဝန်အရေးသုံးပါးဖြစ်သည့် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးကို အမျိုးသားရေးခံယူချက်ဖြင့် ဆောင်ရွက်လျက်ရှိပါသည်။ အဆိုပါအမျိုးသားရေးလုပ်ငန်းသုံးရပ်ကို အခြေခံသော ဖွဲ့စည်းပုံအခြေခံဥပဒေဖြင့် နိုင်ငံတော်ကို တည်ဆောက်ပေးထားခြင်းဖြစ်ပြီး ခိုင်ခိုင်မာမာဆောင်ရွက်ထားခြင်းဖြစ်သဖြင့် လုံးဝအထိခိုက်ခံမည်မဟုတ်ပါကြောင်း အလေးအနက်ပြောကြားလိုပါသည်။

ထို့ပြင် **နိုင်ငံတော်ငြိမ်းချမ်းရေးအတွက် အစဉ်ထာဝရ တံခါးဖွင့်ကြိုဆိုလျက်ရှိပြီး အခက်အခဲမှန်သမျှကို လက်နက်ကိုင်လမ်းစဉ်ဖြင့်မဖြေရှင်းဘဲ ဆွေးနွေးညှိနှိုင်းခြင်းဖြင့် NCA ပါ သဘောတူညီချက်များနှင့်အညီ လက်တွဲဖြေရှင်း ဆောင်ရွက်နိုင်ကြပါရန် တိုင်းရင်းသားအဖွဲ့အစည်းများ အားလုံးကို အမြဲလက်ကမ်းဖိတ်ခေါ် ကြိုဆိုလျက်ရှိ**ပါကြောင်း ထပ်လောင်းပြောကြားလိုပါသည်။

ယနေ့**မိမိတို့နိုင်ငံအတွက် လိုအပ်လျက်ရှိသောတည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် ကရင်ပြည်နယ်အပါအဝင် တိုင်းရင်းသားပြည်သူအားလုံးက ဝိုင်းဝန်းအကောင်အထည်ဖော်ဆောင်ရွက်နိုင်မှသာလျှင် ခေတ်မီဖွံ့ဖြိုးတိုးတက်သည့်နိုင်ငံအဖြစ် ကမ္ဘာ့အလယ်တွင် ရပ်တည်နိုင်မည်ဖြစ်**ပါသည်။ မိမိတို့နေထိုင်ရာဒေသများတွင် တိုက်ပွဲများနှင့် ဆူပူအကြမ်းဖက်မှုများ လျော့နည်းပပျောက်လာအောင် အချင်းချင်းဝိုင်းဝန်းထိန်းသိမ်းဆောင်ရွက်ပြီး တိုင်းရင်းသားအားလုံးစည်းလုံးညီညွတ်စွာဖြင့် ပြည်ထောင်စုကြီး အေးချမ်းသာယာဝပြောရေးဆောင်ရွက်ကြကာ နိုင်ငံနှင့် ပြည်သူအကျိုးကို အကောင်အထည်ဖော်ဆောင်ရွက်ပေးကြပါရန် တိုက်တွန်းနှိုးဆော်လျက် ကရင်အမျိုးသားနှစ်သစ်ကူးနေ့သဝဏ်လွှာပေးပို့အပ်ပါသည်။

**ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ**
**သတိုးသီရိသုဓမ္မမင်းအောင်လှိုင်**
**နိုင်ငံတော်ဝန်ကြီးချုပ်**
**ဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**စာမျက်နှာ ၁၈ မှအဆက်**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံတို့က မြန်မာအထူးစီးပွားရေးဇုန်များ အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် ဆောင်ရွက်လျက်ရှိသည့် အခြေအနေများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာ ဗဟိုလုပ်ငန်းအဖွဲ့အတွင်းရေးမှူးနှင့် သီလဝါအထူးစီးပွားရေးဇုန်၊ ကျောက်ဖြူအထူးစီးပွားရေးဇုန်နှင့် ထားဝယ်အထူးစီးပွားရေးဇုန်များမှ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌများက မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာဗဟိုအဖွဲ့ အစည်းအဝေးသို့တင်ပြသည့် အမှာစာများကိုဖတ်ကြားတင်ပြကြပြီး အတည်ပြုချက်ရယူကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် အစည်းအဝေးသို့တက်ရောက်လာကြသူများက အကြံပြုချက်များနှင့် အထူးစီးပွားရေးဇုန်များအလိုက် လုပ်ငန်းဆောင်ရွက်နေမှုဆိုင်ရာ ကိစ္စများနှင့်ပတ်သက်၍ သက်ဆိုင်ရာကဏ္ဍများ အလိုက် ဆွေးနွေးတင်ပြကြသည်။

ယင်းနောက် မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာ ဗဟိုလုပ်ငန်းအဖွဲ့အတွင်းရေးမှူးက မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာဗဟိုအဖွဲ့အစည်းအဝေး(၁/၂၀၂၄) အစည်းအဝေးဆုံးဖြတ်ချက်မူကြမ်းကို ဖတ်ကြားတင်ပြအတည်ပြုချက်ရယူသည်။

ထို့နောက် မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာဗဟိုအဖွဲ့ဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က ရှင်းလင်းဆွေးနွေး တင်ပြချက်များနှင့်စပ်လျဉ်း၍ လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး နိဂုံးချုပ် အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

ဆောင်းပါးတွင်ပါရှိသည့်အကြောင်းအရာများသည် ဆောင်းပါးရှင်၏ အာဘော်သာဖြစ်ပါသည်။

# အေးအတူပူအမျှအသိုက်အဝန်း အတူတည်ဆောက်၍ တရုတ်-မြန်မာဆက်ဆံရေး နက်ရှိုင်းစွာဖွံ့ဖြိုးတိုးတက်လာစေခြင်း

## သံအမတ်ကြီး မစ္စတာချန်းဟိုင်

တရုတ်ကွန်မြူနစ်ပါတီဗဟိုကော်မတီ နိုင်ငံခြားရေးလုပ်ငန်းအစည်းအဝေးကို ၂၀၂၃ ခုနှစ် ဒီဇင်ဘာ ၂၇ ရက်မှ ၂၈ ရက်ထိ ပေကျင်းမြို့၌ကျင်းပခဲ့ရာ သမ္မတရှီကျင့်ဖျင်က အရေးပါမိန့်ခွန်းပြောကြားခဲ့သည်။ သမ္မတရှီကျင့်ဖျင်က ခေတ်သစ်တရုတ်ဝိသေသဆောင်သော နိုင်ငံကြီးသံတမန်ဆက်ဆံရေး၏ သမိုင်းဝင်အောင်မြင်မှုနှင့် အဖိုးတန်အတွေ့အကြုံများကို စနစ်တကျခြုံငုံ၍ တရုတ်နိုင်ငံ၏ နိုင်ငံခြားရေးလုပ်ငန်းတွင် ရင်ဆိုင်ရသော နိုင်ငံတကာပတ်ဝန်းကျင်နှင့် ထမ်းဆောင်ရသည့် သမိုင်းပေးတာဝန်အကြောင်း လေးနက်စွာရှင်းလင်းပြောကြားကာ လက်ရှိနှင့် အနာဂတ်ကာလတွင် တရုတ်နိုင်ငံ၏ နိုင်ငံခြားရေးလုပ်ငန်းအတွက် ဘက်စုံနေရာချထားမှုများလုပ်ဆောင်ခဲ့သည်။ မိမိသည် မြန်မာနိုင်ငံနယ်ပယ်အသီးသီးမှ မိတ်ဆွေများကို အစည်းအဝေးအကြောင်းအရာ မိတ်ဆက်ပေးပြီး တရုတ်-မြန်မာဆက်ဆံရေး ဖွံ့ဖြိုးတိုးတက်မှုဖော်ဆောင်ရန် အမြင်အချို့အား မျှဝေပေးလိုပါသည်။

အစည်းအဝေးတွင် အေးအတူပူအမျှအသိုက်အဝန်းတည်ဆောက်မှုသည် ရှီကျင့်ဖျင် သံတမန်ဆက်ဆံရေးအတွေးအခေါ်၏ အဓိကအယူအဆဖြစ်ကြောင်း၊ ရေရှည်ငြိမ်းချမ်းသော၊ ယေဘုယျအားဖြင့် လုံခြုံသော၊ အတူတကွစည်ပင်ဝပြောသော၊ တံခါးဖွင့်၍ အားလုံးပါဝင်မှုရှိသော၊ သန့်ရှင်းသာယာလှပသော ကမ္ဘာကြီးတည်ဆောက်ခြင်းကို ကြိုးပမ်းမှုရည်မှန်းချက်အဖြစ်ထားရှိခြင်း၊ အတူတကွဆွေးနွေး၊ အတူတကွတည်ဆောက်၊ အတူတကွမျှဝေသည့် ကမ္ဘာလုံးဆိုင်ရာစီမံအုပ်ချုပ်မှုတွန်းအားပေးခြင်းကို အကောင်အထည်ဖော်ဆောင်သည့် လမ်းကြောင်းအဖြစ်ထားရှိခြင်း၊ လူသားအားလုံးဘုံတန်ဖိုးဖော်ဆောင်ခြင်းအား ယေဘုယျအားဖြင့် လိုက်နာခြင်း၊ နိုင်ငံတကာဆက်ဆံရေးပုံစံအသစ်တည်ဆောက်ခြင်းကို အခြေခံကျားကန်မှုအဖြစ်ထားရှိခြင်း၊ ကမ္ဘာလုံးဆိုင်ရာဖွံ့ဖြိုးတိုးတက်မှုအစီအမံ၊ ကမ္ဘာလုံးဆိုင်ရာလုံခြုံရေးအစီအမံ၊ ကမ္ဘာလုံးဆိုင်ရာ လူသားယဉ်ကျေးမှုအစီအမံအကောင်အထည်ဖော်ဆောင်ခြင်းအား မဟာဗျူဟာမြောက်ဦးဆောင်မှုအဖြစ်ထားရှိခြင်း၊ "Belt and Road" အရည်အသွေးမြင့် အတူတကွတည်ဆောက်ခြင်းအား လက်တွေ့ အကောင်အထည်ဖော်ဆောင်သည့် ပလက်ဖောင်းထားရှိခြင်းတို့ဖြင့် နိုင်ငံအသီးသီးနှင့် အတူလက်တွဲကာ စိန်ခေါ်မှုများရင်ဆိုင်၍ အတူတကွ စည်ပင်ဝပြောမှု အကောင်ထည်ဖော်ဆောင်ပြီး ကမ္ဘာကြီးက ငြိမ်းချမ်းသော၊ လုံခြုံသော၊စည်ပင်ဝပြောသော၊ တိုးတက်သော ထွန်းပြောင်သည့်အနာဂတ်သို့ လျှောက်လှမ်းရန် တွန်းအားပေးဖော်ဆောင်ရမည်ဖြစ်ကြောင်း ထောက်ပြပြောဆိုခဲ့သည်။

အေးအတူပူအမျှ အသိုက်အဝန်းတည်ဆောက်ရန်အတွက် တရုတ်နိုင်ငံက တန်းတူညီမျှ၍ စနစ်ကျသည့် ဗဟုဝင်ရိုးကမ္ဘာနှင့် ကျယ်ကျယ်ပြန့်ပြန့်အကျိုးပြု၍ အားလုံးပါဝင်မှုရှိသည့် စီးပွားရေးဂလိုဘယ်လိုက်ဇေးရှင်းကို အဆိုပြုခဲ့သည်။ တန်းတူညီမျှ၍ စနစ်ကျသည့် ဗဟုဝင်ရိုးကမ္ဘာသည် နိုင်ငံကြီးငယ်မရွေး အားလုံးတန်းတူညီမျှဖြစ်ခြင်းကိုလက်ကိုင်စွဲ၍ ဗိုလ်ကျစိုးမိုးမှုဝါဒနှင့် ပါဝါနိုင်ငံရေးကို ကန့်ကွက်ကာ နိုင်ငံတကာဆက်ဆံရေး ဒီမိုကရေစီဆန်ခြင်းကို လက်တွေ့ကျကျဖော်ဆောင်ခြင်းဖြစ်သည်။ကုလသမဂ္ဂ ပဋိညာဉ်စာတမ်းရည်မှန်းချက်နှင့် အခြေခံမူကို အတူတကွလိုက်နာစောင့်ထိန်း၍ ယေဘုယျအားဖြင့် အသိအမှတ်ပြုသည့် နိုင်ငံတကာဆက်ဆံရေးအခြေခံမူစည်းမျဉ်းကို အတူတကွလက်ကိုင်စွဲကာ စစ်မှန်သော နိုင်ငံစုံ ပူးပေါင်းဆောင်ရွက်မှုဝါဒ (Multilateral-ism) ကို လက်တွေ့အကောင်အထည်ဖော်ဆောင်ရမည်ဖြစ်သည်။

ကျယ်ကျယ်ပြန့်ပြန့်အကျိုးပြု၍ အားလုံးပါဝင်မှုရှိသည့် စီးပွားရေးဂလိုဘယ်လိုက်ဇေးရှင်းဆိုသည်မှာ နိုင်ငံအသီးသီး အထူးသဖြင့် ဖွံ့ဖြိုးဆဲနိုင်ငံများ၏ ယေဘုယျတောင်းဆိုချက်များအရ တစ်ကမ္ဘာလုံးတွင် အရင်းအမြစ်ခွဲဝေမှုကြောင့် ဖြစ်ပေါ်လာသည့်နိုင်ငံများအကြားနှင့် နိုင်ငံများအတွင်းပိုင်း ဖွံ့ဖြိုးတိုးတက်မှုမညီမျှသည့်ပြဿနာကို ကောင်းမွန်စွာဖြေရှင်းခြင်းပင်ဖြစ်သည်။ ဂလိုဘယ်လိုက်ဇေးရှင်းအားဆန့်ကျင်မှု (Deglobalization)၊ လုံခြုံရေးအယူအဆများကို အလွဲသုံးစားလုပ်ခြင်း (abuse the concept of security) တို့ကို ပြတ်ပြတ်သားသားဆန့်ကျင်၍ တစ်ကိုယ်တော်ဝါဒ(unilateralism)၊ ကိုယ်ကျိုးစီးပွားကာကွယ်ရေးဝါဒ(protectionism) ပုံစံမျိုးစုံကို ကန့်ကွက်ရမည်။ ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုလွတ်လပ်ခြင်း၊အဆင်ပြေလွယ်ကူခြင်းတို့ကို ခိုင်မာစွာမြှင့်တင်၍ ကမ္ဘာ့စီးပွားရေးကောင်းမွန်စွာဖွံ့ဖြိုးတိုးတက်မှုကို အတားအဆီးဖြစ်စေသည့် ဖွဲ့စည်းပုံဆိုင်ရာအခက်အခဲများကို ဖြေရှင်းခြင်းဖြင့် စီးပွားရေးဂလိုဘယ်လိုက်ဇေးရှင်းကို ပိုမိုတံခါးဖွင့်သော၊ အားလုံးပါဝင်မှုရှိသော၊ ကျယ်ကျယ်ပြန့်ပြန့်အကျိုးပြုသော၊ ညီမျှသောလားရာသို့ ဖွံ့ဖြိုးတိုးတက်စေရန်ဖော်ဆောင်ရမည်။

တရုတ်-မြန်မာနှစ်နိုင်ငံသည် တောတောင်ရေမြေချင်းဆက်စပ်လျက်ရှိပြီး ဆွေမျိုးပေါက်ဖော်ချစ်ကြည်ရေးသံယောဇဉ်နက်ရှိုင်းသည်။ သမ္မတရှီကျင့်ဖျင်သည် ၂၀၂၀ ပြည့်နှစ်တွင် မြန်မာနိုင်ငံသို့ သမိုင်းဝင်ခရီးစဉ်လာရောက်ခဲ့ပြီး နှစ်ဦးနှစ်ဖက်က တရုတ်-မြန်မာ အေးအတူပူအမျှ အသိုက်အဝန်းတည်ဆောက်ရန် သဘောတူညီခဲ့သည်။ ယခုနှစ်သည် ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး မူကြီးငါးရပ်ကို တရုတ်၊ မြန်မာ၊ အိန္ဒိယက အတူတကွအဆိုပြုသည့် နှစ် ၇၀ ပြည့်ဖြစ်သည်။ မိမိတို့သည် ဗဟိုကော်မတီနိုင်ငံခြားရေးလုပ်ငန်းအစည်းအဝေးစိတ်ဓာတ်ကို ကျင့်သုံး၍ တရုတ်-မြန်မာချစ်ကြည်ရင်းနှီးစွာ ကူးလူးဆက်ဆံသည့် ဉာဏ်ပညာနှင့် အတွေ့အကြုံများကို လက်ဆင့်ကမ်းပြန့်ပွားစေပြီး ချစ်ခင်ရင်းနှီးခြင်း၊ ရိုးသားစွာဆက်ဆံခြင်း၊ အပြန်အလှန်အကျိုးဖြစ်ထွန်းခြင်း၊ အားလုံးပါဝင်ခြင်းဟူသည့် အိမ်နီးချင်းနိုင်ငံများနှင့် သံတမန်ဆက်ဆံရေးအယူအဆကို လက်တွေ့ဖော်ဆောင်သွားမည်ဖြစ်သည်။ မိမိတို့သည် မြန်မာနိုင်ငံနှင့်အတူ သမ္မတရှီကျင့်ဖျင်၏ မြန်မာနိုင်ငံခရီးစဉ်ရလဒ်များကို ဆက်လက်ဖော်ဆောင်၍ နိုင်ငံရေးရာစီမံခန့်ခွဲမှုအတွေ့အကြုံများ ကူးလူးဖလှယ်ခြင်းကို မြှင့်တင်သွားမည်ဖြစ်သည်။ ကမ္ဘာလုံးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုအစီအမံ၊ ကမ္ဘာလုံးဆိုင်ရာလုံခြုံရေးအစီအမံ၊ ကမ္ဘာလုံးဆိုင်ရာ လူသားယဉ်ကျေးမှုအစီအမံတို့ကို ချိတ်ဆက်အကောင်အထည်ဖော်ဆောင်၍ တရုတ်-မြန်မာ အေးအတူပူအမျှအသိုက်အဝန်းကို တည်ဆောက်မှုလက်တွေ့ကျနက်ရှိုင်းလာစေရန် တွန်းအားပေးသွားမည်ဖြစ်သည်။ မိမိတို့သည် မြန်မာနိုင်ငံနှင့်အတူ "Belt and Road" နှင့် တရုတ်-မြန်မာစီးပွားရေးစင်္ကြံကိုအရည်အသွေးမြင့်အတူတည်ဆောက်ပြီး ပိုမိုများပြားသည့် လက်တွေ့ကျပူးပေါင်းဆောင်ရွက်မှုရလဒ်များဖြင့် နှစ်နိုင်ငံပြည်သူများကို ပိုမိုအကျိုးပြုသွားလိုသည်။ **မိမိတို့သည် မြန်မာနိုင်ငံက မိမိနိုင်ငံအခြေအနေနှင့်ကိုက်ညီသည့် ဖွံ့ဖြိုးတိုးတက်မှုလမ်းကြောင်းလျှောက်လှမ်းခြင်းကို အားပေးပြီး မြန်မာနိုင်ငံမြောက်ပိုင်းငြိမ်းချမ်းရေးလုပ်ငန်းစဉ်အား ထောက်ခံပံ့ပိုးပေးရန်အတွက် အပြုသဘောဆောင်သည့်အခန်းကဏ္ဍမှ ဆက်လက်ပါဝင်ကာ တရုတ်-မြန်မာ နယ်စပ်ဒေသတည်ငြိမ်အေးချမ်းမှုကို အတူတကွ ကာကွယ်စောင့်ရှောက်သွားမည်ဖြစ်သည်။** မိမိတို့သည် ပြည်သူဗဟိုပြုသည့် ဖွံ့ဖြိုးတိုးတက်မှုအတွေးအခေါ်ကို အမြဲတစေလက်ကိုင်စွဲ၍ တရုတ်-မြန်မာ တရားဥပဒေစိုးမိုးရေးနှင့် လုံခြုံရေးပူးပေါင်းဆောင်ရွက်မှုကိုနက်ရှိုင်းစေကာ ဆက်သွယ်ရေးလိမ်လည်မှုစသည့် နယ်စပ်ဖြတ်ကျော်ပြစ်မှုကျူးလွန်မှုများကို အတူတိုက်ဖျက်ပြီး နှစ်နိုင်ငံပြည်သူများ အသက်အိုးအိမ်စည်းစိမ်ဥစ္စာ ဘေးကင်းလုံခြုံမှုကို ကာကွယ်စောင့်ရှောက်သွားမည်ဖြစ်သည်။ မိမိတို့သည် မြန်မာနိုင်ငံနှင့်အတူ လန်ချန်း-မဲခေါင်နှင့် တရုတ်-အာဆီယံစသည့် ဒေသတွင်းပူးပေါင်းဆောင်ရွက်မှုများကိုနက်ရှိုင်းစေကာ သာယာလှပသော အိမ်ရာကြီး အတူတည်ဆောက်သွားလိုပါသည်။

နှစ်သစ်အစကာလတွင် မြန်မာနိုင်ငံပြည်သူများ ငြိမ်းချမ်းမှု၊ စည်ပင်ဝပြောမှုနှင့် သာယာချမ်းမြေ့မှုများ ရရှိပိုင်ဆိုင်နိုင်ပါစေလို့ ဆုမွန်ကောင်းတောင်းပေးလိုက်ပါသည်။

> ❖ မိမိတို့သည် မြန်မာနိုင်ငံက မိမိနိုင်ငံအခြေအနေနှင့်ကိုက်ညီသည့် ဖွံ့ဖြိုးတိုးတက်မှု လမ်းကြောင်းလျှောက်လှမ်းခြင်းကို အားပေးပြီး မြန်မာနိုင်ငံမြောက်ပိုင်း ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အား ထောက်ခံပံ့ပိုးပေးရန်အတွက် အပြုသဘောဆောင်သည့်အခန်းကဏ္ဍမှ ဆက်လက်ပါဝင်ကာ တရုတ်-မြန်မာ နယ်စပ်ဒေသတည်ငြိမ်အေးချမ်းမှုကို အတူတကွ ကာကွယ်စောင့်ရှောက်သွားမည်ဖြစ်သည်။ ❖

# တောင်ငူမြို့နယ် ကေတုမတီမြို့သစ်ရှိ အခြေခံပညာအလယ်တန်းကျောင်း၏ ၂၀၂၃-၂၀၂၄ ပညာသင်နှစ် ပညာရည်ချွန်ဆုပေးပွဲနှင့် ပညာရေးစုံညီပွဲတော်ပြုလုပ်



**နေပြည်တော် ဇန်နဝါရီ ၁၀**

ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့နယ် ကေတုမတီမြို့သစ်ရှိ အခြေခံပညာ အလယ်တန်းကျောင်း၏ ၂၀၂၃-၂၀၂၄ ပညာသင်နှစ် ပညာရည်ချွန်ဆုပေးပွဲနှင့် ပညာရေးစုံညီပွဲတော်ကို ယနေ့ နံနက်ပိုင်းတွင် တိုင်းစစ်ဌာနချုပ်ရှိ အေးချမ်းဖြိုးခန်းမ၌ပြုလုပ်ရာ တိုင်းမှူး ဗိုလ်မှူးချုပ်ကြည်သိုက်နှင့် တာဝန်ရှိသူများ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

**တောင်ငူမြို့နယ် ကေတုမတီမြို့သစ်ရှိ အခြေခံပညာ အလယ်တန်းကျောင်း၏ ၂၀၂၃-၂၀၂၄ ပညာသင်နှစ် ပညာရည်ချွန်ဆုပေးပွဲနှင့် ပညာရေးစုံညီပွဲတော် ပြုလုပ်စဉ်။**

ဦးစွာ ကျောင်းသား၊ ကျောင်းသူများက "ကမ္ဘာ့အဆင့်မီပညာရည်"သီချင်းဖြင့် အခမ်းအနားကို စတင်ဖွင့်လှစ်ပေးပြီး တိုင်းမှူးက အမှာစကားပြောကြားသည်။ ထို့နောက် တိုင်းမှူးက ကျောင်းရန်ပုံငွေအတွက် အလှူငွေများကိုပေးအပ်လှူဒါန်းရာ ကျောင်းအုပ်ဆရာမကြီးက လက်ခံရယူသည်။ ယင်းနောက် ထူးချွန်ဆုရရှိအောင် သင်ကြားပြသပေးခဲ့သည့် ဆရာ၊ ဆရာမများနှင့် ထူးချွန်ဆုရရှိခဲ့ကြသည့် ကျောင်းသား၊ ကျောင်းသူများကို တိုင်းမှူးနှင့် တာဝန်ရှိသူများက ဂုဏ်ပြုဆုများအသီးသီး ပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သတင်းရရှိသည်။

# MNDAA၊ TNLAA၊ AA စသည့် အကြမ်းဖက် သောင်းကျန်းသူများ၏ ဘာသာတရားအပေါ်အကြမ်းဖက်မှုများနှင့်ပတ်သက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ်ဇော်မင်းထွန်း၏ ပြောကြားချက်









**ဆီအောကျေးရွာမြောက်ဘက်ရှိ ဆင်ဦးကင်းကုန်း(ဖို့င်-၂၂၀၂)တောင်ပေါ်ရှိ ဗုဒ္ဓဘာသာဝင်များ အထွတ်အမြတ်ထားရာစေတီကို MNDAA အကြမ်းဖက်သောင်းကျန်းသူများက ယုတ်မာရိုင်းစိုင်းစွာဖြိုချဖျက်ဆီးမှုကြောင့် ပျက်စီးမှုများကို တွေ့ရစဉ်။**

မြန်မာနိုင်ငံသူ၊ နိုင်ငံသားအားလုံး ကမ္ဘာသူ၊ ကမ္ဘာသားအားလုံး ကျန်းမာချမ်းသာပါစေကြောင်း ဆုတောင်းမေတ္တာပို့သအပ်ပါတယ်။ ဒီနေ့မှာတော့ ကျွန်တော်တို့ မြန်မာနိုင်ငံမှာ မြန်မာပြည်သူလူထုတစ်ရပ်လုံးရဲ့လူဦးရေ ၈၀ ရာခိုင်နှုန်းကျော် ကမ္ဘာမှာလူဦးရေ သန်းငါးရာကျော်ရှိတဲ့ ဗုဒ္ဓဘာသာကို ရိုင်းစိုင်းစော်ကားဖျက်ဆီးတဲ့ အကြမ်းဖက်သောင်းကျန်းသူများလုပ်ရပ်အကြောင်းကို ကမ္ဘာသူ၊ကမ္ဘာသားများအားလုံးသိစေဖို့အတွက် တိုင်တည်အသိပေးလိုပါတယ်။ ကမ္ဘာသူ၊ ကမ္ဘာသားများအားလုံး ဘာသာရေးခေါင်းဆောင်များ အားလုံးခင်ဗျာ MNDAA ကိုးကန့်အကြမ်းဖက်သောင်းကျန်းသူများဟာ ကျွန်တော်တို့မြန်မာနိုင်ငံမှာပဲနေထိုင်ပါတယ်။ မြန်မာ့ရေကို သောက်ပါတယ်။ မြန်မာနိုင်ငံကိုပဲမှီခိုပြီး အသက်မွေးဝမ်းကျောင်းပြုလုပ်ခဲ့ပါတယ်။ ဒါပေမဲ့ အခုအချိန်မှာတော့ ကျွန်တော်တို့ နိုင်ငံသူနိုင်ငံသားတွေ၊ ကမ္ဘာ့ဗုဒ္ဓဘာသာဝင်တွေ အထွတ်အမြတ်ထားရာ ဘုရားစေတီတော်ကို အခုလိုမိုက်ရိုင်းစော်ကားဖျက်ဆီးခဲ့ပါတယ်။

MNDAA ကိုးကန့်အကြမ်းဖက်သောင်းကျန်းသူများဟာ သူတို့ဝင်ရောက်သောင်းကျန်းဖျက်ဆီးနေတဲ့ မြန်မာနိုင်ငံ ရှမ်းပြည်နယ်(မြောက်ပိုင်း) လောက်ကိုင်မြို့နယ် ဆီအောကျေးရွာရဲ့မြောက်ဘက်မှာရှိတဲ့ ဆင်ဦးကင်းကုန်း(ပို့င်-၂၂၀၂)တောင်ပေါ်မှာရှိတဲ့ ဒေသခံပြည်သူများနဲ့ ဗုဒ္ဓဘာသာဝင်တွေ အထွတ်အမြတ်ထားတဲ့စေတီတစ်ဆူကို ၂၀၂၄ ခုနှစ် ဇန်နဝါရီ ၈ ရက်က မိုက်ရိုင်းစော်ကားဖျက်ဆီးနေတာပဲဖြစ်ပါတယ်။ ဒီဘုရားစေတီဆိုတာ ကျွန်တော်တို့ဗုဒ္ဓဘာသာဝင်ဂိုဏ်းက ဗုဒ္ဓမြတ်စွာဘုရား၏ အဆုံးအမနဲ့အညီ ဗုဒ္ဓမြတ်စွာဘုရား၏ကိုယ်စား ကိုးကွယ်မှုပြုတဲ့ ဥဒ္ဒိဿစေတီတော်ဖြစ်ပါတယ်။ ဒီလိုရိုင်းစိုင်းယုတ်မာတဲ့ ဖြစ်ရပ်ကြောင့် ကျွန်တော်တို့ ဗုဒ္ဓဘာသာဝင်တွေအားလုံး စိတ်မကောင်းဖြစ်ရပါတယ်။ ဝမ်းနည်းကြေကွဲရပါတယ်။ ဒါဟာ မြန်မာနိုင်ငံမှာရှိတဲ့ ဗုဒ္ဓဘာသာဝင်တွေကိုသာမက ထိုင်းနိုင်ငံမှာရှိတဲ့ ဗုဒ္ဓဘာသာဝင်အားလုံး လာအိုနိုင်ငံ၊ ကမ္ဘောဒီးယားနိုင်ငံ၊ သီရိလင်္ကာနိုင်ငံ၊ အိန္ဒိယနိုင်ငံ၊ တရုတ်နိုင်ငံစတဲ့ နိုင်ငံတွေနဲ့ ဒီအဖြစ်အပျက်ဖြစ်ပွားရာ မြန်မာနိုင်ငံ ရှမ်းပြည်နယ်နဲ့နီးစပ်တဲ့ တိဗက်ဒေသ၊ ယူနန်ဒေသစတဲ့ ကမ္ဘာပေါ်မှာရှိတဲ့ ဗုဒ္ဓဘာသာဝင်များအားလုံးကို စော်ကားလိုက်တဲ့ လုပ်ရပ်ပဲဖြစ်ပါတယ်။ အလားတူ ရှမ်းပြည်နယ် မူဆယ်မြို့အဝင် ရပ်တော်မူဘုရားကျောင်း ဘုန်းကြီးကျောင်းကိုလဲ ၂၀၂၃ ခုနှစ် ဒီဇင်ဘာ ၄ ရက်က မောင်းသူမဲ့လေယာဉ် Drone များကို အသုံးပြုပြီး ဗုံးကြဲချခဲ့ပါတယ်။ ဒါတွေဟာ MNDAA၊TNLA၊AA စတဲ့ အကြမ်းဖက်သောင်းကျန်းသူ သုံးဖွဲ့ရဲ့ ဘာသာတရားအပေါ် အကြမ်းဖက်မှုများဖြစ်ပါတယ်။ ကမ္ဘာသူ၊ကမ္ဘာသားအားလုံး၊ ဘာသာရေးခေါင်းဆောင်များ အားလုံးခင်ဗျာ။ ကျွန်တော်တို့မြန်မာနိုင်ငံမှာ ကမ္ဘာ့ကိုးကွယ်ရာ ဘာသာဖြစ်တဲ့ အစ္စလမ်ဘာသာ၊ခရစ်ယာန်ဘာသာ၊ဟိန္ဒူဘာသာ၊ ဗုဒ္ဓဘာသာစတဲ့ ဘာသာကြီးလေးမျိုးအပြင် အခြားကိုးကွယ်ရာဘာသာများကို လွတ်လပ်စွာကိုးကွယ်ခွင့်ပြုထားတဲ့နိုင်ငံပဲဖြစ်ပါတယ်။ နိုင်ငံတော်အစိုးရ နိုင်ငံတော်အကြီးအကဲများ အနေနဲ့လည်း ကိုးကွယ်ရာဘာသာအလိုက် အားပေးမှုတွေ ချီးမြှောက်မှုတွေ၊ ထောက်ပံ့မှုတွေကို စဉ်ဆက်မပြတ် ပြုလုပ်လျက်ရှိပါတယ်။ ကမ္ဘာသူ၊ ကမ္ဘာသားအားလုံး၊ ဘာသာရေးခေါင်းဆောင်များ အားလုံးခင်ဗျာ။ ကျွန်တော်တို့အားလုံးရဲ့ ယုံကြည်ကိုးကွယ်ရာ ဘာသာတရားအားလုံးရဲ့ အခြေခံအဆုံးအမဟာ လူသားတစ်ဦးနဲ့တစ်ဦး ချစ်ခင်ကြဖို့၊ ကြင်နာကြဖို့၊ မေတ္တာတရားထားကြဖို့၊ လေးစားတန်ဖိုးထားကြဖို့ပဲဖြစ်ပါတယ်။ ဒါတွေကို ဆန့်ကျင်နေတဲ့ အကြမ်းဖက် သောင်းကျန်းသူများရဲ့ ယုတ်မာတဲ့လုပ်ရပ်ကို ကမ္ဘာသူ၊ကမ္ဘာသားအားလုံးသိမြင်ကြစေချင်ပါတယ်။ ဝိုင်းဝန်းထိန်းသိမ်းကြစေချင်ပါတယ်။ သိမြင်ကြစေဖို့၊ ဝိုင်းဝန်းထိန်းသိမ်းနိုင်ကြစေဖို့ တင်ပြလိုက်ရပါတယ်ခင်ဗျာ။ ကမ္ဘာသူ၊ကမ္ဘာသားအားလုံး ကျန်းမာချမ်းသာဘေးဘယာဝေးကွာကြပါစေခင်ဗျာ။

## ဒုတိယဝန်ကြီး ခန့်အပ်တာဝန်ပေး

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
**အမိန့်အမှတ်(၆/၂၀၂၄)**

၁၃၈၅ ခုနှစ် နတ်တော်လပြည့်ကျော် ၁၄ ရက်
(၂၀၂၄ ခုနှစ် ဇန်နဝါရီ ၁၀ ရက်)

### ဒုတိယဝန်ကြီး ခန့်အပ်တာဝန်ပေးခြင်း

နိုင်ငံတော်စီမံချုပ်ရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ဦးထင်ကျော်သူအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး ဝန်ကြီးဌာန(၂) ဒုတိယဝန်ကြီးအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

**အမိန့်အရ**

**အောင်လင်းဒွေး**
**ဒုတိယဗိုလ်ချုပ်ကြီး**
**အတွင်းရေးမှူး**

## ကိုဗစ်-၁၉ ရောဂါ ဗီဇပြောင်းမျိုးကွဲ ဓာတ်ခွဲနမူနာ ၁၆ ခု တွေ့ရှိမှုသတင်းထုတ်ပြန်

၁။ ကျန်းမာရေးဝန်ကြီးဌာနအောက်ရှိ ဆေးသုတေသနဦးစီးဌာနသည် အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာနမှပေးပို့သော ကိုဗစ်-၁၉ ရောဂါဓာတ်ခွဲအတည်ပြုလူနာများ၏ ဓာတ်ခွဲနမူနာ ၁၈ ခုကို ၂၈-၁၂-၂၀၂၃ ရက်မှစ၍ မျိုးဗီဇတစ်ခုလုံးစစ်ဆေးမှု(Whole Genome Sequencing)ကိုဆောင်ရွက်ခဲ့ရာ ဓာတ်ခွဲနမူနာ ၁၆ ခုတွင် ကိုဗစ်-၁၉ရောဂါ ဗီဇပြောင်းမျိုးကွဲများတွေ့ရှိခဲ့ရပြီး စင်ကာပူနိုင်ငံမှ ပြန်လည်ရောက်ရှိပြီးနောက် ရောဂါပိုးတွေ့ရှိသူများထံမှ ဓာတ်ခွဲနမူနာ သုံးခုနှင့် ပြည်တွင်းကူးစက်မှုများမှ ရောဂါပိုးတွေ့ရှိသူများထံမှ ဓာတ်ခွဲနမူနာ ၁၃ ခုတို့ဖြစ်ပါသည်။

၂။ အဆိုပါကိုဗစ်-၁၉ ရောဂါ ဗီဇပြောင်းမျိုးကွဲများသည် SARS-CoV-2 Omicron Variant များဖြစ်ပြီး စင်ကာပူနိုင်ငံမှ ပြန်လည်ရောက်ရှိလာသူ သုံးဦးတွင် Omicron HV.1၊ JN.1 နှင့် EG.5.1.8 variants တို့ကိုလည်းကောင်း၊ ပြည်တွင်းကူးစက်ဖြစ်ပွားသူ ၁၃ ဦးတွင် Omicron JN.1 ၁၁ ဦးနှင့် XBB.1.16.17 နှစ်ဦးတို့ကိုလည်းကောင်း အသီးသီးတွေ့ရှိရပြီး ၎င်းတို့အားလုံးသည် ကျန်းမာရေးအခြေအနေများ သက်သာကောင်းမွန်သဖြင့် သက်ဆိုင်ရာဆေးရုံအသီးသီးမှ ဆင်းခွင့်ပြုခဲ့ပြီးဖြစ်ပါသည်။ ယခုတွေ့ရှိရသော SARS-CoV-2 Omicron Variant များတွင် HV.1၊ JN.1နှင့် EG.5.1.8တို့မှာ မြန်မာနိုင်ငံတွင် အသစ်ထပ်မံတွေ့ရှိသည့် ကိုဗစ်-၁၉ ရောဂါ ဗီဇပြောင်းမျိုးကွဲ(Newly Detected Variants In Myanmar)ဖြစ်ပါသည်။

၃။ သို့ရာတွင် ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ထုတ်ပြန်ချက်များအရ အသစ်တွေ့ရှိရသော ကိုဗစ်-၁၉ ရောဂါ ဗီဇပြောင်းမျိုးကွဲ JN.1သည် EG.5 ကဲ့သို့ပင် ပြည်သူ့ကျန်းမာရေးထိခိုက်မှုအန္တရာယ်ဖြစ်နိုင်ခြေနည်းပါးကြောင်း၊ ၎င်းဗီဇပြောင်းမျိုးကွဲပိုးသည် ကူးစက်ပျံ့နှံ့မှုမြင့်တက်လာသော်လည်း ရောဂါပြင်းထန်မှုမရှိပါကြောင်း၊ ကိုဗစ်-၁၉ရောဂါ ကာကွယ်ဆေးထိုးနှံခြင်းသည် ရောဂါပြင်းထန်မှုမှကာကွယ်ရန် ထိရောက်မှုရှိကြောင်း တွေ့ရှိရသဖြင့် ပြည်သူလူထုအနေဖြင့်ကိုဗစ်-၁၉ရောဂါ ကာကွယ်ဆေးထိုးနှံမှုကိုခံယူသင့်ပါကြောင်း တိုက်တွန်းနှိုးဆော်အပ်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

## သဇင်(FM) အသံလွှင့်အစီအစဉ်

**၁၁-၁-၂၀၂၄ (ကြာသပတေးနေ့)**

| | | |
|---|---|---|
| ၁။ | ဝ၈း၂၀ | Morning Song |
| ၂။ | ၁၀း၀၁ | Internet Pages |
| ၃။ | ၁၃း၃၅ | Music Quiz |
| ၄။ | ၁၇း၀၀ | ကမ္ဘာကျော်တို့ အနုပညာခရီး |
| ၅။ | ၁၉း၀၀ | စစ်သည်ကဏ္ဍ |

ဥပဒေဘောင်အတွင်း နေထိုင်ခြင်း ဘေးကင်းရန်ကွာ လွန်ချမ်းသာ

# စစ်ရေးနှင့် သက်ဆိုင်ခြင်းမရှိသည့် ဘုရားစေတီပုထိုးများ၊ ဗုဒ္ဓဆင်းတုတော်များအား ဖျက်ဆီးစော်ကားနေသည့် အကြမ်းဖက်သောင်းကျန်းသူများကို ကန့်ကွက်ရှုတ်ချပွဲ ရန်ကုန်မြို့၌ကျင်းပ



**ရန်ကုန် ဇန်နဝါရီ ၁၀**

စစ်ရေးနှင့် သက်ဆိုင်ခြင်းမရှိသည့် ဘုရားစေတီပုထိုးများ၊ ဗုဒ္ဓဆင်းတုတော်များကို ဖျက်ဆီးစော်ကားနေသည့် အကြမ်းဖက် သောင်းကျန်းသူများအား ကန့်ကွက်ရှုတ်ချပွဲကို ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ မြို့တော်ခန်းမရှေ့ရှိ မဟာဗန္ဓုလပန်းခြံဘေး၌ကျင်းပသည်။

ဦးစွာ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မျိုးချစ်ပြည်သူများက သမ္ဗုဒ္ဓတရုပ်ရှင်ရုံရှေ့ စုရပ်မှ ဆူးလေစေတီလမ်းမကြီးတစ်လျှောက် ချီတက်ကာ ကြွေးကြော်သံများကြွေးကြော်၍ အခမ်းအနားကျင်းပမည့်နေရာသို့ ဝင်ရောက်နေရာယူကြသည်။

ထို့နောက် ကန့်ကွက်ရှုတ်ချပွဲကိုကျင်းပရာရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မျိုးချစ်ပြည်သူများက နိုင်ငံတော်သီချင်းကို သံပြိုင်သီဆိုကြသည်။ ယင်းနောက် ကန့်ကွက်ရှုတ်ချကြောင်း ဟောပြောခဲ့ကြသည်။

အဆိုပါ ကန့်ကွက်ရှုတ်ချပွဲတွင် ကြွေးကြော်သည့် ကြွေးကြော်သံများမှာ သာသနာကိုဖျက်ဆီးနေသော အကြမ်းဖက်သူပုန်များအား ရှင်းလင်းရေး(ဒို့အရေး)၊ ဗုဒ္ဓသာသနာအား အကြမ်းဖက်ဖျက်ဆီးနေသောသူပုန်များ(ကျရှုံးပါစေ)၊လူသတ်အကြမ်းဖက်သူပုန်မှန်သမျှ(ဆန့်ကျင်ကြ)၊ဗုဒ္ဓသာသနာကိုအကြမ်းဖက်ဖျက်ဆီးနေသော လူသတ်မိစ္ဆာသူပုန်များအား ရှင်းလင်းရေး(ဒို့အရေး)၊ မြန်မာနိုင်ငံသား ဗုဒ္ဓဘာသာဝင်တိုင်းရင်းသားများ ကိုးကွယ်ယုံကြည်သည့် ဘုရား၊စေတီ၊ဆင်းတုတော်များအားဖျက်ဆီးသူ(ဒို့ရန်သူ)၊ဘုရား၊စေတီ၊ဆင်းတုတော်များကိုဖျက်ဆီးနေသော ပြည်ဖျက်မိစ္ဆာသောင်းကျန်းသူများ(ကျရှုံးပါစေ)၊ဗုဒ္ဓဘာသာဝင်များ အထွတ်အမြတ်ထားရာဘုရား၊စေတီများအား စော်ကားဖျက်ဆီးသူ(ဒို့ရန်သူ)၊ ဒို့ဘာသာ၊ ဒို့သာသနာ၊ဒို့ယဉ်ကျေးမှုဖျက်ဆီးစော်ကားသူများအား(ဆန့်ကျင်ကြ)၊ အကြမ်းဖက်အားပေးလောက်ကောင်များအား(အလိုမရှိ)၊ သာသနာဖျက် အကြမ်းဖက်သမားများ (အလိုမရှိ)တို့ဖြစ်ကြောင်း သိရသည်။

ထို့ပြင် MNDAA အကြမ်းဖက်သောင်းကျန်းသူများသည် ရှမ်းပြည်နယ်(မြောက်ပိုင်း)အတွင်းတိုက်ပွဲဖြစ်ပွားခဲ့သည့် ဒေသတစ်လျှောက်တွင်ရှိသည့် စစ်ရေးနှင့် မသက်ဆိုင်သော ဘုရားစေတီများနှင့် ဘာသာရေးဆိုင်ရာအဆောက်အအုံများကို ဖျက်ဆီးလျက်ရှိသဖြင့် မန္တလေးမြို့ရှိ ဗုဒ္ဓဘာသာဝင်ရဟန်းရှင်လူပြည်သူများအနေဖြင့် ၎င်းတို့၏အကြမ်းဖက်လုပ်ရပ်များအပေါ် လုံးဝလက်မခံနိုင်ဘဲ ယမန်နေ့က ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချပွဲပြုလုပ်ခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# နတ်သံကွင်းရဲစခန်းအား အကြမ်းဖက်သမားများ လာရောက်တိုက်ခိုက်သည့်ဖြစ်စဉ်တွင် စွမ်းစွမ်းတမံပါဝင်ဆောင်ရွက်ခဲ့ကြသည့် တပ်မတော်သားများနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များကို ဂုဏ်ပြုချီးမြှင့်




**ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးတေဇကျော် တပ်မတော်သား အရာရှိ၊ စစ်သည်များအတွက် ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်စဉ်။**




**တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကြည်သိုက် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များအတွက် ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်စဉ်။**

**နေပြည်တော် ဇန်နဝါရီ ၁၀**

တောင်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေအတွင်းရှိ နတ်သံကွင်းရဲစခန်းကို အကြမ်းဖက်သမားများ လာရောက်တိုက်ခိုက်သည့်ဖြစ်စဉ်တွင် စွမ်းစွမ်းတမံပါဝင်ဆောင်ရွက်ခဲ့ကြသည့် တပ်မတော်သားများနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များအား ဂုဏ်ပြုချီးမြှင့်ခြင်းအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် တောင်ငူလေတပ်စခန်းဌာနချုပ်၌ ကျင်းပသည်။

အခမ်းအနားသို့ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးတေဇကျော်၊ တောင်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်ကြည်သိုက်၊ တောင်ငူတပ်နယ်မှ တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်များနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးတေဇကျော်က ဂုဏ်ပြုအမှာစကားပြောကြားပြီး နတ်သံကွင်းရဲစခန်းကို အကြမ်းဖက်သမားများ လာရောက်တိုက်ခိုက်သည့် ဖြစ်စဉ်တွင် စွမ်းစွမ်းတမံ ပါဝင်ဆောင်ရွက်ခဲ့ကြသည့် တပ်မတော်သား အရာရှိ၊ စစ်သည်များအတွက် ဂုဏ်ပြုချီးမြှင့်ငွေများကိုပေးအပ်ရာ အရာရှိ၊စစ်သည် နှစ်ဦးကလည်းကောင်း၊ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးက ဖြစ်စဉ်တွင်ပါဝင်ခဲ့ကြသည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များအတွက် ဂုဏ်ပြုချီးမြှင့်ငွေများကိုပေးအပ်ရာ ရဲတပ်ဖွဲ့ဝင် နှစ်ဦးကလည်းကောင်း အသီးသီးလက်ခံရယူကြသည်။ ယင်းနောက် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးတေဇကျော်နှင့် အဖွဲ့ဝင်များသည် အရာရှိ၊ စစ်သည်များနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များအား ရင်းရင်းနှီးနှီးနှုတ်ဆက်ခဲ့ကြပြီး ဖြစ်စဉ်တွင် အကြမ်းဖက်သမားများထံမှ ရရှိခဲ့သည့် လက်နက်၊ ခဲယမ်းများကို ကြည့်ရှုခဲ့ကြသည်။

ထို့နောက် နတ်သံကွင်းရဲစခန်းကို အကြမ်းဖက်သမားများ လာရောက်တိုက်ခိုက်သည့်ဖြစ်စဉ်တွင် စွမ်းစွမ်းတမံပါဝင်ဆောင်ရွက်ခဲ့ကြသည့် တပ်မတော်သားများနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များအား နယ်မြေခံတပ်မတော်ထောက်ပံ့နှင့်ပို့ဆောင်ရေးကျောင်းဘုရင့်နောင်ခန်းမ၌ ဂုဏ်ပြုနေ့လယ်စာဖြင့် ဧည့်ခံကျွေးမွေးခဲ့ကြသည်။

တောင်ပိုင်းတိုင်းစစ်ဌာနချုပ်နယ်မြေအတွင်း ရန်ကုန်-မန္တလေးကားလမ်းဟောင်းပေါ်ရှိ ပဲခူးယ်ကုန်းမြို့နှင့် ကျောက်ကြီးမြို့ကိုဆက်သွယ်ထားသော ၁၇ မိုင်ရှည်လျားသည့် လမ်းကြောင်းပေါ်မှ စစ်တောင်းမြစ်ကို ဖြတ်ကူးသော နတ်သံကွင်းတံတားအရှေ့ခြမ်း၊ အနောက်ခြမ်းတို့ရှိ လုံခြုံရေးအဖွဲ့များနှင့် နတ်သံကွင်းမြို့တွင်းရှိ မြို့နယ်ရဲစခန်းမှ ရဲတပ်ဖွဲ့ဝင်များအခြေပြုနေထိုင်သည့် နတ်သံကွင်းရဲစခန်းကို KNLA အဖွဲ့နှင့် PDF အမည်ခံအကြမ်းဖက်သောင်းကျန်းသူပူးပေါင်းအဖွဲ့များက ၂၀၂၃ ခုနှစ် နိုဝင်ဘာလမှစတင်ပြီး သွေးတိုးစမ်းချောင်းမြောင်းပစ်ခတ်ခြင်း၊ ၎င်းတို့အကျိုးအမြတ်ရရှိရေးအဖွဲ့ငယ်များကို စနိုက်ပါဖြင့် လှည့်စားနှောင့်ယှက်ပစ်ခတ်ခြင်းနှင့် နတ်သံကွင်းရွာဝန်းကျင်၌ ၎င်းတို့အင်အား တိုးမြှင့်ချထား၍ ဆက်သွယ်ရေးလမ်းကြောင်းနှင့် ရိက္ခာဖြတ်တောက်ပိတ်ဆို့ခြင်းတို့ဆောင်ရွက်ခဲ့ပြီး ဒီဇင်ဘာ ၂၆ ရက်မှစ၍ အကြမ်းဖက်ပူးပေါင်းအင်အား ဦးရေ ၂၀၀ ခန့်ဖြင့် အပြင်းအထန်ပစ်ခတ်တိုက်ခိုက်လာခဲ့သည်။

အကြမ်းဖက်သောင်းကျန်းသူများသည် ၂၀၂၃ ခုနှစ် ဒီဇင်ဘာ ၂၆ ရက်မှ ၂၀၂၄ ခုနှစ် ဇန်နဝါရီ ၇ ရက်ထိ ၁၃ ရက်တိုင်တိုင် စခန်းပတ်လည်နေရာတို့မှ ထိန်းချုပ်၍ ပစ်ခတ်တိုက်ခိုက်ခြင်းများ ဆက်တိုက်ဆောင်ရွက်သော်လည်း စခန်းအတွင်းရှိ အရာရှိ၊စစ်သည်၊ရဲတပ်ဖွဲ့ဝင်များ အနေဖြင့် ရှပ်ရှပ်ချွံချွံ တန်ပြန်တိုက်ခိုက်ခဲ့မှု၊ လိုအပ်သည့် ရိက္ခာနှင့် ခဲယမ်းများကို လေကြောင်းမှ ပို့ဆောင်ပေးနိုင်ခဲ့မှု၊ ထိရောက်သည့် စစ်ကူ၊ ပစ်ကူများပေးနိုင်ခဲ့မှုတို့ကြောင့် အကြမ်းဖက်သမားများသည် ဇန်နဝါရီ ၇ ရက် ညနေပိုင်းတွင် အထိနာစွာ ဆုတ်ခွာသွားခဲ့ပြီး ၎င်းတို့ထံမှ လက်နက်၊ ခဲယမ်းများ သိမ်းဆည်းရမိခဲ့သည်။

တပ်မတော်သားများနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များအနေဖြင့် နတ်သံကွင်းမြို့တွင်းနှင့် ပတ်ဝန်းကျင်တစ်ဝိုက်ကို လိုအပ်သည့် နယ်မြေလုံခြုံရေးနှင့် မိုင်းရှင်းလင်းရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ရာ အကြမ်းဖက်သမားများ၏ လူမဆန်စွာ ဖျက်ဆီးမီးရှို့ခြင်း ဆောင်ရွက်ခဲ့သည့် မြို့တွင်းရှိ လူနေအဆောက်အအုံများ၊ အစိုးရရုံးများ၊ ဌာနဆိုင်ရာအဆောက်အအုံများ၊အဖွဲ့အစည်းပိုင်နေအိမ်နှင့် အဆောက်အအုံများ ပျက်စီးနေခြင်းတို့ကို တွေ့ရှိမှတ်တမ်းတင်နိုင်ခဲ့ပြီး နိုင်ငံတော်လုံခြုံရေးနှင့်ကာကွယ်ရေးတာဝန်ကို စွမ်းစွမ်းတမံထမ်းဆောင်လျက်ရှိသော အရာရှိ၊စစ်သည်များနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များအနေဖြင့် နတ်သံကွင်းဒေသအတွင်း အကြမ်းဖက်သမားများ စိုးမိုးမှုမရှိစေရေးနှင့် တရားဥပဒေစိုးမိုးရေး၊ နယ်မြေလုံခြုံရေးအတွက် လိုအပ်သည့် နယ်မြေလုံခြုံရေးလုပ်ငန်းများကို ဆက်လက်ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။




**နတ်သံကွင်းရဲစခန်းဖြစ်စဉ်တွင် အကြမ်းဖက်သမားများထံမှ ရရှိခဲ့သည့် လက်နက်၊ ခဲယမ်းများကို တွေ့ရစဉ်။**

# ဘားအံမြို့နယ် တောင်ကလေးကျေးရွာတွင် ကရင်နှစ်သစ်ကူးပွဲတော်အထိမ်းအမှတ် ကရင်လူမျိုးတို့၏ ဖားစည်ကျွဲချိုပုံဖွင့်ပွဲနှင့် ပျော်ပွဲရွှင်ပွဲများ ကျင်းပ



**ဘားအံ ဇန်နဝါရီ ၁၀**

ကရင်ပြည်နယ် ဘားအံမြို့နယ် တောင်ကလေးကျေးရွာ ကရင်နှစ်သစ်ကူးကွင်းတွင် ကရင်နှစ်သစ်ကူးပွဲတော်အထိမ်းအမှတ် ကရင်လူမျိုးတို့၏ ဖားစည်ကျွဲချိုပုံဖွင့်ပွဲနှင့် ပျော်ပွဲရွှင်ပွဲများ ကျင်းပပြုလုပ်ခဲ့ကြောင်း ကရင်နှစ်သစ်ကူးပွဲတော်(တောင်ကလေးဒေသ)ကျင်းပရေးကော်မတီဝင် ဦးစောကျော်မင်းစိန်က ပြောပြ၍ သိရသည်။

၂၀၂၄ ခုနှစ် ကရင်နှစ်သစ်ကူးပွဲတော် အထိမ်းအမှတ်ပုံဖြစ်သည့် ဖားစည်ကျွဲချိုပုံကို ဘားအံမြို့နယ် တောင်ကလေးကျေးရွာ ကရင်နှစ်သစ်ကူးကွင်းတွင် ကရင်တိုင်းရင်းသား ရိုးရာအကအဖွဲ့များ ပါဝင်ကာ ဇန်နဝါရီ ၉ ရက် နံနက် ၇ နာရီက ဖွင့်လှစ်လိုက်ခြင်းဖြစ်ပြီး ကရင်ပြည်နယ်အတွင်းရှိ မြို့နယ်အသီးသီးမှ ဒုံးယိမ်းအဖွဲ့များ၊ ကရင်တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအဖွဲ့များ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

"ကရင်နှစ်သစ်ကူးပွဲတော်ကတော့ ကရင်တိုင်းရင်းသားတွေ နေထိုင်ရာတိုင်းဒေသကြီးနဲ့ ပြည်နယ်တွေမှာ ဇန်နဝါရီ ၁၁ ရက်မှာ ကျင်းပကြမှာဖြစ်ပါတယ်။ ကျွန်တော်တို့ တောင်ကလေးကျေးရွာမှာ နှစ်ရက်လောက်စောပြီးတော့ ကျင်းပလေ့ရှိပါတယ်။ တောင်ကလေးကျေးရွာကိုတော့ ကရင်ပြည်နယ်တစ်ခုလုံးက လာရောက်ပြီး ဆင်နွှဲကြတာဖြစ်တဲ့အတွက် အကအဖွဲ့တွေစုံလင်ပြီးတော့ ရိုးရာအားကစားပြိုင်ပွဲတွေလဲ အစုံလင်ဆုံးနဲ့ အစည်ကားဆုံးဖြစ်ပါတယ်"ဟု ကရင်နှစ်သစ်ကူးပွဲတော်(တောင်ကလေးဒေသ)ကျင်းပရေးကော်မတီဝင် ဦးစောကျော်မင်းစိန်က ပြောပြသည်။

ကရင်ပြည်နယ် ဘားအံမြို့နယ် တောင်ကလေးကျေးရွာတွင် ကျင်းပသည့် ကရင်နှစ်သစ်ကူးပွဲတော်တွင် အားကစားပြိုင်ပွဲများ၊ ကရင်တိုင်းရင်းသားရိုးရာ ဒုံးယိမ်းအကပြိုင်ပွဲများကို ဇန်နဝါရီ ၉ ရက်မှစ၍ ဇန်နဝါရီ ၁၁ ရက်ထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ ASH

# Wonka ဇာတ်ကား ကမ္ဘာတစ်ဝန်းဝင်ငွေ အမေရိကန်ဒေါ်လာ ၄၆၇ သန်းကျော်ရှိလာ

**နယူးယောက် ဇန်နဝါရီ ၁၀**

ဝါနာဘရားသား ရုပ်ရှင်ကုမ္ပဏီ၏ Wonka ဇာတ်ကား ကမ္ဘာတစ်ဝန်းဝင်ငွေ အမေရိကန်ဒေါ်လာ ၄၆၇ သန်းကျော် ရှိလာပြီဖြစ်ကြောင်း ဇန်နဝါရီ ၉ ရက် သတင်းများအရ သိရသည်။

Wonka ဇာတ်ကား၏ အထက်ပါ ကမ္ဘာတစ်ဝန်းဝင်ငွေစုစုပေါင်းအနက် ၁၆၄ သန်းကျော်မှာ အမေရိကန်ပြည်တွင်းဈေးကွက်၌ ရယူနိုင်ခဲ့သည့်ဝင်ငွေဖြစ်ပြီး ဝါနာဘရားသားကုမ္ပဏီသည် Wonka ဇာတ်ကားအတွက် ရိုက်ကူးထုတ်လုပ်မှုစရိတ် အမေရိကန်ဒေါ်လာ ၁၂၅ သန်းသာ သုံးစွဲထားခြင်းဖြစ်သည်။

ချောကလက်လုပ်သူ လူငယ်လေးတစ်ဦး၏ ဘဝအိပ်မက်များကို ပုံဖော်ထားသည့် Wonka ဇာတ်ကားတွင် မင်းသား တင်မိုသီချားမက်က အဓိကဇာတ်ကောင်အဖြစ် ပါဝင်ထားသည်။

ဝါနာဘရားသားရုပ်ရှင်ကုမ္ပဏီသည် ဒါရိုက်တာ ပေါကင်းရိုက်ကူးထားသည့် Wonka ဇာတ်ကားကို ပြီးခဲ့သည့်နှစ် ဒီဇင်ဘာ ၈ ရက်တွင် စတင်ရုံတင်ပြသခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**Ref : Xinhua News**

**Trs : KKO**




# တောင်ဇလပ် တေးကဗျာ တေးဂီတဖျော်ဖြေပွဲကို MRTV-HD ရုပ်သံလိုင်းမှ ထုတ်လွှင့်သွားမည်

**ရန်ကုန် ဇန်နဝါရီ ၁၀**

(၇၇) နှစ်မြောက်ပြည်ထောင်စုနေ့ ဂုဏ်ပြုအစီအစဉ်အဖြစ် ချင်းတိုင်းရင်းသူ၊ တိုင်းရင်းသားများ တီးခတ် သီဆိုဖျော်ဖြေထားသည့် တောင်ဇလပ် တေးကဗျာ တေးဂီတဖျော်ဖြေပွဲကို ဇန်နဝါရီ ၁၂ ရက်တွင် MRTV-HD ရုပ်သံလိုင်းမှ ထုတ်လွှင့်သွားမည်ဖြစ်ကြောင်း အဆိုပါ တေးဂီတဖျော်ဖြေပွဲ၌ ပါဝင်သည့် အဆိုတော် မေထက်အေးက ပြောပြ၍ သိရသည်။

တောင်ဇလပ် တေးကဗျာ တေးဂီတဖျော်ဖြေပွဲတွင် MQT တေးဂီတအဖွဲ့က တီးခတ်ပေးသွားမည်ဖြစ်ကာ ချင်းတိုင်းရင်းသူ၊ တိုင်းရင်းသားများဖြစ်သည့် ဒါးလ်ပီး၊ အော်စကာမွှိုင်းမွှိုင်း၊ ဟူးသယ်၊ ဆလိုင်းလာလ်ထာ၊ ဇန်ချက်ခူးမ်၊ ဆူဆန်၊ ဗီသီဘွဲ့နယ်ဆီး၊ ဟာနကျဲရ်၊ မေထက်အေး၊ ဇန်အေးမွှေး၊ လာလ် အဲင်းမွှေးတို့က သီဆိုဖျော်ဖြေကြမည်ဖြစ်ကြောင်း သိရသည်။




"သီချင်းတွေကတော့ မြန်မာတေးသီချင်းတွေပါပဲ။ သီဆိုမဲ့ တေးသံရှင်တွေနဲ့ တီးဝိုင်းကတော့ ချင်းတိုင်းရင်းသားတွေနဲ့ ဖွဲ့စည်းထားပါတယ်။ ချင်းတိုင်းရင်းသားတွေမှာလဲ ချင်းတောင်ပိုင်း၊ ချင်းမြောက်ပိုင်း မြေပြန့်ချင်း စုံစုံလင်လင်ပါဝင်ပြီး သီဆိုဖျော်ဖြေကြမှာ ဖြစ်ပါတယ်" ဟု အဆိုတော် မေထက်အေးက ပြောပြသည်။

(၇၇)နှစ်မြောက် ပြည်ထောင်စုနေ့ ဂုဏ်ပြုအစီအစဉ်အဖြစ် ချင်းတိုင်းရင်းသူ၊ တိုင်းရင်းသားများ တီးခတ် သီဆိုဖျော်ဖြေထားသည့် တောင်ဇလပ် တေးကဗျာ တေးဂီတဖျော်ဖြေပွဲကို ဇန်နဝါရီ ၁၂ ရက် ည ၉ နာရီတွင် ထုတ်လွှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

ASH

# Frankenstein ဇာတ်ကား၌ မင်းသား ဂျက်ကော့အယ်လော်ဒီ ပါဝင်မည်

**နယူးယောက် ဇန်နဝါရီ ၁၀**

Netflix ကုမ္ပဏီ၏ Frankenstein ဇာတ်ကားတွင် မင်းသား ဂျက်ကော့အယ်လော်ဒီ ပါဝင်သရုပ်ဆောင်မည်ဖြစ်ကြောင်း ဇန်နဝါရီ ၉ ရက် သတင်းများအရ သိရသည်။

Frankenstein ဇာတ်ကားတွင် မင်းသား ဂျက်ကော့အယ်လော်ဒီသည် မင်းသား အော်စကာအိုင်းဆက်၊ မင်းသမီး ဗီယာဂိုတို့နှင့်အတူ သရုပ်ဆောင်ရမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါဇာတ်ကားကို ကမ္ဘာကျော်ဒါရိုက်တာ ဂီလာမိုဒယ်တိုရိုက တာဝန်ယူရိုက်ကူးမည်ဖြစ်ပြီး ဇာတ်ညွှန်းကိုလည်း ၎င်းကိုယ်တိုင်ရေးသားပေးထားသည်။

ဇာတ်ကားရိုက်ချိန်များငြိနေမှုကြောင့် Frankenstein မှ မင်းသား အင်ဒရူးဂါဖီး နုတ်ထွက်ခဲ့ပြီးနောက် ဂျက်ကော့အယ်လော်ဒီက အစားထိုး ဝင်ရောက်လာခြင်းဖြစ်သည်။

Frankenstein ဇာတ်ကားသည် Frankenstein ဝတ္ထုကိုပင် အခြေခံမည်ဖြစ်သော်လည်း ဒါရိုက်တာဂီလာမိုဒယ်တိုရို၏ စိတ်ကူးများကိုပါ ထည့်သွင်းထားမည်ဖြစ်သည်။

လက်ရှိအချိန်တွင် Frankenstein ဇာတ်ကား ရုံတင်မည့်ရက်ကို Netflixက ကြေညာခြင်းမရှိသေးကြောင်း သိရသည်။

**Ref : Russia Today**

**Trs : KKO**





# ပုဗ္ဗသီရိမြို့နယ် ဘဲကုန်း(တောင်)ကျေးရွာ၌ ဘက်စုံသုံးခန်းမတည်ဆောက်နေမှု စစ်ဆေး

**နေပြည်တော် ဇန်နဝါရီ ၁၀**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဇေယျာသီရိခရိုင် ပုဗ္ဗသီရိမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း (VDP)ဖြင့် ဘဲကုန်း(တောင်)ကျေးရွာ၌ ဘက်စုံသုံးခန်းမတည်ဆောက်နေမှုကို ဇန်နဝါရီ ၉ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ဇေယျာသီရိခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး(နည်းပညာ) ဒေါ်တင်တင်ခိုင်၊ ပုဗ္ဗသီရိမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကိုကိုနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းက ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များနှင့်အတူ ဘဲကုန်း(တောင်)ကျေးရွာ၌ ဘက်စုံသုံးခန်းမ တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး လက်ထောက်ညွှန်ကြားရေးမှူး(နည်းပညာ) ဒေါ်တင်တင်ခိုင်က လုပ်ငန်းများ သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အချိန်မီပြီးစီးအောင် ဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

ဘဲကုန်း(တောင်)ကျေးရွာ၌ အလျား ပေ ၃၀၊ အနံ ၂၄ ပေ၊ အမြင့် ၁၁ ပေရှိ ဘက်စုံသုံးခန်းမ တည်ဆောက်ခြင်းလုပ်ငန်းကို ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းရန်ပုံငွေကျပ် သိန်း ၁၅၀၊ ကျေးရွာပြည်သူထည့်ဝင်ငွေကျပ် လေးသိန်း စုစုပေါင်းငွေကျပ် ၁၅၄ သိန်း အသုံးပြု၍ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ၂၀၂၃ ခုနှစ် နိုဝင်ဘာလတတိယပတ်ကစတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၉၈ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါ လုပ်ငန်းပြီးစီးပါက ကျေးရွာရှိ အိမ်ခြေ ၂၀၂ အိမ်၊ လူဦးရေ ၈၆၀ တို့၏ လူမှုရေးနှင့် စီးပွားရေးကိစ္စရပ်များအတွက် အသုံးပြုနိုင်မည်ဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဦးကိုကိုက ပြောပြ၍ သိရသည်။

**နေဝ်လူး**

# နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မုန်ညင်းနှင့် ပန်းနှမ်း ၁၆၆၇ ဧက စိုက်ပျိုးပြီးစီး



ယခင်နှစ်က မုန်ညင်းစိုက်ခင်းကိုတွေ့ရစဉ်။

**မုံရွာ ဇန်နဝါရီ ၁၀**

စစ်ကိုင်းတိုင်းဒေသကြီး နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသတွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မုန်ညင်းနှင့်ပန်းနှမ်း ၁၆၆၇ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဦးဝင်းလှိုင်ဦးက ပြောပြ၍ သိရသည်။

နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မုန်ညင်းနှင့်ပန်းနှမ်း ၁၆၂၇ ဧက စိုက်ပျိုးရန်လျာထားပြီး ၂၀၂၃ ခုနှစ် အောက်တိုဘာလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၁၆၆၇ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ မုန်ညင်းနဲ့ပန်းနှမ်း ၁၆၂၇ ဧက စိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ ၁၆၆၇ ဧက စိုက်ပျိုးပြီးပါပြီ။ လျာထားချက်ထက် ပိုမိုစိုက်ပျိုးနိုင်ပါတယ်။ ပန်းနှမ်းကို ဆီအဖြစ်အသုံးပြုကြတယ်။ မုန်ညင်းကို ဆီအဖြစ်လုပ်တယ်။ ဆေးအဖြစ် သုံးကြတယ်"ဟု စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန တိုင်းဒေသကြီး ဦးစီးမှူး ဦးဝင်းလှိုင်ဦးကပြောပြသည်။

နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် မုန်ညင်းနှင့် ပန်းနှမ်းစိုက်ပျိုးပြီးစီးမှုအနေဖြင့် လေရှီးမြို့နယ်တွင် မုန်ညင်း ၁၂၈ ဧက၊ ပန်းနှမ်း ၁၈ ဧက၊ လဟယ်မြို့နယ်တွင် မုန်ညင်း ဧက ၁၀၀၊ ထန်ပါခွေမြို့တွင် မုန်ညင်း ၂၈ ဧက၊ နန်းယွန်းမြို့နယ်တွင် မုန်ညင်း ၆၃၉ ဧက၊ ဒုံဟီးမြို့တွင် မုန်ညင်း ၃၂၈ ဧက၊ ပန်းနှမ်း သုံးဧကနှင့် ပန်ဆောင်မြို့တွင် မုန်ညင်း ၄၂၃ ဧက စုစုပေါင်း ၁၆၆၇ ဧကဖြစ်ကြောင်း၊ လျာထားမှုအနေဖြင့် လေရှီးမြို့နယ်တွင် မုန်ညင်းဧက ၃၆၀၊ ပန်းနှမ်း ၁၀ ဧက၊ လဟယ်မြို့နယ်တွင် မုန်ညင်း ၉၅ ဧက၊ ထန်ပါခွေမြို့တွင် မုန်ညင်း ၂၈ ဧက၊ နန်းယွန်းမြို့နယ်တွင် မုန်ညင်း ၃၇၉ ဧက၊ ဒုံဟီးမြို့တွင် မုန်ညင်းဧက ၃၆၀၊ ပန်းနှမ်း ငါးဧက၊ ပန်ဆောင်မြို့တွင် မုန်ညင်းဧက ၃၉၀ စုစုပေါင်း ၁၆၂၇ ဧကဖြစ်ကြောင်း သိရသည်။

(၂၀၆)

# ညောင်ရွှေမြို့နယ် တောင်ပို့ကြီးကျေးရွာ၌ VDP စီမံကိန်းလုပ်ငန်းများဆောင်ရွက်နေမှု စစ်ဆေး

**ညောင်ရွှေ ဇန်နဝါရီ ၁၀**

ရှမ်းပြည်နယ် (တောင်ပိုင်း) ကလောခရိုင် ညောင်ရွှေမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် တုံးလည်ကျေးရွာအုပ်စု တောင်ပို့ကြီးကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) လုပ်ငန်းများဆောင်ရွက်နေမှုကို ဇန်နဝါရီ ၉ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ညောင်ရွှေမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကိုကိုနိုင်၊ ဦးစီးအရာရှိ(နည်းပညာ) ဒေါ်မြမြမွေးနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများသည် တောင်ပို့ကြီးကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းလုပ်ငန်းဖြစ်သည့် စာသင်ကျောင်းအုတ်တံတိုင်း ကာရံခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူး ဦးကိုကိုနိုင်က ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များနှင့် တွေ့ဆုံကာ လုပ်ငန်းများ သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးအောင် ဆောင်ရွက်ကြရန် မှာကြားသည်။



တောင်ပို့ကြီးကျေးရွာ၌ အလျားပေ ၃၅၀၊ အနံ ပေ ၃၀၀၊ အမြင့် ခြောက်ပေရှိ စာသင်ကျောင်းအုတ်တံတိုင်းကာရံခြင်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP)ရန်ပုံငွေကျပ် သိန်း ၁၅၀၊ ပြည်သူထည့်ဝင်ငွေကျပ် ၉ ဒသမ ၈ သိန်းဖြင့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ နည်းပညာပံ့ပိုးကာ ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များက ဦးဆောင်၍ ကျေးရွာသူ၊ ကျေးရွာသားများ ကိုယ်တိုင် ၂၀၂၃ ခုနှစ် နိုဝင်ဘာလ ဒုတိယပတ်မှ စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၆၀ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဦးကိုကိုနိုင်က ပြောပြ၍ သိရသည်။

**ဟိန်းထက်စိုး(မလှိုင်)**

# ကြာအင်းဆိပ်ကြီးမြို့နယ် ဒါလီကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ကြာအင်းဆိပ်ကြီး ဇန်နဝါရီ ၁၀**

ကရင်ပြည်နယ် ကြာအင်းဆိပ်ကြီးခရိုင် ကြာအင်းဆိပ်ကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဒါလီကျေးရွာ၌ ပဥ္စမအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေထုတ်ချေးခြင်းကို ဇန်နဝါရီ ၉ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ကြာအင်းဆိပ်ကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစောဟိန်းမင်းက ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ကျစေရန်နှင့် တစ်နိုင်တစ်ပိုင်စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ၊ အခြားမိသားစုဝင်ငွေ တိုးပွားရေးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ အကောင်အထည်ဖော် ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ ကျေးရွာသူ၊ ကျေးရွာသားများအနေဖြင့် မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေကို ထိရောက်အောင်မြင်အောင် ဆောင်ရွက်ကြစေလိုကြောင်း မှာကြားသည်။

ထို့နောက် ကြာအင်းဆိပ်ကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ကြီးကြပ်မှုကော်မတီဝင်များနှင့်အတူ ဒါလီကျေးရွာမှ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူဦးရေ ၇၀၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ လေးဦး စုစုပေါင်းအသင်းသား၊ အသင်းသူ ၇၄ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ် ၄၀၅ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**ဘိုဘို**


## လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ



နိုင်ငံတော်မီဖွံ့ဖြိုးရေးအတွက်

အဓိကအဖော်မွန်ဖြစ်သော လျှပ်စစ်မီးကို

- ဝန်နှင့်အား မျှတအောင် သုံးစွဲပါ။
- လေလွင့်ပျောက်ဆုံးမှုမရှိအောင် ဂရုစိုက်ပါ။
- အန္တရာယ်မဖြစ်အောင် သတိပြုပါ။
- နေ့စဉ် အကျိုးရှိစွာ ချွေတာသုံးစွဲပါ။


## မန္တလေးမြို့ ကုန်စည်ဈေးနှုန်းများ

**၁၀-၁-၂၀၂၄**

**ဆန်**

| | | |
|---|---|---|
| ရွှေဘိုဘေးကျား (ပေါ်ဆန်း) (တစ်အိတ်) | ကျပ် | ၁၆၀၀၀၀/၁၆၅၀၀၀ |
| ပုသိမ်(ပေါ်ဆန်းမွှေး)(တစ်အိတ်) | ကျပ် | ၁၄၀၀၀၀/၁၅၀၀၀၀ |
| ဖျာပုံ(ပေါ်ဆန်းမွှေး) (တစ်အိတ်) | ကျပ် | ၁၁၅၀၀၀/၁၂၀၀၀၀ |
| မဂျမ်းတော(အသစ်) (တစ်အိတ်) | ကျပ် | ၁၁၅၀၀၀/၁၂၀၀၀၀ |
| မနောသုခ(အသစ်)(ပုသိမ်)(တစ်အိတ်) | ကျပ် | ၉၅၀၀၀/၁၀၅၀၀၀ |
| ဧည့်ဒီယာ(အသစ်) (တစ်အိတ်) | ကျပ် | ၉၅၀၀၀/၁၀၅၀၀၀ |
| မနောသုခ(အသစ်)(မတ္တရာ)(တစ်အိတ်) | ကျပ် | ၈၃၀၀၀/၈၅၀၀၀ |

**စားဆီ**

| | | |
|---|---|---|
| ပဲဆီ (တစ်ပိဿာ) | ကျပ် | ၁၀၀၀၀/၁၂၀၀၀ |
| နှမ်းဆီ (တစ်ပိဿာ) | ကျပ် | ၁၂၅၀၀/၁၃၅၀၀ |
| နေကြာဆီ (တစ်ပိဿာ) | ကျပ် | ၁၃၀၀၀/၁၃၅၀၀ |

**စက်သုံးဆီ**

| | | |
|---|---|---|
| ဒီဇယ်(ရိုးရိုး) (တစ်လီတာ) | ကျပ် | ၂၃၇၀ |
| ဒီဇယ်(ပရီမီယံ) (တစ်လီတာ) | ကျပ် | ၂၄၅၀ |
| ဓာတ်ဆီ(တစ်လီတာ) | ကျပ် | ၂၂၂၀ |
| အောက်တိန်း(၉၂) (တစ်လီတာ) | ကျပ် | ၂၅၈၀ |
| အောက်တိန်း(၉၅) (တစ်လီတာ) | ကျပ် | ၂၆၈၅ |

**(သာ စက်သုံးဆီဆိုင်၏ ဈေးနှုန်းများသာဖြစ်ပါသည်။)**

**အိမ်ဆောက်ပစ္စည်းဈေးနှုန်းများ**

**ဘိလပ်မြေ**

| | | |
|---|---|---|
| အယ်ဖာအမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၂၀ |
| AAA အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၀၀ |
| Apache အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| Crown အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၂၀၀ |
| ကြံ့နှစ်ကောင်အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |

**သံချောင်း**

| | | |
|---|---|---|
| တစ်မတ်လုံး (တစ်တန်) | ကျပ် | ၁၇၀၀၀၀၀ |
| ငါးမူးလုံး (တစ်တန်) | ကျပ် | ၁၄၀၀၀၀၀ |
| သုံးမူးလုံး(တစ်တန်) | ကျပ် | ၁၃၁၀၀၀၀ |
| ခြောက်မူးလုံး (တစ်တန်) | ကျပ် | ၁၂၉၀၆၀၀ |
| ကျပ်လုံး (တစ်တန်) | ကျပ် | ၉၉၈၀၀၀ |

**အိမ်မိုးသွပ်**

| | | |
|---|---|---|
| (၆၊၇၊၈)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၁၀၀ |
| (၉၊၁၀)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၂၅၀ |
| (၁၁၊၁၂)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၄၀၀ |

(၁၉၆)

# ရသေ့တောင်မြို့နယ် မိုးစည်ကျွန်းခြေတော်ရာ

ကျွန်းသားငမန်း

ရခိုင်ပြည်နယ်သည် ဗုဒ္ဓသာသနာထွန်းကားရာနယ်မြေဒေသတစ်ခုဖြစ်ပြီး ဘုရားစေတီပေါင်းမြောက်မြားစွာ တည်ရှိရာဒေသတစ်ခုလည်းဖြစ်သည်။ အဆူဆူသောဘုရားပုထိုးစေတီများအနက် ရခိုင်ပြည်သူများအလေးထား၍ သွားရောက်ဖူးမြော်လေ့ရှိသောဘုရားတစ်ဆူမှာ နမ္မဒါမြစ်ခေါ် ခြေတော်ရာမြစ်ကမ်းဘေးရှိ မိုးစည်ကျွန်းခြေတော်ရာနှင့် ခြေတော်ရာဘုရားဖြစ်သည်။ ဤခြေတော်ရာတည်ရှိရာနေရာမှာ စစ်တွေမြို့နှင့်မနီးလွန်း၊ မဝေးလွန်းသောနေရာတွင်ဖြစ်သည်။ စစ်တွေမြို့မှ နံနက် ၇ နာရီတွင် ထွက်ခွာသည့် စစ်တွေ-ရသေ့တောင်-ဘူးသီးတောင်သွားသင်္ဘောဖြင့် လိုက်ပါလျှင် ခြေတော်ရာသို့ နံနက် ၉ နာရီ မိနစ် ၃၀ ခန့်တွင် ရောက်ရှိနိုင်သည်။ ခြေတော်ရာတည်ရှိရာနေရာမှာ တောရိပ်၊ တောင်ရိပ်တို့ဖြင့် အေးငြိမ်းရာနေရာတစ်ခုဖြစ်သည်။

ခြေတော်ရာသို့ စစ်တွေမှ အချိန်တိုတိုဖြင့် သွားလိုလျှင် စစ်တွေမှ ကားဖြင့် အမြင့်ကျွန်းဆိပ်ကမ်းသို့ မိနစ်၂၀ ခန့်သွားရသည်။ အမြင့်ကျွန်းဆိပ်ကမ်းမှ ခြေတော်ရာသို့မော်တော်ငယ်ဖြင့် မိနစ်သုံးဆယ်ခန့် ခုတ်မောင်းရသည်။ ခြေတော်ရာဘုရားသို့မရောက်မီ အဝေးကပင် လှမ်းမြင်ရသောအစိမ်းရင့်ရောင်တောင်တန်း၊ တောတန်းနောက်ခံဖြင့် တောင်ခြေရင်းတွင်တည်ဆောက်ထားသည့် ဗုဒ္ဓဂယာမဟာဗောဓိ ပုံစံတူစေတီတော်ကြီးနှင့် သိမ်ကျောင်း၊ ဇရပ်များကို ဖူးတွေ့ရသည်မှာ စိတ်နှလုံးကို ကြည်မွေ့စေသည်။

**ခြေတော်ရာများကိုလေ့လာခြင်း**

ဗုဒ္ဓဘုရားရှင်၏ခြေတော်ရာများကို လေ့လာသောအခါ အမျိုးအစားအလိုက် လေးမျိုးရှိကြောင်းသိရသည်။ ခြေတော်ရာများမှာအရွယ်အစားအမျိုးမျိုး၊ ပုံစံအမျိုးမျိုးဖြင့်ရှိကြသည်။ အချို့သောခြေတော်ရာများမှာ စက်လက္ခဏာမပါရှိပေ။ အချို့သောခြေတော်ရာတို့၌ စက်လက္ခဏာများပါရှိသည်။ စက်လက္ခဏာပုံစံတို့မှာလည်း တစ်ခုနှင့်တစ်ခုမတူညီကြပေ။ တွေ့ရှိရသောခြေတော်ရာများအနက် ပထမခြေတော်ရာပုံစံမှာ ရွံ့စေးပေါ်၌ လူသားတစ်ဦး၏ပကတိခြေတော်ရာအတိုင်း ဖိနှိပ်ထားသကဲ့သို့ ခြေရာထင်နေသောပုံစံမျိုးဖြစ်သည်။ ဤခြေတော်ရာမျိုးကို သဘာဝကျောက်ဆောင်များ၊ ကျောက်တန်းများ၌သာတွေ့ရပြီး စက်လက္ခဏာနှင့် မည်သည့်သင်္ကေတမှ ပါဝင်ခြင်းမရှိပေ။ ဒုတိယခြေတော်ရာပုံစံမှာ ပထမခြေတော်ရာပုံစံမျိုးကို ပုံစံယူထွင်းထုပူဇော်ထားသောခြေတော်ရာဖြစ်သည်။ ကျောက်သားပေါ်တွင် ခြေတော်ရာပုံစံတစ်ကြောင်းဆွဲမျဉ်းဖြင့် ပုံဖော်ထားပြီး မည်သည့်စက်လက္ခဏာမျှမပါရှိပေ။ တတိယခြေတော်ရာပုံစံမှာ ကြေးဖြင့်သွန်းလုပ်ထားခြင်းဖြစ်ပြီး ဝဲယာနှစ်ဖက်စလုံးတွင် ဆန်းပြားသောစက်လက္ခဏာများပါရှိသည်။ ခြေတော်ရာပုံစံကို စက်လက္ခဏာများဖြင့် အမွှမ်းတင်ပူဇော်ထားခြင်းဖြစ်သည်။ စတုတ္ထခြေတော်ရာပုံစံမှာ တစ်ရာ့ရှစ်ကွက်စက်လက္ခဏာများဖြင့် တန်ဆာဆင်ကာ ကျောက်သားပြင်တွင်ထွင်းထု၍လည်းကောင်း၊ သစ်သားပေါ်တွင်ထွင်းထု၍လည်းကောင်း၊ မြေအုတ်ပေါ်တွင် ပုံထွင်း၍လည်းကောင်း၊ ယွန်းဖြင့် ပုံဖော်၍လည်းကောင်း၊ ပန်းချီဆေးရေးဖြင့်လည်းကောင်း တွေ့ရတတ်သည်။ စက်လက္ခဏာပေါင်းတစ်ရာ့ရှစ်ကွက်ပါရှိသည်။

တွေ့ရှိရသမျှခြေတော်ရာများကို ခြုံငုံကောက်ချက်ချရလျှင် ပထမခြေတော်ရာပုံစံမျိုးကို ဓညဝတီခေတ်တွင်လည်းကောင်း၊ ဒုတိယခြေတော်ရာပုံစံမျိုးကို ဓညဝတီခေတ်နှောင်းပိုင်းနှင့် ဝေသာလီခေတ်ဦးပိုင်းတွင်လည်းကောင်း၊ တတိယခြေတော်ရာပုံစံမျိုးကို ဝေသာလီခေတ်နှင့် လေးမြို့ခေတ်တွင်လည်းကောင်း၊ စတုတ္ထခြေတော်ရာပုံစံမျိုးကို လေးမြို့ခေတ်နှောင်း၊ မြောက်ဦးခေတ်တစ်လျှောက်လုံးနှင့် ယနေ့ခေတ်ထိလည်းကောင်း ရေးဆွဲပုံဖော်ကိုးကွယ်ခဲ့ကြသည်။ ဘာသာရေးဆိုင်ရာပုဂ္ဂိုလ်များက ပထမခြေတော်ရာပုံစံမှာ တန်ခိုးကြွဒ္ဓိပါဒ်ရှိသော ဘုရားရှင်တစ်ပါးပါးက နောင်လာနောက်သားတို့ပူဇော်ခွင့်ရစေရန် ထားရစ်ခဲ့ကြသည်ဟု ယူဆကြသည်။ ဘုရားရှင်သက်တော်ထင်ရှားရှိစဉ်အခါက ဘီစီငါးရာစုတွင် သုနာပရန္တတိုင်းဟု ခေါ်တွင်ခဲ့သည့် နတ်မြစ်နှင့် ရောဝတီမြစ်ကြားဒေသတစ်ခွင်ကြွချီတော်မူစဉ် ခတ်နှိပ်ထားခဲ့သောခြေတော်ရာများအဖြစ် ဗုဒ္ဓဘာသာဝင်တို့ ယုံကြည်ကိုးကွယ်ခဲ့ခြင်းဖြစ်သည်။



ရသေ့တောင်မြို့နယ်ရှိ မိုးစည်ကျွန်းခြေတော်ရာကို တွေ့ရစဉ်။

ဤခြေတော်ရာကို ယနေ့တိုင် မူလနေရာအတိုင်း သဘာဝကျောက်ဆောင်၊ ကျောက်တန်းများပေါ်တွင် တွေ့ရှိရသည်။

**ပြည်တွင်း၊ပြည်ပတွင်ထင်ရှားရှိသောခြေတော်ရာများ**

ဗုဒ္ဓဘာသာဝင်များအဖို့ ဘုရားရှင်အား ရည်မှန်းပြီး ပူဇော်လျက်ရှိသော ခြေတော်ရာများမှာ ပြည်တွင်း၊ ပြည်ပ၌ အထင်အရှားပင်ရှိနေဆဲဖြစ်သည်။ အထူးအားဖြင့် ဖော်ပြရလျှင် သီဟိုဠ်နိုင်ငံ (သီရိလင်္ကာနိုင်ငံ) သမန္တကူဋခေါ် တောင်ထိပ်တွင်တစ်ဆူ၊ ထိုင်းနိုင်ငံ ဇင်းမယ်ဒေသတွင်တစ်ဆူ၊ လာအိုနိုင်ငံ မဲ့ဆာဒေသတွင် တစ်ဆူရှိကြောင်းသိရသည်။ မြန်မာနိုင်ငံတွင်လည်း မင်းဘူးခရိုင် မင်းဘူးမြို့နယ် မန်းစက်တော်ရာ၌တစ်ဆူ၊ တောင်ကုတ်ခရိုင် တောင်ကုတ်မြို့နယ် မအီချောင်းအတွင်း၌ နှစ်ဆူ၊ ပေါက်တောမြို့နယ် အနောက်ဖရုံကာကျွန်း ဆံတော်ရှင်ကမ်းခြေတွင် တစ်ဆူနှင့် ရသေ့တောင်မြို့နယ် မိုးစည်ကျွန်း အရှေ့ဘက်ကမ်းခြေ နမ္မဒါမြစ်ကမ်းပါးတွင် တစ်ဆူတည်ရှိကြောင်း ရခိုင်သာသနာဝင်သမိုင်းတွင် ဖော်ပြထားသည်။

**မိုးစည်ကျွန်းခြေတော်ရာ**

မြတ်စွာဘုရားရှင်သည် မဟာသက္ကရာဇ် ၁၂၃ ခုနှစ်တွင် ရခိုင်ပြည်ဓညဝတီသို့ နောက်ပါရဟန္တာငါးရာနှင့် ကြွချီရောက်ရှိလာခဲ့ရာ သေလာဂီရိမောရဗဗ္ဗတတောင်ထိပ်၌ ခေတ္တရပ်နားစဉ် ဗျာဒိတ်စကားမြွက်ကြားတော်မူခဲ့ရာတွင် "ချစ်သားအာနန္ဒာ၊ ငါဘုရားရှင်သည် ဤသေလာဗဗ္ဗတမှသည် နီလာဗဗ္ဗတတောင်သို့ ရောက်တော်မူလတ္တံ့၊ ထိုသို့ရောက်တော်မူသောအခါ ရှစ်မျိုးသောနဂါးအပေါင်းတို့ တောင်းပန်မှုကြောင့် နီလာဗဗ္ဗတတောင်ခြေရင်း၌ ခြေတော်ရာတစ်ဆူ၊ ဆံတော်ရှင်တစ်ဆူနှင့်နမ္မဒါမြစ်ကမ်းယံ၌ ခြေတော်ရာတစ်ဆူတို့သည် နောင်အစဉ်တည်လတ္တံ့သတည်း"ဟု မြွက်ကြားတော်မူခဲ့သည်။ မြတ်စွာဘုရားရှင်သည် ဓညဝတီပြည့်ရှင်မင်း၏ တောင်းပန်လျှောက်ထားချက်အရ မဟာမုနိသွန်းစက်တော်ကိုသွန်းလုပ်ရန် ခွင့်ပြုတော်မူခဲ့ပြီးနောက် မဟိသကရက္ခပူရတိုင်းတစ်ခွင်သို့ ဒေသစာရီလှည့်လည်ပြီး မဇ္ဈိမဒေသသို့ အပြန်ခရီးတွင် ရသေ့တောင်မြို့နယ်အဝင် နမ္မဒါမြစ်၏လက်ဝဲဘက်ကမ်းပါးရှိ ကျောက်တောင်ပေါ်တွင် ခေတ္တရပ်နားစဉ် နမ္မဒါနဂါးမင်းသည် မြတ်စွာဘုရားရှင်ကို အထူးပူဇော်အလုပ်အကျွေးပြုတော်မူပြီးနောက် အစဉ်ထာဝရကိုးကွယ်နိုင်ရန် ပါဒစက်ခြေတော်ရာတစ်ဆူ ချီးမြှင့်ပေးပါရန် လျှောက်ထားတောင်းပန်ချက်အရ အနာဂါမ်ဉာဏ်တော်ဖြင့် ကြည့်တော်မူကာ သာသနာပတ်လုံးကိုးကွယ်ဆည်းကပ်နိုင်စေခြင်းငှာ ဘုရားရှင်သည် လက်ဝဲခြေတော်ရာ တစ်ဆူချထားလျက် နမ္မဒါနဂါးမင်းကို ထိန်းသိမ်းစောင့်ရှောက်ကိုးကွယ်နိုင်ရန် ချီးမြှင့်ပေးသနားတော်မူခဲ့သည်။

ဤခြေတော်ရာကို နတ်နဂါးတို့အစဉ်သဖြင့် ကိုးကွယ်ဖုံးကွယ်ထားရှိခဲ့ရာ ကုန်းဘောင်ခေတ်မင်းတုန်းမင်းတရားကြီးလက်ထက်တွင် ပိဋကတ်အထောက်အထားကျမ်းဂန်များနှင့်တိုက်ဆိုင်ညှိနှိုင်းမှုအရ သင်္ဂဇာဆရာတော်ကြီးကိုယ်တိုင် ရခိုင်ဒေသသို့ သက္ကရာဇ် ၁၂၄၀ ပြည့်နှစ်တွင် ကြွရောက်တော်မူလာပြီး ကြိုးစား ရှာဖွေခဲ့သော်လည်း မတွေ့ပေ။ သက္ကရာဇ် ၁၂၄၂ ခုနှစ်တွင်လူသူတော်စင်တစ်ဦးက ရှာဖွေတွေ့ရှိခဲ့ပြီး သက္ကရာဇ် ၁၂၆၀ ပြည့်နှစ်တွင် ရာဇဓိရာဇဂုဏ်ရှာဘွဲ့တံဆိပ် နှစ်ကြိမ်ဆက်ကပ်ခြင်းခံရသော ရွှေကျင်သာသနာပိုင်ဆရာတော်ကြီး ကြွရောက်တော်မူခဲ့ပြီး ခြေတော်ရာကို ဖူးမြော်လျက် စေ့စေ့စပ်စပ်လေ့လာကာ မျက်မြင်နှင့် ပိဋကတ်စာပေတို့ဖြင့် နှီးနှောသုံးသပ်၍ ဤခြေတော်ရာသည် ဘုရားရှင်ကိုယ်တော်တိုင် ထားရစ်တော်မူခဲ့သော ခြေတော်ရာပင်ဖြစ်ပေသည်ဟု မှတ်ချက်ပြုမိန့်ကြားတော်မူခဲ့သည်။ သက္ကရာဇ် ၁၂၉၇ ခုနှစ်တွင်လည်း ဝိပဿနာကမ္မဋ္ဌာန်းကျမ်းပြု ဆရာတော်ကြီးတစ်ပါးဖြစ်သောဦးတိက္ခိန္ဒြယမထေရ်မြတ်သည် ကိုယ်တော်တိုင်ကြွရောက်ဖူးမြော်ပြီး "ဒါယကာတို့၊ သင်တို့သည် ဤခြေတော်ရာကို သံသယမရှိကြကုန်လင့်။ ဤခြေတော်ရာသည် ဘုရားရှင်၏ခြေတော်ရာစစ်စစ်ပင်ဖြစ်သည်"ဟု မိန့်ကြားတော်မူခဲ့ကြောင်း သိရှိမှတ်သားရသည်။

**လက်ရှိအနေအထား**

မိုးစည်ကျွန်းခြေတော်ရာမှာ ခေတ်အဆက်ဆက်တွင် လင်းတစ်ချည်၊ မှုန်တစ်လှည့်ဖြင့်ရှိခဲ့သော်လည်း ၂၀၀၀ ပြည့်လွန်နှစ်များတွင် အလိုတော်ပြည့်ဆရာတော်ကြီး ကိုယ်တိုင်ဦးစီး ကမကထပြုလုပ်၍ ပြန်လည်ပြုပြင်မွမ်းမံတော်မူခဲ့သည်။ ကုသိုလ်ရှင်များ၏ လှူဒါန်းမှုဖြင့် ဘုရားဖူးများအလွယ်တကူ လာရောက်ဖူးမြော်နိုင်စေရန် သံကူကွန်ကရစ်ဆိပ်ခံတံတားအပါအဝင် သာသနိကအဆောက်အအုံများစွာတို့ကို ဆောက်လုပ်ထားပြီးဖြစ်သည်။ သိမ်၊ ကျောင်း၊ ဇရပ်များကိုလည်း ဆောက်လုပ်လှူဒါန်းထားပြီးဖြစ်သဖြင့် ဘုရားဖူးလာသူများ စိတ်အေးသက်သာစွာအနားယူ ဘုရားဖူးမြော်နိုင်ပြီဖြစ်သည်။

**ခြေတော်ရာ၏ထူးခြားချက်**

မိုးစည်ကျွန်း ခြေတော်ရာ၏ထူးခြားချက်များမှာ ယုံကြည်သောသဒ္ဓါတရားဖြင့် ကောင်းစွာနှလုံးသွင်းထား၍ ကျောက်သားပြင်တွင် စာကူးစက်ဖယောင်းစက္ကူကို ညင်သာစွာဖိနှိပ်ရေးခြစ်ကူးယူခြင်းဖြင့် မိမိနှင့် ကံပါရမီတူညီသောစက်လက္ခဏာတို့ကို ဖူးမြော်ပူဇော်ရခြင်း၊ သုံးနှစ်ပြည့်တိုင်း၊ ကုသိုလ်ထူးကုသိုလ်မြတ်များ ပြုလုပ်အမျှပေးဝေတိုင်း နမ္မဒါမြစ်အတွင်းတွင် သဘာဝမဟုတ်ဘဲ ထူးခြားသောလှိုင်းတံပိုးများပေါ်လာပြီး စိမ်းညို့လှပသောအရောင်ဖြင့် မြွေတစ်ကောင်အသွင် ကြီးမားရှည်လျားသော ကျောက်တန်းကြီးကို ပကတိအတိုင်းပင် ဘုရားဖူးသူတို့ တွေ့မြင်ကြရခြင်း၊ ဝါတွင်းကာလများတွင် အလွန်ရှည်လျား၍ အရောင်အဆင်းထူးခြားသော အဆိပ်ပြင်းမြွေနဂါးမျိုးတို့ခြေတော်ရာအတွင်း ရောက်ရှိလာပြီး ရက်သတ္တပတ်လုံး အစာရေစာမစားဘဲ ဥပုသ်စောင့်ထိန်းကာ ပျောက်ကွယ်သွားလေ့ရှိခြင်း၊ ရံဖန်ရံခါတွင် ဖားများပါ အတူရောက်ရှိလာခြင်း၊ ခြေတော်ရာမှာ မာကျောသောကျောက်သားပြင်တွင် သဘာဝအတိုင်းချောမွေ့နူးညံ့စွာ ဖြစ်တည်နေသော်လည်း ပျော့ပျောင်းသောရွှံ့မြေပေါ်တွင် နင်းနှိပ်ထားသည့်ပမာ ဘေးပတ်ပတ်လည်၌ အန့်ထွက်လျှံကျနေပုံမှာ လူတို့ဖန်တီးတုပ၍ ဖြစ်နိုင်ဖွယ်မရှိခြင်း၊ ဒီရေပြည့်နေချိန်တွင်ဖြစ်စေ၊ ထူးကဲဒီရေများတက်နေချိန်တွင်ဖြစ်စေ၊ မုန်တိုင်းကြီးများကြောင့် လှိုင်းကြီးနေချိန်တွင်ဖြစ်စေ ခြေတော်ရာအောက်လှိုင်းတစ်ပုတ်စာ၊ လှိုင်းတစ်ပြန်စာခန့်ရောက်လျှင် လှိုင်းချိုး၍ ဦးခိုက်ခြင်း၊ မိုးတွင်းတစ်ရာသီလုံးသည်းထန်သော မိုးအကြိမ်ကြိမ်ရွာသွန်းနေသော်လည်း ခြေတော်ရာအတွင်း ရေတင်၊ ရေဝပ်နေသည်ကို မတွေ့မြင်ရခြင်း၊ ကုသိုလ်ကောင်းမှုပြုသူတိုင်းအကြောင်းအရာတစ်ခုကို အဓိဋ္ဌာန်ပြုပါက အောင်မြင်ရခြင်း စသည်တို့ဖြစ်သည်။

ယခုအခါ ဆောင်းရာသီရောက်ရှိပြီဖြစ်၍ ခြေခင်းလက်ခင်းသာသည့်အချိန်သို့ရောက်ခဲ့ပြီ။ သည်လိုရာသီကာလတွင် လူအများတို့မှာ အပန်းဖြေခရီးများသွားကြသည်။ မြန်မာလူမျိုးအများစုတို့၏အပန်းဖြေခရီးသည် အများအားဖြင့် ဘုရားဖူးခရီးများသွားခြင်းဖြစ်သည်။ ဘုရားရှင်၏အေးမြသောအရိပ်အာဝါသအောက်သို့ ခိုလှုံကာ စိတ်အမောများကို ဖြေသိမ့်ကြခြင်းလည်းဖြစ်သည်။ မိုးစည်ကျွန်းခြေတော်ရာကား ဗုဒ္ဓဘုရားရှင်၏ ခြေတော်ရာအစစ်ဖြစ်ကြောင်း ဆရာတော်ကြီးများက သတ်မှတ်မိန့်ကြားသော ခြေတော်ရာတစ်ဆူဖြစ်သည်။ သာသနာတော်၌ သက်ဝင်ယုံကြည်သူများ သွားရောက်ဖူးမြော်ကုသိုလ်ယူနိုင်သည့် နေရာတစ်ခုဖြစ်ကြောင်း ရေးသားတင်ပြလိုက်ရပါသည်။

**ကိုးကား**

–ရခိုင်ပြည်နယ် ရသေ့တောင်မြို့နယ် မိုးစည်ကျွန်းရှိ ဘုရားရှင်၏ခြေတော်ရာသမိုင်း

# ၂၀၂၄ ခုနှစ်အတွင်း စင်ကာပူစီးပွားရေးအလားအလာ



ကုန်သွယ်ရေးလုပ်ငန်းအပေါ် မှီခိုနေသည့် စင်ကာပူနိုင်ငံသည် ၂၀၂၃ ခုနှစ်အတွင်း စီးပွားရေးကျဆင်းမှုကို ရှောင်ရှားနိုင်ခဲ့သော်လည်း လူနေမှုစရိတ်များမြင့်တက်လာခြင်းသည် ၂၀၂၄ ခုနှစ်အတွင်း မူဝါဒချမှတ်သူများကို စိန်ခေါ်မှုတစ်ရပ်ဖြစ်လာနိုင်ပေသည်။ စင်ကာပူကဲ့သို့သော ကုန်သွယ်မှုလုပ်ငန်းများကိုမှီခိုနေရသည့် စီးပွားရေးလုပ်ငန်းများသည် ဘဏ္ဍာရေးဆိုင်ရာအစီအမံများ တင်းကျပ်လာသဖြင့် အပြင်းအထန်ထိခိုက်လာနိုင်ပေသည်။ စင်ကာပူ၏ ကုန်သွယ်မှုနှင့် GDP အချိုးသည် ၂၀၂၂ ခုနှစ်တွင် ၃၃၆ ဒသမ ၈၆ ရာခိုင်နှုန်းရှိခဲ့သည့်အတွက် ၂၀၂၁ ခုနှစ်ကထက် ၃ ဒသမ ၅၂ ရာခိုင်နှုန်း တိုးတက်လာခဲ့သည်။

GDP၏ ၂၅ ရာခိုင်နှုန်းခန့်ရှိသော စင်ကာပူ၏ ပြည်ပပို့ကုန်ထုတ်လုပ်မှုသည် ၂၀၂၂ ခုနှစ် အောက်တိုဘာလမှစ၍ ကမ္ဘာလုံးဆိုင်ရာ ဝယ်လိုအားကျဆင်းလာသဖြင့် ပုံမှန်လောက်သာပင်ထုတ်လုပ်နိုင်လျက်ရှိသည်။ ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားပြီးနောက် အီလက်ထရွန်နစ်ပစ္စည်း ဝယ်လိုအားမှာလည်း အမေရိကန်-တရုတ်ကုန်သွယ်ရေး အငြင်းပွားမှုများကြောင့်ကျဆင်းလာလျက်ရှိသည်။ အခြားသောပထဝီနိုင်ငံရေးဆိုင်ရာ မသေချာမရေရာမှုများသည် စင်ကာပူနိုင်ငံ၏ တစ်ပိုင်းလျှပ်ကူးပစ္စည်းထုတ်လုပ်သည့် လုပ်ငန်းအပေါ် ဆိုးကျိုးသက်ရောက်လျက်ရှိသည်။

တစ်ပိုင်းလျှပ်ကူးစက်မှုလုပ်ငန်း အကျပ်အတည်းသည် ကုန်ထုတ်လုပ်ကဏ္ဍအပေါ် လွှမ်းခြုံသက်ရောက်လျက်ရှိပြီး ၂၀၂၂ ခုနှစ် စတုတ္ထလေးလပတ်ကာလတွင် ၂ ဒသမ ၆ ရာခိုင်နှုန်းထိ ကျဆင်းလာခဲ့သည်။ သို့သော် ကျဆင်းနေသောကုန်ထုတ်လုပ်မှုလုပ်ငန်းသည် ၂၀၂၃ ခုနှစ် ဩဂုတ်လတွင် ၁၁ ဒသမ ၆ ရာခိုင်နှုန်းရှိခဲ့ရာမှ စက်တင်ဘာလတွင် ၂ ဒသမ ၁ ရာခိုင်နှုန်းသာရှိလာခဲ့သည်။

ထိုကဲ့သို့ ကုန်ထုတ်လုပ်မှုလုပ်ငန်းပြန်လည်တိုးတက်လာသည့် အကြောင်းတရားများအနက် တစ်ချက်မှာ ဉာဏ်ရည်တုနည်းပညာ (AI)အတွက် ဝယ်လိုအားမြင့်တက်လာသောကြောင့်ပင် ဖြစ်သည်။ AI သည် အီလက်ထရွန်နစ်ကဏ္ဍထုတ်လုပ်မှုကို ၂၀၂၃ ခုနှစ် စက်တင်ဘာလတွင် ၁၂ ဒသမ ၇ ရာခိုင်နှုန်းမှ အောက်တိုဘာလတွင် ၁၃ ဒသမ ၈ ရာခိုင်နှုန်းထိ တိုးတက်လာစေခဲ့သည်။ အမေရိကန်-တရုတ်ချစ်(ပ်)ပြားထုတ်လုပ်မှုစစ်ပွဲဆက်လက်ဖြစ်ပွားနေခြင်းသည် အနောက်တိုင်းချစ်(ပ်)ပြုလုပ်သူများနှင့်ရောင်းချသူများအား ၎င်းတို့၏ထုတ်လုပ်မှုအခြေစိုက်နေရာများကို စင်ကာပူနိုင်ငံသို့ ပိုမိုရွှေ့ပြောင်းစေလျက်ရှိသည်။

စင်ကာပူနိုင်ငံ၏ ဝယ်လိုအားသည် တိုးတက်မှုပြန်လည်ရရှိလာပြီဖြစ်သောကြောင့် ၂၀၂၄ ခုနှစ်တွင် အပြုသဘောဆောင်သော မျှော်မှန်းချက်များရှိလာနိုင်ကြောင်း ညွှန်ပြလျက်ရှိသည်။ ဘဏ်လုပ်ငန်းနှင့်ဘဏ္ဍာရေးကဏ္ဍသည် ပိုင်ဆိုင်မှုပမာဏ အမေရိကန်ဒေါ်လာ နှစ်ထရီလီယံရှိပြီး ကုန်သွယ်မှုနှင့် အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်မှုတို့တွင် အရေးပါသောအခန်းကဏ္ဍမှ ပါဝင်လျက်ရှိပေသည်။

သို့သော် အတိုးနှုန်းများမြင့်တက်လာခြင်းသည် ဘဏ္ဍာရေးဆိုင်ရာဈေးကွက်များကို ကုန်ကျစရိတ်ပိုမိုကြီးမားစေမည်ဖြစ်သည်။ အကျိုးဆက်အနေဖြင့် အိမ်အသစ်များဆောက်လုပ်ရာတွင် ကုန်ကျစရိတ်များ သိသိသာသာမြင့်တက်လာစေမည်ဖြစ်သည်။ အဆောက်အအုံဆောက်လုပ်မှု ကုန်ကျစရိတ်များမြင့်တက်လာခြင်းနှင့် ကိုဗစ်-၁၉ ရောဂါကာလတွင် ကန့်သတ်ချက်များကြောင့် အဆောက်အအုံအသစ်များကို အကန့်အသတ်ဖြင့်သာပံ့ပိုးနိုင်ခြင်းသည် လူနေအိမ်ရာအသစ်များနှင့် အိမ်ငှားစရိတ်များကို အလွန်အမင်းမြင့်တက်လာစေခဲ့သည်။

လူနေအိမ်ရာများနှင့် အိမ်ငှားခဈေးနှုန်းများသည် စီးပွားရေးလုပ်ငန်းများပြန်လည်ဖွင့်လှစ်ပြီး စင်ကာပူနိုင်ငံသို့ ပြည်ပလူသားအရင်းအမြစ်များ စီးဝင်လာသောကြောင့် ပိုမိုမြင့်တက်လာလျက်ရှိသည်။စင်ကာပူနိုင်ငံအနေဖြင့် ၂၀၂၄ ခုနှစ်တွင် လူနေအိမ်ရာများ ပိုမိုဆောက်လုပ်ပေးပြီး လူနေအိမ်ရာလိုအပ်ချက်ကို ဖြေလျှော့ပေးရန်ကြိုးပမ်းလျက်ရှိသည်။ထိုသို့လုပ်ဆောင်ခြင်းအားဖြင့် အိမ်ရာအသစ်များအတွက် ဈေးနှုန်းများမြင့်တက်လာနိုင်မှုကိုလည်း ထိန်းချုပ်သွားနိုင်မည်ဖြစ်သည်။

ဘဏ္ဍာရေးကဏ္ဍအနေဖြင့်လည်း ငွေမည်းခဝါချမှုလုပ်ငန်းများကိုလုပ်ဆောင်လျက်ရှိပြီး ပြည်ပနိုင်ငံများတွင် လောင်းကစားမှုနှင့်စပ်လျဉ်းသည့် ပိုင်ဆိုင်မှုနှင့်ငွေကြေးအမေရိကန်ဒေါ်လာ ၂ ဒသမ ၁ ဘီလီယံကို ဖော်ထုတ်သိမ်းဆည်းနိုင်ခဲ့သည်။ ထို့ပြင် ဘဏ္ဍာရေးဆိုင်ရာစည်းမျဉ်းစည်းကမ်းများသည် စင်ကာပူနိုင်ငံသို့ တရားမဝင်ရန်ပုံငွေများစီးဝင်လာမှုကို တားဆီးသွားမည်ဖြစ်ပြီး ဘဏ္ဍာရေးဆိုင်ရာဆိုက်ဘာမှုခင်းများမြင့်တက်လာမှုကိုလည်း လျှော့ချသွားမည်ဖြစ်သည်။ ထို့ပြင် စင်ကာပူနိုင်ငံသည် ကိုဗစ်-၁၉ ရောဂါအလွန်ကာလတွင် လေကြောင်းခရီးစဉ်များ၊ ခရီးသွား လုပ်ငန်းနှင့်ဆက်စပ်သောလုပ်ငန်းများကို အလျင်အမြန်အကောင်အထည်ဖော်နိုင်ခဲ့သဖြင့် တိုင်းပြည်စီးပွားရေးအတွက် များစွာအထောက်အကူပြုခဲ့သည်။ ၂၀၂၃ ခုနှစ်တွင် နိုင်ငံတကာခရီးသွားဝင်ရောက်မှု ၁၄ သန်း ထိရရှိရန်မျှော်မှန်းဆောင်ရွက်ခဲ့ပြီး ခရီးသွားလုပ်ငန်းမှ ဝင်ငွေသည် အမေရိကန်ဒေါ်လာ ၃ ဒသမ ၂၇ ဘီလီယံထိရရှိခဲ့သည်။

သို့သော် ယူကရိန်းနှင့် အရှေ့အလယ်ပိုင်းစစ်ပွဲများအပြင် တရုတ်နှင့်အမေရိကန်တို့ကြား ပထဝီနိုင်ငံရေးဆိုင်ရာတင်းမာမှုများသည် ခရီးသွားလုပ်ငန်းစီမံကိန်းများနှင့် ကမ္ဘာလုံးဆိုင်ရာအရောင်းကွင်းဆက်အပေါ် ဟန့်တားနှောင့်ယှက်မှုများ ဖြစ်ပေါ်လာစေနိုင်သဖြင့် စွမ်းအင်နှင့်လူသုံးကုန်ပစ္စည်းများ တန်ဖိုးအဆမတန်မြင့်တက်လာစေလျက်ရှိသည်။ စင်ကာပူနိုင်ငံသည် ဒေသတွင်း၌ ကုန်သွယ်မှုနှင့်အုပ်ချုပ်ထောက်ပံ့ရေးဗဟိုဌာနအဖြစ် ရပ်တည်လျက်ရှိသောကြောင့် ကမ္ဘာလုံးဆိုင်ရာ အကျပ်အတည်းများသည် စင်ကာပူနိုင်ငံအပေါ် သက်ရောက်စေလျက်ရှိသည်။

ကမ္ဘာ့နိုင်ငံရေးအလားအလာများကြောင့် ငွေကြေးဖောင်းပွမှုများသည် ၂၀၂၃ ခုနှစ် ပထမခြောက်လပတ်အတွင်း စင်ကာပူနိုင်ငံအပေါ် သက်ရောက်မှုရှိခဲ့သော်လည်း ဒုတိယ ခြောက်လပတ်ကာလအတွင်း သက်ရောက်မှု လျော့နည်းလာခဲ့သည်။ သို့သော် စင်ကာပူ၏လူနေအိမ်ရာဈေးကွက်တွင် ဈေးနှုန်းများ ဆက်လက်မြင့်တက်လျက်ရှိသဖြင့် ၂၀၂၄ ခုနှစ် ပထမလေးလပတ်ကာလတွင် ငွေကြေးဖောင်းပွမှုကိုရင်ဆိုင်သွားရဖွယ်ရှိသည်။

ကုန်စည်များနှင့်ဝန်ဆောင်မှုလုပ်ငန်းများအပေါ် အခွန်စည်းကြပ်မှုသည် ၂၀၂၄ ခုနှစ် ဇန်နဝါရီ ၁ ရက်တွင် ၉ ရာခိုင်နှုန်းထိ မြင့်တက်လာခဲ့သည့်အပြင် သောက်သုံးရေ၊ လျှပ်စစ်နှင့်ပြည်သူ့ပို့ဆောင်မှုလုပ်ငန်းများတွင်လည်း ကုန်ကျစရိတ်များမြင့်တက်လာလျက်ရှိသည်။ ထို့ကြောင့် မြင့်တက်လာသောလူနေမှုကုန်ကျစရိတ်များကို ဖြေလျှော့ပေးနိုင်ရန် ဘဏ္ဍာရေးဝန်ကြီးဌာနသည် ၂၀၂၃ ခုနှစ် စက်တင်ဘာ ၂၈ ရက်တွင် လူနေမှုထောက်ပံ့စရိတ် အမေရိကန်ဒေါ်လာ ၂၈၅သန်း သုံးစွဲသွားမည်ဖြစ်ကြောင်း ထုတ်ပြန်ကြေညာခဲ့သည်။

၂၀၂၃ ခုနှစ် ဒုတိယလေးလပတ်ကာလတွင် စင်ကာပူနိုင်ငံ၏စီးပွားရေးလုပ်ငန်းကို မမျှော်လင့်ဘဲ တိုးချဲ့နိုင်ခဲ့ပြီး နည်းပညာဆိုင်ရာလုပ်ငန်းများတိုးတက်ရေးအတွက် ပြောင်းလဲအကောင်အထည်ဖော်နိုင်ခဲ့သည်။ ကုန်သွယ်ရေးနှင့်စက်မှုဝန်ကြီးဌာန၏အဆိုအရ စင်ကာပူ၏ GDP သည် ၂၀၂၃ ခုနှစ် စက်တင်ဘာလမှစ၍ နှစ်စဉ် သုည ဒသမ ၇ ရာခိုင်နှုန်း တိုးတက်လာခဲ့သည်။

နိုင်ငံတကာခရီးသွားများ ဝင်ရောက်လာသောကြောင့် လူနေအိမ်ရာ နေရာထိုင်ခင်းစက်မှုလုပ်ငန်းသည် သိသိသာသာတိုးတက်လာခဲ့သည်။ စင်ကာပူနှင့် မလေးရှားနိုင်ငံတို့ကြား စီးပွားရေးဆိုင်ရာဆက်ဆံရေးမှာလည်း သိသိသာသာတိုးတက်လာလျက်ရှိသည်။ အကြောင်းမှုကား မလေးရှားဝန်ကြီးချုပ် အန်ဝါအင်ဘရာဟင်၏ ၂၀၂၃ ခုနှစ် ဇန်နဝါရီလ စင်ကာပူခရီးစဉ်အတွင်း နှစ်နိုင်ငံသည် ဒစ်ဂျစ်တယ်စီးပွားရေး၊ အစိမ်းရောင်စီးပွားရေးနှင့် ဆိုက်ဘာလုံခြုံရေးတို့တွင် နက်ရှိုင်းသော ပူးပေါင်းဆောင်ရွက်မှုများ လုပ်ဆောင်သွားရန် လက်မှတ်ရေးထိုးခဲ့သောကြောင့်ပင်ဖြစ်သည်။

ထို့ပြင် ၂၀၂၃ ခုနှစ် နှောင်းပိုင်းတွင်ပြုလုပ်သည့် စင်ကာပူ - မလေးရှားခေါင်းဆောင်များ၏ (၁၀) ကြိမ်မြောက်အစည်းအဝေးတွင်လည်း နှစ်နိုင်ငံခေါင်းဆောင်များသည် Johor- Singapore အထူးစီးပွားရေးဇုန် ထူထောင်ခြင်းအားဖြင့် နယ်စပ်ဖြတ်ကျော်စီးပွားရေးဆက်ဆံရေးကို အရှိန်အဟုန်မြှင့်တင်သွားမည့်စီမံကိန်းကို မီးမောင်းထိုးပြသခဲ့သည်။

ဆိုရလျှင် စင်ကာပူနိုင်ငံ၏ဝန်ဆောင်မှုကဏ္ဍများနှင့် ခရီးသွားစက်မှုလုပ်ငန်းများသည် ကိုဗစ်-၁၉ ရောဂါအလွန်ကာလတွင် ဖွံ့ဖြိုးတိုးတက်မှု အလားအလာကောင်းများဖြင့် ကုန်ထုတ်လုပ်မှုနှင့်ဘဏ္ဍာရေးဆိုင်ရာအကျပ်အတည်းများကို ကျော်လွှားခဲ့သောကြောင့် စီးပွားရေးလုပ်ငန်းများသည် ကမ္ဘာလုံးဆိုင်ရာစီးပွားရေးဆုတ်ကပ်ကို လုံးလုံးလျားလျားရှောင်ရှားကျော်လွှားနိုင်ခဲ့သည်။ ထို့ကြောင့် စင်ကာပူနိုင်ငံအနေဖြင့် ဝန်ဆောင်မှုလုပ်ငန်းများ၊ ဘဏ်လုပ်ငန်းများနှင့် ခရီးသွားလုပ်ငန်းများကိုမှီတည်လျက် စီးပွားရေးလုပ်ငန်းများ ပိုမိုတိုးတက်လာအောင် ကြိုးပမ်းသွားဖွယ်ရာရှိကြောင်း သုံးသပ်တွေ့ရှိရပါသည်။

**❖ ကုန်စည်များနှင့်ဝန်ဆောင်မှုလုပ်ငန်းများအပေါ်အခွန်စည်းကြပ်မှုသည် ၂၀၂၄ ခုနှစ် ဇန်နဝါရီ ၁ ရက်တွင် ၉ ရာခိုင်နှုန်းထိ မြင့်တက်လာခဲ့သည့်အပြင် သောက်သုံးရေ၊ လျှပ်စစ်နှင့်ပြည်သူ့ပို့ဆောင်မှုလုပ်ငန်းများတွင်လည်း ကုန်ကျစရိတ်များမြင့်တက်လာလျက်ရှိသည်။ ထို့ကြောင့် မြင့်တက်လာသော လူနေမှုကုန်ကျစရိတ်များကို ဖြေလျှော့ပေးနိုင်ရန် ဘဏ္ဍာရေးဝန်ကြီးဌာနသည် ၂၀၂၃ ခုနှစ် စက်တင်ဘာ ၂၈ ရက်တွင် လူနေမှုထောက်ပံ့စရိတ် အမေရိကန်ဒေါ်လာ ၂၈၅ သန်း သုံးစွဲသွားမည်ဖြစ်ကြောင်း ထုတ်ပြန်ကြေညာခဲ့သည်။ ❖**

**ကိုးကား**

- Can Singapore keep cheating recession in 2024? By Asia Times.

**မောင်စိန်အိ(နဘဲမြေ)**

# ယင်းမာပင်ခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မတ်ပဲ ၁၁၄၀၄ ဧက စိုက်ပျိုးပြီးစီး



**ယင်းမာပင် ဇန်နဝါရီ ၁၀**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မတ်ပဲ ၁၁၄၀၄ ဧက စိုက်ပျိုးပြီးစီးနေပြီဖြစ်ကြောင်း ယင်းမာပင်ခရိုင်စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်မြတ်မိုးဝင်းက ပြောပြ၍ သိရသည်။

ယင်းမာပင်ခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မတ်ပဲ ၁၀၄၇၈ ဧကစိုက်ပျိုးရန်လျာထားပြီး ၂၀၂၃ ခုနှစ် အောက်တိုဘာလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၁၁၄၀၄ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်သည်။

"ယင်းမာပင်ခရိုင်မှာ ဆောင်းသီးနှံစိုက်ပျိုးရာသီ မတ်ပဲ ၁၀၄၇၈ ဧက စိုက်ပျိုးဖို့အတွက် လျာထားတယ်။ ဒီနေ့ထိ ၁၁၄၀၄ ဧက စိုက်ပျိုးပြီးစီးနေပြီဖြစ်ပါတယ်။ လက်ရှိ မတ်ပဲ စိုက်ပျိုးမှုအနေနဲ့ကတော့ လျာထားချက်ထက် ပိုမိုစိုက်ပျိုးနိုင်ပါတယ်။ မတ်ပဲစိုက်ပျိုးချိန်မှာလဲ လိုအပ်တဲ့နည်းပညာတွေ၊ မျိုးတွေ၊ ပိုးမွှားရောဂါကာကွယ်နည်းလမ်းတွေကိုလဲ မြေပြင်ကွင်းဆင်းဆောင်ရွက်နေပါတယ်"ဟု ယင်းမာပင်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်မြတ်မိုးဝင်းက ပြောပြသည်။

ယင်းမာပင်ခရိုင်တွင် မြို့နယ်အလိုက် မတ်ပဲစိုက်ပျိုးပြီးစီးမှုအနေဖြင့် ယင်းမာပင်မြို့နယ်တွင် ၆၁၁ ဧက၊ ကနီမြို့နယ်တွင် ဧက ၇၆၂၀၊ ဆားလင်းကြီးမြို့နယ်တွင် ၁၁၃ ဧက၊ ပုလဲမြို့နယ်တွင် ဧက ၃၀၆၀ စုစုပေါင်း ၁၁၄၀၄ ဧကတို့ဖြစ်ကြောင်း၊ လျာထားမှုအနေဖြင့် ယင်းမာပင်မြို့နယ်တွင် ဧက ၆၀၀၊ ကနီမြို့နယ်တွင် ဧက ၆၇၀၀၊ ဆားလင်းကြီးမြို့နယ်တွင် ဧက ၁၁၀၊ ပုလဲမြို့နယ်တွင် ၃၀၆၈ ဧက စုစုပေါင်း ၁၀၄၇၈ ဧကတို့ဖြစ်ကြောင်း သိရသည်။

ယခုနှစ် ယင်းမာပင်ခရိုင်တွင် မတ်ပဲ စိုက်ပျိုးတောင်သူများကို အထွက်နှုန်းကောင်းမွန်စေရန်၊ ပိုးမွှားရောဂါ ကင်းရှင်းစေရန်အတွက် သက်ဆိုင်ရာမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ရိတ်သိမ်းချိန်ထိ တောင်သူများနှင့် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ (၂၀၆)

# သရက်ချောင်းမြို့နယ် မြန်မာပအော့(န)ကျေးရွာ၌ ရေရရှိရေးလုပ်ငန်းဆောင်ရွက်နေမှု စစ်ဆေး

**သရက်ချောင်း ဇန်နဝါရီ ၁၀**

တနင်္သာရီတိုင်းဒေသကြီး သရက်ချောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ကျေးလက်နေပြည်သူများ သန့်ရှင်းသော သောက်သုံးရေရရှိရေးအတွက် မြန်မာပအော့(န)ကျေးရွာ၌ ရေရရှိရေးလုပ်ငန်းဆောင်ရွက်နေမှုကို ဇန်နဝါရီ ၉ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် သရက်ချောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကောင်းမြတ်ထက်နှင့် တာဝန်ခံအင်ဂျင်နီယာများက ကျေးရွာရေရရှိရေးကော်မတီဝင်များနှင့်အတူ မြန်မာပအော့(န) ကျေးရွာ၌ ရေရရှိရေးလုပ်ငန်းဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူး ဦးကောင်းမြတ်ထက်က လုပ်ငန်းများသတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အချိန်မီပြီးစီးအောင် ဆောင်ရွက်ရန်မှာကြားကြောင်း သိရသည်။

မြန်မာပအော့(န)ကျေးရွာ၌ သောက်သုံးရေ ရရှိရေးအတွက် အကျယ် ခြောက်ပေ၊ အနက် ပေ ၄၀ လက်တူးတွင်းတူးဖော်ခြင်း၊ ဂါလန် ၅၀၀၀ ဆံ့ ရေစုကန်တည်ဆောက်ခြင်းနှင့် ဆက်စပ်လုပ်ငန်းများကို ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခွင့်ပြုရန်ပုံငွေကျပ် ၂၅ ဒသမ ၉ သန်းဖြင့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အင်ဂျင်နီယာများစုဖွဲ့၍ ၂၀၂၃ ခုနှစ် အောက်တိုဘာလ ပထမပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၇၀ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ ရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးပါက မြန်မာပအော့(န)ကျေးရွာရှိ ကျေးလက်နေပြည်သူများနှင့် ကျွဲ၊ နွားတိရစ္ဆာန်များအတွက် ရာသီမရွေး သောက်သုံးရေ ဖူလုံစွာရရှိမည်ဖြစ်ကြောင်း သရက်ချောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**ဖြိုးထက်အောင်(ပျော်ဘွယ်)**

# တန့်ယန်းမြို့နယ်၌ မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သည့် မိုးစပါးများတွင် ၄၁၅၆၅ ဧက ရိတ်သိမ်းပြီးစီး

**တန့်ယန်း ဇန်နဝါရီ ၁၀**

ရှမ်းပြည်နယ် (မြောက်ပိုင်း) တန့်ယန်းမြို့နယ်၌ မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သည့် မိုးစပါးများတွင် ၄၁၅၆၅ ဧက ရိတ်သိမ်း ပြီးစီးပြီဖြစ်ကြောင်း ရှမ်းပြည်နယ်(မြောက်ပိုင်း)စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

တန့်ယန်းမြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သည့် မိုးစပါးများကို ၂၀၂၃ ခုနှစ် နိုဝင်ဘာလပထမပတ်မှစတင် ရိတ်သိမ်းလျက်ရှိရာ ယနေ့ထိ မိုးစပါး ၄၁၈၅၅ ဧက အနက် ၄၁၅၆၅ ဧက ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း၊ ကျန်ရှိသော မိုးစပါးများကို ဆက်လက် ရိတ်သိမ်းလျက်ရှိကြောင်း သိရသည်။

"စိုက်ပျိုးရေးဦးစီးဌာနအနေနဲ့ မိုးစပါးရိတ်သိမ်းနေတဲ့ တောင်သူတွေအတွက် ရိတ်သိမ်းခြွေလှေ့စက်တွေအချိန်မီရရှိစေဖို့အတွက် သက်ဆိုင်ရာမြို့နယ်က စက်မှုလယ်ယာဦးစီးဌာနတွေ၊ ကုမ္ပဏီတွေနဲ့ချိတ်ဆက်ဆောင်ရွက်ပေးနေပါတယ်။



ဒါ့ပြင် ရာသီအလိုက် ကျရောက်တတ်တဲ့ ပိုးမွှားအန္တရာယ်ကာကွယ်ရေးလုပ်ငန်းတွေကိုလဲ စိုက်ကွင်းထဲအရောက် အသိပညာပေးလုပ်ငန်းတွေဆောင်ရွက်ပေးခဲ့ပါတယ်။ ရိတ်သိမ်းပြီးစီးတဲ့စပါးတွေ အမိုးအကာအောက်ကို အချိန်မီရောက်ရှိစေဖို့လဲ ဆောင်ရွက်ပေးနေပါတယ်"ဟုရှမ်းပြည်နယ်(မြောက်ပိုင်း) စိုက်ပျိုးရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်နွယ်နွယ်ဝင်းက ပြောပြသည်။

တန့်ယန်းမြို့နယ်အတွင်း ရိတ်သိမ်းပြီးစီးသော မိုးစပါး ၄၁၅၆၅ ဧကတွင် တစ်ဧကလျှင် စပါး ၇၃ ဒသမ ၃၄ တင်းထွက်ရှိကြောင်း သိရသည်။

**ကျော်ဇေဦး(မော်ရှမ်းမြေ)**

# ဝါးခယ်မမြို့နယ် ကျုံလတာကျေးရွာတွင် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ဝါးခယ်မ ဇန်နဝါရီ ၁၀**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် ဝါးခယ်မမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများရရှိပြီး မိသားစုဝင်ငွေများ တိုးပွားလာကာ ဆင်းရဲမှုနှုန်းလျော့ကျလာစေရန်ရည်ရွယ်၍ ကျုံလတာကျေးရွာ၌ အဌမအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို ယနေ့တွင် အဆိုပါကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ဦးစွာ ဝါးခယ်မမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးနေဇော်ထက်နှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက ကျေးရွာရပ်မိရပ်ဖများ၊ ကျေးရွာတာဝန်ရှိသူများ၊ အသင်းသား၊ အသင်းသူများနှင့် တွေ့ဆုံပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်များ၊ ရရှိလာမည့် အကျိုးကျေးဇူးများ၊ မြစိမ်းရောင်ကျေးရွာစီမံကိန်းလက်စွဲစာစောင်ပါစည်းမျဉ်းစည်းကမ်းများ၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဥပဒေ၊ နည်းဥပဒေများမှ ကျေးလက်နေပြည်သူများ၏ တာဝန်နှင့်ရပိုင်ခွင့်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ဝါးခယ်မမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြစိမ်းရောင်ကျေးရွာစီမံကိန်းတာဝန်ခံဝန်ထမ်းများက စီမံကိန်းစက်ဝန်းကာလသတ်မှတ်ချက်များ၊ အတိုးနှုန်းသတ်မှတ်ချက်များ၊ စည်းမျဉ်းစည်းကမ်းများကို ရှင်းလင်းပြောကြားပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်း အဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် ၃၆ ဒသမ ၉၈ သန်းကို လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက ကျုံလတာကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၃၉ ဦးကို ငွေကျပ် ၁၆ ဒသမ ၁၃ သန်း၊ မွေးမြူရေး လုပ်ငန်းလုပ်ကိုင်သူ ၈၂ ဦးကို ငွေကျပ် ၂၀ ဒသမ ၈၅ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၂၁ ဦးကို ရန်ပုံငွေကျပ် ၃၆ ဒသမ ၉၈သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**သံသာ**

# မင်းလှမြို့နယ် သက္ကယ်ကျင်းကျေးရွာ၌ မြေသားရေကန်ပြုပြင်နေမှု စစ်ဆေး

**မင်းလှ ဇန်နဝါရီ ၁၀**

မကွေးတိုင်းဒေသကြီး သရက်ခရိုင် မင်းလှမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် သက္ကယ်ကျင်းကျေးရွာ၌ မြေသားရေကန်ပြုပြင်ခြင်းလုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် သရက်ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးကျော်ဆန်းဌေး၊ မင်းလှမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်သင်းသင်းအေးနှင့် အင်ဂျင်နီယာဝန်ထမ်းများက ကျေးရွာရေရရှိရေးကော်မတီဝင်များနှင့်အတူ သက္ကယ်ကျင်းကျေးရွာ၌ မြေသားရေကန် ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးကြပြီး ခရိုင်ဦးစီးမှူး ဦးကျော်ဆန်းဌေးက လုပ်ငန်းများ သတ်မှတ်ကာလအတွင်း စံချိန်စံညွှန်းများနှင့်အညီ အချိန်မီပြီးစီးအောင်ဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

မင်းလှမြို့နယ် သက္ကကျင်းကျေးရွာ၌ အလျား ပေ ၃၀၀၊ အနံ ၂၅ ပေ၊ အမြင့် ပေ ၂၀ ရှိ မြေသားရေကန် ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းရန်ပုံငွေကျပ် ၁၉ ဒသမ ၈ သန်း အသုံးပြု၍ မင်းလှမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဌာနကော်မတီစုဖွဲ့မှုဖြင့် ဇန်နဝါရီ ၃ ရက်မှ စတင် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများ ၆၀ ရာခိုင်နှုန်းကျော် ဆောင်ရွက်ပြီးစီးနေပြီဖြစ်ကြောင်း၊ အဆိုပါလုပ်ငန်းများအားလုံး ရာနှုန်းပြည့်ပြီးစီးပါက သက္ကယ်ကျင်းကျေးရွာရှိ အိမ်ခြေ ၁၆၄ အိမ်၊ လူဦးရေ ၇၁၈ ဦးနှင့် ကျွဲ၊ နွား၊ တိရစ္ဆာန်များပါ သန့်ရှင်းသော သောက်သုံးရေဖူလုံစွာရရှိမည်ဖြစ်ကြောင်း ခရိုင်ဦးစီးမှူး ဦးကျော်ဆန်းဌေးက ပြောပြ၍ သိရသည်။

**ကိုညို**

ဗလငါးတန် ဖွံ့ဖြိုးဖို့
စာအုပ်စာပေ ဖတ်ကြစို့

# အဘိုးတို့၏ ငွေကြေးနှင့်လူမှုစီမံခန့်ခွဲမှုများ

## ထက်အောင်လူ(နံ့သာမြေ)

မွေးဖွားမှုနှင့် သေဆုံးမှုကြား ရှင်သန်နေထိုင်ခြင်းကို ဘဝဟု ပညာရှိတို့က သတ်မှတ်ကြ၏။ သို့သော် ထိုရှင်သန်နေထိုင်ခြင်း၌ လူတို့ရင်ဆိုင်ရမည့် အရာများက မသေးလှဘဲ အရေးကြီးဆုံးအရာမှာ "စားဝတ်နေရေး"ဖြစ်သည်။ ဒုတိယအရေးကြီးဆုံးမှာ "ချမ်းသာမှုနှင့်ဂုဏ်တင့်တယ်မှု"ဟူ၍ဖြစ်ပေ၏။ ကျွန်တော်တို့ငယ်စဉ်အခါက ဤအရာများကို တွေးတောရန်မလိုခဲ့ဘဲ ကလေးအရွယ်ဖြစ်၍ အိပ်၊ စား၊ ကျောင်းတက်၊ ကျောင်းသွား၊ ဆော့ကစားရင်း အချိန်ကုန်ခဲ့ကြ၏။ ယခုအခါ အသက် ၂၀ ကျော် ၃၀ ခန့်ရောက်ခဲ့၍ အသက်အရွယ်အခြေအနေ အကြောင်းတရားအရ ကိုယ့်ခြေထောက်ပေါ် ကိုယ်ရပ်တည်၍ လောကဓံတရားတို့ကို နေ့မအား ညမအား အန်တုရင်ဆိုင်နေရသည်။

ကိုယ်တိုင် ငွေကြေးနှင့်လူမှုစီမံခန့်ခွဲမှုများ လုပ်ရမည့်အချိန်ရောက်ရှိလာခဲ့ပေပြီ။ ပီမိုးနင်းအစ လင်းသိုက်ညွှန့်အဆုံး တက်ကျမ်းများ၊ လမ်းညွှန်ချက်များ အင်္ဂလိပ်နှင့် မြန်မာစာ များစွာရှိသည်။

ထိုအရာများကို မှီငြမ်းဖတ်ရှုရင်းမှ အဘိုးတို့၏ ဘဝဖြတ်သန်းမှုနှင့် နေထိုင်ရှင်သန်မှုတို့ကို လေ့လာမှုပြုလုပ်ရာ၌ သူခေတ်သူ့အခါ၊ သူ့ရွာသူ့စရိုက်အလိုက် အထိုက် "စံ"တစ်ခုထား၍ လေးစားရသည်။ အဘိုးတို့သည် အထက်အညာ စစ်ကိုင်း၊ မုံရွာအရှေ့ဘက် သနပ်ခါးမြို့တော် မူးမြစ်အရှေ့ချောင်ကျကျရွာလေးတွင် မွေးဖွားခဲ့ကြသော်လည်း သူ့အရပ်နှင့်သူ့ဇာတ်ဂုဏ်ဖြင့်ရှိခဲ့ကြသည်။ အဘိုးတို့၏ ငွေကြေးနှင့် လူမှုစီမံခန့်ခွဲမှုများကို အောက်ပါအတိုင်းတွေ့ခဲ့ရသည်။

(၁) တစ်နည်းထက်ပိုသောဝင်ငွေရှာဖွေခြင်း၊

(၂) အဖြုန်းရှောင်ငွေစုဆောင်းခြင်း၊

(၃) အရင်းအနှီးပြုတိုးပွားစေခြင်း၊

(၄) အများကောင်းကျိုးသယ်ပိုးခြင်းတို့ဖြစ်သည်။

**တစ်နည်းထက်ပိုသောဝင်ငွေရှာဖွေခြင်း**

ကျေးလက်ဒေသဖြစ်၍ တောသဘာဝတောင်သူလယ်ယာလုပ်ငန်းများလုပ်ကိုင်ကြရသည်။ လယ်ထဲယာထဲ ကျွဲ၊ နွားနှင့်ရွှံ့နှင့်ကန်လှုပ်ရှားကြရ၏။ သို့သော် အဘိုးတစ်ဦးသည် နံနက်ပိုင်း ထွန်ထယ်ဖြုတ်၍ အပြန်၌ အားလပ်ချိန်မယူဘဲ စက်ဘီးများပေါ်များသောခေတ်ဖြစ်၍ ဈေးကွက်၏လိုအပ်ချက်အရ စက်ဘီးအပေါက်ဖာခြင်း၊ စက်ဘီးပြုပြင်ခြင်းအလုပ်ကိုပါ ပူးတွဲလုပ်လေသည်။ ထိုထက်မကသေး အိမ်၌ဈေးဆိုင်တည်ကာ ဈေးရောင်းခြင်းအလုပ်ကိုပါ မိသားစုကိုလုပ်စေ၏။ ထိုထက်မကသေး ဈေးကွက်လိုအပ်ချက်အရ မီးခြစ်ပြုပြင်ခြင်း၊ ဂက်စ်ထည့်ခြင်းတို့ကိုပါလုပ်၏။

အဘိုးတစ်ဦးဆိုလျှင် လယ်တောကအပြန် နေ့ခင်းပိုင်းတွင် ဆံပင်ညှပ်သည့်အလုပ်၊ အိမ်နောက်ဖေးဈေးဆိုင်နှင့် ငွေချေးငှားသည့်အလုပ်တို့ကိုလုပ်၏။ သာမန်လူတို့ ငွေကြေးကျပ်တည်းနေချိန်၌ အဘိုးတို့ ချောင်လည်၏။

အခြားလူများ ပြေလည်ချိန်တွင် အဘိုးတို့ ကံ့လုံကြသည်။ ဤသည်မှာ ဝင်ငွေရလမ်းကို တစ်ခုထက်ပိုမိုလုပ်ဆောင်ကြရန် လမ်းညွှန်မီးမောင်းထိုးပြခဲ့သည်။ မိမိတို့၏စွမ်းရည်နှင့် တွေးခေါ်နိုင်စွမ်းကို ကန့်သတ်မထားဘဲ လက်တွေ့ဘဝထဲတွင် အမြင့်ဆုံးရှိရန်လိုအပ်၏။ "မည်သည့်အခက်အခဲပြဿနာမဆို ဖြေရှင်းရန်နည်းလမ်းရှိသည်"ဟုအဆိုရှိသည်။ ကျွန်တော်တို့သည်လည်း ခေတ်စနစ်ကို အပြစ်တင်ဝေဖန်နေမည့်အစား မိမိဝန်းကျင်၌ လုပ်၍ရသောအခွင့်အရေး၊ အခွင့်ကောင်းများကို အစဉ်ဂရုပြုလျက် လှုံ့လ၊ ဝီရိယစိုက်ကာ အလုပ်တစ်ခုထက်ပိုမိုပြီး ဝင်ငွေရရေးလမ်းကြောင်းများ ရှာဖွေရပေမည်။

**အဖြုန်းရှောင်ငွေစုဆောင်းခြင်း**

တောရွာဓလေ့နံနက်ပိုင်း၌ လုပ်ငန်းခွင်ကို လူတိုင်း ဝါယမစိုက်ကြသော်လည်း နေ့ခင်းဘက် အားလပ်ချိန်များ၌ အခြားသူများနှင့် ကွဲပြားခြားနားပါ၏။ စာပေများ၌ "လူတစ်ဦး၏အနာဂတ်ကို ကြည့်လိုလျှင် ထိုလူ၏အားလပ်ချိန်များကို ဘာလုပ်သလဲကြည့်ပါ"ဟုဆိုသည်။

နံနက်ပိုင်း လယ်ယာထွန်ယက်ပြီး၍အပြန် ထွန်ထယ်ဖြုတ်ပြီးကြပါလျှင် လူအများစုကဲ့သို့ အိပ်စားအချိန်ဖြုန်းမနေပါဘဲ အဘိုးတို့သည် စာဖတ်ခြင်း၊ မိတ္တတို့နှင့် စီးပွားလူမှုအထွေထွေ အတွေ့အကြုံဖလှယ်ခြင်း၊ တစ်ဖက်တစ်လမ်း ဝင်ငွေလမ်းဖြစ်သော ဆံပင်ညှပ်၊ ဂက်စ်ထည့်၊ စက်ဘီးဖာအလုပ်တို့၌ ပျော်မွေ့ရင်းအချိန်ကုန်စေ၏။ အားလပ်ချိန်တို့၌ ကုသိုလ်၊ ပညာ၊ ဉစ္စာရလမ်းတို့ဘက် အချိန်ပေးလျက် ဘဝကိုဟန်ချက်ညီညီရှင်သန်ကြောင်း တွေ့ရသည်။ လူပျက်စီးလမ်းဖြစ်သောသောက်စားမူးယစ်ပျော်ပါးတို့ဘက် မလိုက်ခဲ့ပေ။ သောက်သုံးပါက လာဘ်တစ်ပါး၊ နတ်တစ်ပါးပင်ဖြစ်ပေမည်။ အဖြုန်းရှောင်ကြဉ်လျက် ကိုယ့်တန်ဖိုး၊ ကိုယ့်ဂုဏ်အင် တိုးပွားကြောင်းသော ဦးထိပ်ထားကျင့်သုံးရပေမည်။

**အရင်းအနှီးပြုတိုးပွားစေခြင်း**

တောင်သူနှင့်အပိုလုပ်ငန်းမှ ရရှိလာသော အကျိုးအမြတ်တို့မှ ငွေကြေးတို့ကို တိုးသည်ထက်တိုး၊ ပွားသည်ထက်ပွားရေးကိုလည်း အထူးဂရုစိုက်ခဲ့ကြ၏။ စီးပွားရေးကို အကွက်အကွင်းမြင်ရာ၌ အများနှင့်မတူ တစ်မူထူးခြား၏။ လူသူအရောက်နည်းသော တောခေါင်ခေါင်နှင့် တောင်ကမူကမ်းပါးတို့ကို ဈေးချိုချိုမှန့်ဖိုးသာသာနှင့် ဝယ်ယူလိုက်၍ သုံးမရသောမြေအမျိုးအစား ဘာလုပ်မလဲဟု လူအများကမေးငေါ့ကြ၊ အပြစ်ပြောကြသည်။ သို့သော် အဘိုးက ဂရုမစိုက်ခဲ့ဘဲ သူ့အတွေးအခေါ်နှင့် သူ့အစီအစဉ်ကို လူအများအား လက်တွေ့ပြသခဲ့သည်။ ထိုကမူများကို ခုတ်ထွင်ရှင်းလင်းသောအခါ ထိုတောထဲမှ ရှား၊ ဝါး၊

> ❖ ကျေးလက်ဒေသဖြစ်၍ တောသဘာဝတောင်သူလယ်ယာလုပ်ငန်းများလုပ်ကိုင်ကြရသည်။ လယ်ထဲယာထဲ ကျွဲ၊ နွားနှင့် ရွှံ့နှင့်ကန်လှုပ်ရှားကြရ၏။ သို့သော် အဘိုးတစ်ဦးသည် နံနက်ပိုင်း ထွန်ထယ်ဖြုတ်၍အပြန်၌ အားလပ်ချိန်မယူဘဲ စက်ဘီးများပေါ်များသောခေတ်ဖြစ်၍ ဈေးကွက်၏လိုအပ်ချက်အရ စက်ဘီးအပေါက်ဖာခြင်း၊ စက်ဘီးပြုပြင်ခြင်းအလုပ်ကိုပါ ပူးတွဲလုပ်လေသည်။ ထိုထက်မကသေး အိမ်၌ဈေးဆိုင်တည်ကာ ဈေးရောင်းခြင်းအလုပ်ကိုပါ မိသားစုကိုလုပ်စေ၏။ ထိုထက်မကသေး ဈေးကွက်လိုအပ်ချက်အရ မီးခြစ်ပြုပြင်ခြင်း၊ ဂက်စ်ထည့်ခြင်းတို့ကိုပါလုပ်၏။ ❖

အဖြုန်းနှင့်ပတ်သက်၍ မရှိအောင်နေထိုင်ကာ ရရှိသောဉစ္စာဓနများကို စုဆောင်းကြသည်။ အဘိုး၏ ငွေကြေးအဖြုန်းမရှိရေး၊ စီမံခန့်ခွဲမှုကောင်းနှင့် တန်ဖိုးထားတတ်ရေးဆုံးမသောစကားတစ်ခွန်း ယခုချိန်တိုင် မှတ်မိနေသေး၏။

ထိုစကားမှာ "လူ့ဘယ်ဘက်ရင်အုံမှာ အင်္ကျီအိတ်ဆောင်လေးတွေထားတာ ဘာအဓိပ္ပာယ်လဲ သိလား။ ဘယ်ဘက်ရင်အုံမှာ အသည်းနှလုံးရှိတယ်ကွ။ အဲဒီလိုပဲ ဘယ်ဘက်အိတ်ဆောင်ထဲက ပိုက်ဆံကို ထုတ်ယူလိုက်တိုင်း ကိုယ့်နှလုံးကိုဖြုတ်ယူသလိုသဘောထား၊ ငွေကြေးကိုတန်ဖိုးထား"ဟု ပေါ့ပေါ့တန်တန် မသုံး၊ မဖြုန်းရန် ဆုံးမခဲ့ဖူး၏။ ကျွန်တော်တို့ဘဝအတွက် လေးလေးနက်နက်တွေးပါလျှင် အဖိုးတန်လှသော စကားလုံးပင်။ ကျွန်တော်တို့ခေတ်တွင် သုံးစရာ၊ ဖြုန်းစရာများပေါ်များလှသလို ငွေကြေးအပေါ် ထိုမျှလောက် လေးလေးနက်နက်ခံယူသူရှားကြပေမည်။

ရှိလျှင်ရှိသလိုသုံးစွဲတတ်သော ကျွန်တော်တို့၏ လူမှုဘဝကို အမြော်အမြင်ကြီးစွာ စေတနာသတိပေးစကားပင်ဖြစ်၏။ "တစ်ပြား နှစ်ပြား အလေးထားမှ ကြီးပွားကြောင်း၏အစ"ဟူသော စာချိုးနှင့်အညီဖြစ်သည်။ ရှာပါလျှင်အခက် သုံးပါလျှင်သွက်သော ငွေ။ ငွေကို စုဆောင်းဖမ်းဆုပ်လျက် ငွေကိုငွေနှင့် ပြန်နိုင်းတတ်မှသာ ငွေကြေးချမ်းသာ ကြွယ်ဝသူ၊ ဉစ္စာဓနပြည့်စုံသူဖြစ်ပေလိမ့်မည်။ ထိုသို့မဟုတ်ဘဲ ငွေ၏များခေါ်ရာလိုက်ပါက အများများနှင့် ဒုက္ခပင်လယ်ဝဲကြား မွဲသွားရန်ရှိပေ၏။ ငွေကိုကောင်းဒဂတ်ပင်တို့ထွက်လာ၍ ဈေးကောင်းနှင့် ရောင်းချကာ သစ်ပင်များကိုခုတ်လှဲပြီး ထင်းများကို လည်း တစ်စီးတိုက်ပုံထားကာ ရောင်းချသောအမြတ်က ထိုဝယ်ဈေးထက်ပင် အကျိုးအမြတ်များရခဲ့သည်။ ထိုမျှမကသေး ကမူများ ရှင်းလင်းသွား၍ သနပ်ခါးပင်များကို စိုက်ပျိုးလိုက်သည်။ သနပ်ခါးပင်တစ်ပင်နှင့်တစ်ပင် ငါးပေပတ်လည်ကွာ၍ ကြားထဲတွင် ပြောင်းပင်များစိုက်ပျိုး၏။ ထိုမြေကမူတို့သည် မြေသစ်များဖြစ်၍ မြေဩဇာကြွယ်ဝနေပြီး ဖြစ်ထွန်းမှုအံ့မခန်းတွေ့ခဲ့ရသည်။ နောက်သုံးလေးနှစ်အတွင်း သနပ်ခါးပင်တို့ ရောင်းချရ၍ အရင်းအနှီးပြုတိုးပွားစေခြင်းကို ကျွမ်းကျင်စွာ အားထုတ်ခဲ့ကြသည်။ ထို့ကြောင့် မိသားစုဝင်များကိုလည်း လူနေမှုအဆင့်အတန်းမြင့်မားမှုရရှိသည်။ ကျွန်တော့်အဘိုး၏ လက်သုံးစကားမှာ "ငွေရှိလျှင်ငွေကို ခြံသုံးခြံတည်ပါ"ဟု အမြဲပြော၏။

၎င်းခြံသုံးခြံမှာ (၁) ဆိတ်၊ သိုး၊ နွားခြံ (၂) ကွမ်းပန်း၊ ဆီး၊ သနပ်ခါးခြံ (၃) အိမ်ခြံမြေဟူ၍ဖြစ်သည်။ အဘိုး၏စကားကဲ့သို့ ခြံတည်သူများသည် အကျိုးအမြတ်ကောင်းများရှိကာ ဘဝ၏ချမ်းသာသုခရရှိနေသူများ ဒုနှင့်ဒေးပင်။ ထို့ကြောင့် ခြံသုံးခြံထဲမှတစ်ခြံနှင့် အရင်းအနှီးပြုပြီး တိုးပွားရေးအတွက် အရေးကြီးသော တံခါးသော့ချက်ဖြစ်၍ ကျင့်သုံးအပ်သည်။ ရိုးရိုးကျင့်မြင့်မြင့်ကြံ နေထိုင်ရင်း နှောင်းလူတို့အတွက် စိုက်ပျိုး၊ မွေးမြူ၊ အရင်းအနှီးမြှုပ်နှံရန် မီးမောင်းထိုးပြခဲ့သည်။

**အများကောင်းကျိုးသယ်ပိုးခြင်း**

ရှင်တော်ဗုဒ္ဓဟောသော ကံကံ၏အကျိုးကို ယုံကြည်ကြသူများပီပီ အတ္တနှင့်ပရကို မျှတစွာစီမံခန့်ခွဲရင်း ဘဝကို ပျော်ရွှင်ချမ်းမြေ့စွာ နေထိုင်ခဲ့ကြ၏။ ခေတ်စနစ်၏လိုအပ်ချက်အရ ကိုယ့်ရပ်ရွာ ငြိမ်းချမ်းရေး၊ သာယာပြောရေး၊ အမျိုးဘာသာသာသနာ တည်တံ့ရေးတို့ကို ဦးထိပ်ထားလျက် ကာယ၊ ဉာဏ အစွမ်းရှိသမျှ ဆောင်ရွက်ခဲ့၏။ ရပ်ရွာကို ဦးဆောင်ကာ အခြေခံပညာကျောင်း၊ ဘုန်းတော်ကြီးကျောင်း၊ ဘုရားစေတီ၊ လမ်းပန်းဆက်သွယ်ရေးတို့ကို ပြုလုပ်ရင်း ကျေးရွာလူထု၏ ယုံကြည်အားကိုးသူအဖြစ် ဂုဏ်ထည်ပါစွာ တည်ဆောက်ခဲ့သည်။ ကလျာဏမိတ္တများနှင့်လက်တွဲကာ အဘိုးတို့သည် ငွေကြေးနှင့်လူမှုစီမံခန့်ခွဲမှုများ ပိုင်နိုင်ခဲ့ကြသည်။ ထိုပရဟိတအလုပ်များလုပ်ခြင်းကြောင့်ပင် ကောင်းသောဂုဏ်အင်နှင့် စီးပွားရေး၊ လူမှုရေးတို့၏ အကျိုးစီးပွားအတွက် အထောက်အပံ့ဖြစ်ခဲ့သည်။

**စီးပွားဖြစ်ထွန်းစေမည့် မြတ်ဗုဒ္ဓ၏သမ္မာတရား**

ဥဋ္ဌာနသမ္ပဒါ၊ အာရက္ခသမ္ပဒါ၊ သမဇီဝိတသမ္ပဒါ၊ ကလျာဏမိတ္တသမ္ပဒါဟူသော သမ္ပဒါတရားနှင့်လည်း ညီညွတ်ခဲ့ကြသောကြောင့် ဘဝတွင်အောင်မြင်မှုသုခခံစားရသည်။ အဘိုးတို့၏ အလေ့အကျင့်ကောင်း၊ နည်းပညာ၊ ဉာဏ်ပညာများကို အတုယူပေရဦးမည်။ "ရအောင်ရှာ လုံအောင်ထိန်း မျှအောင်သုံး ပတ်ဝန်းကျင်ကောင်းနှင့်ပေါင်း"ဟူသော သမ္ပဒါလေးရပ်စာစုနှင့်အညီ ကျွန်တော်တို့ ကြိုးစားရန်လိုသည်။

ကျွန်တော်တို့ ဘဝလမ်းအတွက်လည်း "ထကြွ လုံ့လဝီရိယနှင့်" အားထုတ်ရပေမည်။ ထိုမှသာ စီးပွားလူမှုအစုစုနှင့် လောကီ၊ လောကုတ်အတွက် ကောင်းသောအကျိုးရလဒ်များ ဖြစ်ထွန်းပေမည်။ ဘဝလမ်း၌ အလုပန်းတို့ ထိန်ဝေလွှင်ပြီး ရနံ့လည်း လှိုင်ခန့်တွဲပိုင်သော ငြိမ်းချမ်းရေးလမ်းကြောင်းဖြစ်ပေမည်။ ကိုယ်ကိုယ်တိုင် ဘဝ၌အောင်မြင်မှုရဖို့နှင့် အများအကျိုးသယ်ပိုးနိုင်သူဖြစ်ပြီး တန်ဖိုးဂုဏ်အနွံ ထိုက်တန်ပေမည်။ လှပသောဘဝ ချမ်းမြေ့သောမွေ့နှင့် လူ့အနှစ်သာရ ရရှိနိုင်ပေမည်။ ကြိုးစားပါ၍ သစ္စာမမေ့ပါဘဲ အလျှာအတန်းအပေးအကမ်းများလျက် လောကီ၊ လောကုတ် ကောင်းကျိုးအထွေထွေရှိကြပေသည်။

အချုပ်အားဖြင့်ဆိုသော် "တစ်ရက်ကြီး တစ်နည်းသာ" ဆိုသကဲ့သို့ ရှေးလူကြီးအဘိုးနှစ်ဦး၏ဘဝနေထိုင်မှုမှ သင်ခန်းစာများ အတုယူလိုက်နာသင့်သောအရာများစွာရှိပါ၏။ သူ့ခေတ်သူ့အခါက သူတို့ဘဝကို ဂုဏ်အဆင့်အတန်းမြင့်မြင့် ဖန်တီးတည်ဆောက်ခဲ့ကြသကဲ့သို့ ကျွန်တော်တို့ခေတ် ယနေ့ခေတ်နှင့် လိုက်လျောညီထွေ ရှာဖွေရန်းကန်ကြိုးကုတ်ရပေမည်။ စားဝတ်နေရေး အဆင်ပြေလျက် ချမ်းသာမှုနှင့်ဂုဏ်တင့်တယ်မှုများရရှိနိုင်အောင် ဖန်တီးတည်ဆောက်ရပေမည်။ ရောက်ရှိသောနေရာ၊ ရရှိသောအခွင့်အရေးတို့ကို အမိအရ ဖမ်းဆုပ်ပြီး ဂုဏ်အဆင့်အတန်းမြင့်အောင် စွမ်းဆောင်လျက် အများကောင်းကျိုးလည်းကူ တံခွန်ထူနိုင်သော လူချွန်လူကောင်းဖြစ်အောင် စွမ်းဆောင်ရပါမည်။

ဘဝ၏အခက်အခဲအကျပ်အတည်းများ ကျော်လွှားနိုင်ရေး အတွေးသစ်၊ အမြင်သစ်တို့ရရှိရန် အဘိုးတို့၏ ဘဝဖြတ်သန်းမှုနှင့် နေထိုင်ရှင်သန်မှုတို့ကိုလေ့လာ၍ မျှဝေလိုက်ပါ၏။ မိမိဘဝ၌ ပြည့်စုံကြွယ်ဝရန် ကိုယ့်အခွင့်အရေးကိုမြင်ကာ ဘဝကိုချမ်းသာသုခ ဂုဏ်ရည်အလှတို့ ဖမ်းဆုပ်ဖန်တီးတည်ဆောက်နိုင်ကြပါစေကြောင်း ဆန္ဒပြုရေးသားလိုက်ရပါသည်။

**ကိုးကား**

- မဇ္ဈိမ

# ချိတ်ပိတ်တင်ဒါခေါ်ယူခြင်း

အမှတ်(၁)တပ်မတော်ရုပ်မြင်သံကြားထုတ်လွှင့်ရေးတပ်၊ အမှတ်(၂)တပ်မတော်ရုပ်မြင်သံကြားထုတ်လွှင့်ရေးတပ်၊ ထုတ်လုပ်ရေးတပ်(ပြည်သူ့ဆက်ဆံရေး)၊ မြဝတီစာပေတိုက်၊ မြဝတီသတင်းစာတိုက်၊ ရတနာပုံသတင်းစာတိုက်၊ တိုက်ပွဲဝင်စည်းရုံးရေးသင်တန်းကျောင်းနှင့် တပ်မတော်ပညာရေးကျောင်းများအတွက် လိုအပ်သော Boundary Microphone ပစ္စည်း၊ GoPro Camera ပစ္စည်း၊ ပုံနှိပ်စက်သုံးကုန်ကြမ်းပစ္စည်းများ၊ ထုပ်ပိုးခွံနှင့် လုပ်ငန်းသုံးကုန်ကြမ်းပစ္စည်းများနှင့် သင်ထောက်ကူပစ္စည်းများအတွက် ချိတ်ပိတ်တင်ဒါစနစ်ဖြင့် တင်ဒါပုံစံဖြည့်စွက်ပြီး ၁၇-၁-၂၀၂၄ ရက် နောက်ဆုံးထား တင်သွင်းနိုင်ပါသည်။ ထိုသို့တင်သွင်းရာတွင် တင်သွင်းသူများအနေဖြင့် တောင်းခံလွှာတစ်ခုချင်းစီ၏ Lot အလိုက် ပစ္စည်းများအားလုံး တင်ဒါတင်သွင်းရမည်ဖြစ်ကြောင်း ဖြည့်စွက်ဖော်ပြအပ်ပါသည်။

အသေးစိတ်အချက်အလက်များ သိရှိလိုပါက သက်ဆိုင်ရာတပ်သို့လည်းကောင်း၊ ဖုန်းနံပါတ်၊ ဝ၃၁-၇၄ဝဝ၆၊ ဝ၃၁-၆ဝ၂၇၈၊ ဝ၃၁-၇၄၂၇၃၊ ဝ၃၂-၃ဝ၂၇ဝ၊ ဝ၃၃-၇၂၇၈၁၊ ဝ၃၆-၃ဝ၅၂၆ သို့လည်းကောင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။


## စာအုပ်စာပေ လူ့မိတ်ဆွေ


မဟာမုနိဘုရားကြီး ဂေါပကအဖွဲ့
မန္တလေး

## တင်ဒါခေါ်ယူခြင်း

၁။ မန္တလေးမြို့၊ မဟာမုနိဘုရားကြီး ဂေါပကအဖွဲ့မှ ရွှေဆိုင်းတင်ဒါအမှတ်စဉ်(၄/၂၀၂၃-၂၀၂၄)အတွက် ရွှေဆိုင်းများ ဝယ်ယူသွားမည်ဖြစ်ပါသဖြင့် တင်ဒါတင်သွင်းလျှောက်ထားနိုင်ပါသည်။

(က) ဝယ်ယူမည့်ရွှေဆိုင်းအရွယ်အစား = ၁.၇၅" × ၁.၇၅"
(ခ) (၁၀၀)ရွက်ပါရွှေ(၁)ဆိုင်းပေးချေမည့်နှုန်းထား = ၁၀၉,၀၀၀/-
(ဂ) ဝယ်ယူမည့် ရွှေဆိုင်းအရေအတွက် = အဆိုင်း(၁၅၀၀၀)
(ဃ) တင်သွင်းရမည့် အာမခံကြေးငွေ = ကျပ်သိန်း(၁၀၀)
(င) တင်ဒါလျှောက်လွှာစတင်ရောင်းချမည့်ရက် = ၁၁-၁-၂၀၂၄ ရက်
(စ) လျှောက်လွှာနောက်ဆုံးတင်သွင်းရမည့် နေ့ရက်/အချိန် = ၁၈-၁-၂၀၂၄ ရက် (၁၆:၀၀)နာရီ
(ဆ) လျှောက်လွှာ(၁)စောင်စျေးနှုန်း = ကျပ် ၂၀,၀၀၀/-

၂။ တင်ဒါပုံစံများ ရောင်းချခြင်းနှင့် ဝယ်ယူရမည့်နေရာမှာ မဟာမုနိဘုရားကြီးဂေါပကအဖွဲ့ရုံး အခွန်ဘဏ္ဍာဌာနတွင် ဝယ်ယူတင်သွင်းရန်နှင့် အချက်အလက်များကို အသေးစိတ်သိရှိလိုပါက ဖုန်း ၀၉-၇၉၇၇၃၂၈၂၈၄ သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**မဟာမုနိဘုရားကြီးဂေါပကအဖွဲ့**



**လူကုန်ကူးခံရသူများအနေဖြင့် အကူအညီနှင့်အားပေးမှုများ**
**လိုအပ်သည်ဟု ခံစားနေရပါက**
**သတင်းအချက်အလက်မျှဝေရာစင်တာသို့**
**ဆက်သွယ်နိုင်ပါသည်။**

ဆက်သွယ်ရန်လိပ်စာ - လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
ပြန်လည်ထူထောင်ရေးဦးစီးဌာန
အမှတ်(၆၅)၊ကျိုက်ဝိုင်းဘုရားလမ်း၊ မရမ်းကုန်းမြို့နယ်၊ရန်ကုန်တိုင်းဒေသကြီး
ဆက်သွယ်ရမည့်ဖုန်း - ၀၁-၆၆၆၆၁၉ (ရုံးချိန်အတွင်း)


## မူးယစ်ကိုပစ် ပန်းတိုင်သစ် စိတ်သစ် လူသစ် ဘဝသစ်

## သစ်ပင် စိုက်ပါ တို့ကမ္ဘာ သာယာ လှပ စိမ်းမြမြ

# ယခုဘဏ္ဍာနှစ် ဧပြီလမှ ဒီဇင်ဘာလအတွင်း ကံပိုင်တည်နယ်စပ်ကုန်သွယ်ရေးစခန်းက ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၂၆ သန်းကျော်ဖိုးဆောင်ရွက်နိုင်ခဲ့



**နေပြည်တော် ဇန်နဝါရီ ၁၀**

ယခုဘဏ္ဍာနှစ် ဧပြီလမှ ဒီဇင်ဘာလအတွင်း ကံပိုင်တည်နယ်စပ်ကုန်သွယ်ရေးစခန်းက ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၂၆ သန်းကျော်ဖိုး ဆောင်ရွက်နိုင်ခဲ့ကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန သတင်းများအရ သိရသည်။

မြန်မာ-တရုတ် နယ်စပ်ဒေသများတွင် မူဆယ်၊ ချင်းရွှေဟော်၊ လွယ်ဂျယ်၊ ကံပိုင်တည်နှင့် ကျိုင်းတုံ နယ်စပ်ကုန်သွယ်ရေးစခန်းများ ဖွင့်လှစ်ဆောင်ရွက်လျက်ရှိရာ ကံပိုင်တည် နယ်စပ်ကုန်သွယ်ရေးစခန်းသည် ကုန်သွယ်မှုပမာဏ တတိယအများဆုံး ဆောင်ရွက်နိုင်သည့် နယ်စပ်ကုန်သွယ်ရေး စခန်းတစ်ခုဖြစ်ကြောင်း သိရသည်။

ယခုဘဏ္ဍာနှစ် ဧပြီလမှ ဒီဇင်ဘာလကုန်ထိ ကိုးလတာ ကာလအတွင်း ကံပိုင်တည် နယ်စပ်ကုန်သွယ်ရေးစခန်းက ကုန်သွယ်မှုပမာဏ အမေရိကန် ဒေါ်လာ ၂၆ ဒသမ ၄၁ သန်းဖိုး ဆောင်ရွက်နိုင်ကြောင်း သိရသည်။

ထိုသို့ ဆောင်ရွက်ရာတွင် ပို့ကုန် အမေရိကန်ဒေါ်လာ ၂၃ ဒသမ ၆၉၂ သန်း၊ သွင်းကုန် အမေရိကန်ဒေါ်လာ ၂ ဒသမ ၇၁၈ သန်း စုစုပေါင်းကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၂၆ ဒသမ ၄၁ သန်းဖိုး ဆောင်ရွက်နိုင်ခဲ့ကြောင်း သိရသည်။

ကံပိုင်တည်နယ်စပ်ကုန်သွယ်ရေးစခန်းအနေဖြင့် ဒီဇင်ဘာလတွင် ပို့ကုန်အမေရိကန်ဒေါ်လာ ၁၆သန်း၊ သွင်းကုန်အမေရိကန်ဒေါ်လာ ၂ ဒသမ ၅ သန်း စုစုပေါင်းကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၁၈ ဒသမ ၅ သန်းဖိုး ဆောင်ရွက်နိုင်ခဲ့ကြောင်း သိရသည်။

ကံပိုင်တည် နယ်စပ်ကုန်သွယ်ရေးစခန်းသည် အဆိုပါ ကိုးလတာကာလအတွင်း အဓိကပို့ကုန်များအနေဖြင့် တစ်သျှူးငှက်ပျော၊ ရော်ဘာစိမ်း၊ ဖရဲသီး၊ ရှောက်ကောပါကော၊ စကျင်ကျောက်ပြား၊ သစ္စားမွှေး၊ ဆန်၊ ရွှေဖရုံသီးနှင့် ငရုတ်သီးစိမ်းများကို တင်ပို့ရောင်းချပေးခဲ့ပြီး သွင်းကုန်အနေဖြင့် သံပြား၊ သံပိုက်၊ မြက်ခင်းတု၊ ပန်းသီး၊ လိမ္မော်သီး၊ ကြွေပြား၊ ရင်းနှီးမြှုပ်နှံမှုပစ္စည်းနှင့် လူသုံးကုန်ပစ္စည်းများကို ပြန်လည်တင်သွင်းခဲ့ကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ သိရသည်။

SKL

# ပွင့်ဖြူမြို့နယ် ဘုရားကုန်းကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းပြီးစီးမှု စစ်ဆေး

**ပွင့်ဖြူ ဇန်နဝါရီ ၁၀**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ပွင့်ဖြူမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဘုရားကုန်းကျေးရွာ၌ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) ရန်ပုံငွေဖြင့် ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန (ရုံးချုပ်နေပြည်တော်)မှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမောင်ဝင်း၊ မကွေးတိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဦးတင့်လွင်ဦးနှင့် တာဝန်ရှိသူများက ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များနှင့်အတူ ဘုရားကုန်းကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့မှုအခြေအနေကို ပွင့်ဖြူမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမြို့နယ်ဦးစီးမှူး ဦးလှငွေးမောင်က ရှင်းလင်းတင်ပြခဲ့သည်။

ထို့နောက် ကျေးရွာသူ၊ ကျေးရွာသားများက ဒေသဖွံ့ဖြိုးရေးလုပ်ငန်းလိုအပ်ချက်များကို တင်ပြတောင်းခံမှုအပေါ် ဒုတိယညွှန်ကြားရေးမှူးချုပ်က ပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

အဆိုပါ ကျေးရွာတွင်းလမ်းအရှည် ပေ ၈၄၀၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မရှိ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း (VDP) ရန်ပုံငွေကျပ်သိန်း ၁၅၀၊ ကျေးရွာပြည်သူ ထည့်ဝင်ငွေကျပ် ၄၉သိန်းဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ၂၀၂၃ ခုနှစ် ဇက်တင်ဘာလ ဒုတိယပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးပြီဖြစ်၍ ကျေးရွာရှိ အိမ်ခြေ ၁၀၅ အိမ်မှ ၄၈၈ ဦးတို့၏ လမ်းပန်းဆက်သွယ်ရေး အဆင်ပြေလွယ်ကူပြီဖြစ်ကြောင်း မကွေးတိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတိုင်းဒေသကြီးဦးစီးမှူး ဦးတင့်လွင်ဦးက ပြောပြ၍ သိရသည်။

ငြိမ်းသူ(စလင်း)

## ခြင်ဆေးခွေသုံးလျှင် သတိယှဉ် အောက်တွင်ခံခွက် မမေ့နှင့်

အင်္ဂလန်နိုင်ငံ International Brewing Awards ၊ ဩစတြေးလျနိုင်ငံ Australian International Beer Awards ၊ ဘယ်လ်ဂျီယံနိုင်ငံ Monde (World) Selection ၊ ဂျာမနီနိုင်ငံ European Beer Star ပြိုင်ပွဲကြီးများမှ အမြင့်ဆုံးဆုတံဆိပ်များ ရရှိခဲ့သော ဒဂုံအဖျော်ယမကာကုမ္ပဏီလီမိတက် ထုတ်ကုန်များ . . .




‘ဒဂုံနှင့်အတူ ဂုဏ်ယူလိုက်ပါ’

ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၁ ၃၆၁၀၈၄၁၊ ၀၁ ၆၅၁၁၇၇၊ ၀၁ ၆၅၂၁၆၉

KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅

STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၂၆၃၁၄၇၃၈၅

STARMART MANDALAY Wholesale - ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၀၇၀၂၂၄၄

STARMART Nay Pyi Taw - ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇

နိုင်ငံတကာရှိ ဟိုတယ်၊ Coffee Shop များတွင် နှစ်ခြိုက်မက်မောစွာ အသုံးပြုနေသော

ရွှေဖီဦး BLACK TEA (နောင်တရား) ကို Export Quality အဆင့်မီစွာ ထုတ်လုပ်ဖြန့်ဖြူးလျက်ရှိပါသည်။

သဘာဝအစစ်မို့ အရသာထူး စိတ်ရွှင်ကြည်နူး ....

(ASEAN-OSHNET AWARD) တွင် BEST Practices Award ရရှိခဲ့သည့် ရွှေဖီဦး

Black Tea




ရွှေဖီဦး

Tea Mix

Lemon Tea




ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ ၃၀၈၆၁၆၅၅၊ ၀၉ ၄၂၀၂၁၉၄၃၆

STARMART nine mile Showroom -(၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀

KHA YAE PIN MART-မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅

STARMART MANDALAY Wholesale-၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၀၇၀၂၂၄၄

STARMART Nay Pyi Taw-ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇

## ဝန်ထမ်းအလိုရှိသည်

| | | | |
|---|---|---|---|
| 1. မန်နေဂျာ | (ကျား) | (1) | ဦး |
| 2. စာရင်းကိုင် | (ကျား/မ) | (3) | ဦး |
| 3. ကြီးကြပ် | (ကျား) | (3) | ဦး |
| 4. စာရေး/ စာရေးမ | (ကျား/မ) | (3) | ဦး |
| 5. မြို့တွင်း Driver | | (3) | ဦး |

- အမှတ်စဉ် (1), (2), (3), (4)အတွက် ဘွဲ့ရဖြစ်ရမည်။
- အမှတ်စဉ်(2)အတွက် စာရင်းနှင့်ပတ်သက်သော ဘွဲ့တစ်ခုခု ရရှိပြီးသူဖြစ်ရမည်။
- အမှတ်စဉ်(5)အတွက် ယာဉ်မောင်းလိုင်စင်သက်တမ်း (3)နှစ်နှင့်အထက်ရှိရမည်။ အသောက်အစားကင်းရှင်းသူဖြစ်ရမည်။ အမှတ်စဉ်အားလုံးအတွက် စကားပြောဆိုပြေပြစ်၍ ဆက်ဆံရေးကောင်းမွန်သူဖြစ်ရမည်။ လုပ်ငန်းအတွေ့အကြုံရှိသူဖြစ်ရမည်။ အလုပ်ကို အမှန်တကယ်စိတ်ပါဝင်စားသူဖြစ်ရမည်။ စာရိတ္တကောင်းမွန်ရမည်။
- စိတ်ပါဝင်စားပါက CV Form, ဓာတ်ပုံ(2)ပုံ၊ အိမ်ထောင်စုဇယားမိတ္တူ၊ မှတ်ပုံတင်မိတ္တူ၊ ထောက်ခံစာ၊ ယာဉ်မောင်းလိုင်စင်မိတ္တူတို့နှင့်တကွ လူကိုယ်တိုင်လာရောက်လျှောက်ထားနိုင်ပါသည်။

ဆက်သွယ်ရန်။ ။ အမှတ်(14)၊ 85 လမ်း၊ 28×29၊ မန္တလေးမြို့။
02-4069291 , 09-5069199

*** အိမ်နေ/ အိမ်စားများလည်းလျှောက်ထားနိုင်ပါသည်။ ***

## Mandalay Bay Co.,Ltd မှ ဝန်ထမ်းအလိုရှိသည်

1. **Marketing** မ (၅ ဦး)
   ဆိုင်ကယ်လိုင်စင်ရှိရမည်။
   အခြေခံပညာအထက်တန်းအဆင့်ရှိရမည်။
   အသက်(၂၀)အထက် ဖြစ်ရမည်။
2. **အရောင်းစာရေး** မ (၅ ဦး)
   အခြေခံပညာအလယ်တန်းအဆင့် ရှိရမည်။
   အသက်(၂၀)အထက် ဖြစ်ရမည်။
3. **Store Helper** ကျား (၅ ဦး)
   အသက် (၁၈ မှ ၃၀ )အတွင်း ဖြစ်ရမည်။
4. **မြင်းစောင့်** ကျား (၃ ဦး)
   အသက်(၄၀ မှ ၅၀ )အတွင်း ဖြစ်ရမည်။
5. **သန့်ရှင်းရေး** မ (၃ ဦး)
   အသက်(၃၀ မှ ၅၀ )အတွင်း ဖြစ်ရမည်။

မနက် (၈)နာရီ မှ ညနေ (၅)နာရီအတွင်း CV ဖောင်နှင့်တကွ လူကိုယ်တိုင်ဖြစ်စေ/Viber မှဖြစ်စေ လျှောက်ထားနိုင်ပါသည်။
ဆက်သွယ်ရန် ဖုန်း: **09-795 870 998**
Viber Ph - **09 970 970 832**

## မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း(MRCCI)၏ အသင်းသားများအား အသိပေးပန်ကြားခြင်း

မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း (MRCCI) မှ **(၁၄-၁-၂၀၂၄) ရက် (တနင်္ဂနွေ)နေ့တွင်ကျင်းပမည့် အလုပ်အမှုဆောင်(အသစ်) ရွေးချယ်တင်မြှောက်ပွဲ** နှင့် **(၄-၂-၂၀၂၄) ရက် (တနင်္ဂနွေ)နေ့တွင်ကျင်းပမည့် နှစ်ပတ်လည်အသင်းသားစုံညီအစည်းအဝေးပွဲ** တို့အား နာယကကြီးများ၊ ဗဟိုအလုပ်အမှုဆောင်၊ အလုပ်အမှုဆောင်တို့၏ (၁၀-၁-၂၀၂၄)ရက် (ဗုဒ္ဓဟူး)နေ့ အစည်းအဝေးဆုံးဖြတ်ချက်အရ **၂၀၂၄ ခုနှစ် စက်တင်ဘာလ** အတွင်း၌သာ ကျင်းပသွားမည်ဖြစ်ကြောင်းနှင့် ကျင်းပမည့်ရက်စွဲအား ပြန်လည်ကြေညာပေးမည်ဖြစ်ကြောင်း အသင်းသားများအား အသိပေးကြေညာအပ်ပါသည်။

**မန္တလေးတိုင်းဒေသကြီးကုန်သည်များနှင့်**
**စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း**

## ပျောက်ဆုံးကြောင်း

မန္တလေး၊ အမရပူရမြို့နယ်နေ မောင်အောင်မိုးဇော် (ဘ) ဦးမိုးအေး (၉/အမရ(နိုင်)၁၆၆၁၃၉)၏ နိုင်ငံကူးလက်မှတ်အမှတ် (MA-583115)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **၀၉-၄၀၄၅၅၅၇၃၃**

## ဝန်ထမ်းအလိုရှိသည်

**အမျိုးသား (၂)ဦး၊ အမျိုးသမီး (၂)ဦး**

- Graphic Design ကျွမ်းကျင်သူ
- Photo shot ကျွမ်းကျင်သူ
- Camera, Video ကျွမ်းကျင်သူ
- အသက် (၂၀) မှ (၃၀) အတွင်း (ဘွဲ့ရ)
- အိမ်ထောင်မရှိသူ
- မန္တလေး (၅)မြို့နယ်အတွင်းနေထိုင်သူ
- လစာငွေ(ညှိနှိုင်း)

CV form, မှတ်ပုံတင်(မူရင်း) အိမ်ထောင်စုစာရင်း(မူရင်း)၊ ရပ်ကွက်နှင့်ရဲစခန်းထောက်ခံစာ(၁လအတွင်း၊မူရင်း)၊ဘွဲ့လက်မှတ်(မူရင်း)တို့နှင့်အတူ **ဒေါ်သန်းရင်၏(သား)သီရိရွှေစင်ရွှေဆိုင်** ဆိုင်(၃) ၈၄ လမ်း၊ (၃၈ × ၃၉)လမ်းကြားသို့ (၂၅-၁-၂၀၂၄)နေ့ နောက်ဆုံးထား၍ လာရောက်လျှောက်ထားနိုင်ပါသည်။ **ဖုန်း- 09-888080030**

## ပျောက်ဆုံးကြောင်း

မုလ်မြို့နယ်နေ မလှဲလှဲဝင်း (ဘ) ဦးတင်ဆော (၅/ပလန(နိုင်)၀၉၅၈၃၁) ၏ နိုင်ငံကူးလက်မှတ်အမှတ် (MD-696075)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၄၀၁၅၃၆၀၂၀

## အမည်မှန်

မန္တလေး၊ အောင်မြေသာစံမြို့နယ်၊ ဉသျှစ်ကုန်း ပရဟိတဘုန်းတော်ကြီးသင်မူလတန်းကျောင်း၊ Grade-4 တွင် ပညာသင်ကြားနေသော (ဘ) ဦးဝေလင်း (၉/အမရ(နိုင်)၁၀၆၂၆၄)၏သမီး မနန္ဒာထက် ၏အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ မနန္ဒာသီရိထက် ဖြစ်ပါကြောင်း။

**မနန္ဒာသီရိထက်**

## စာအုပ် စာပေ လှူမိတ်ဆွေ

## ကိုဗစ်-၁၉ ရောဂါကူးစက်မှုမှ ကာကွယ်နိုင်ရန်

- Home Stay နေထိုင်ပါ။ တစ်ကိုယ်ရေသန့်ရှင်းရေး၊ နေအိမ်နှင့် ပတ်ဝန်းကျင်သန့်ရှင်းရေးတို့ကို အလေးထားဆောင်ရွက်ပါ။
- မကြာခဏ ထိတွေ့အသုံးပြုတဲ့ စားပွဲ၊ တံခါးလက်ကိုင်၊ ဖုန်း၊ လှေကားလက်ရန်း စသည်တို့ကို Alcohol ၇၀ ရာခိုင်နှုန်းပါဝင်သော ပိုးသန့်စင်ဆေးရည်ဖြင့် မကြာခဏ ဆေးကြောပါ။

## သင့်သွေးဖြင့် အသက်ကယ်ပါ

- လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေး၌ လူမှုရေးတွင် ပညာရေးနှင့် ကျန်းမာရေးပါဝင်...
- ထို့ကြောင့် ပြည်သူများ ပညာရည်တိုးတက်ရေးအတွက် မဖြစ်မနေဆောင်ရွက်သွားရမည်ဖြစ်...
- အလားတူ ပြည်သူများအားလုံး ကျန်းမာရေးကောင်းမွန်နေစေရေးအတွက်လည်း ဆောင်ရွက်သွားရန်လို...

**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ၂၀၂၃ ခုနှစ် ဩဂုတ် ၃၀ ရက်တွင် ပြုလုပ်သော ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေး အမှတ်စဉ်(၄/၂၀၂၃)တွင် အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)**

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

**၁။ နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကိုတည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA) ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံးတည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိစေရန်အလေးထားလုပ်ဆောင်ရေး။

**၂။ စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သောစိုက်ပျိုးရေးနှင့်မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မကျိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကိုအားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်းထွက်ရှိအောင်ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

**၃။ လူမှုရေး**

(က) တစ်နိုင်ငံလုံးအသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍမြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များ အနေဖြင့် အဓိကစွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး ဗလငါးတန်နှင့်ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာဗဟိုအဖွဲ့၏ (၁/၂၀၂၄)ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြား





မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာဗဟိုအဖွဲ့ဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာဗဟိုအဖွဲ့၏ (၁/၂၀၂၄) ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

**နေပြည်တော် ဇန်နဝါရီ ၁၀**

မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာဗဟိုအဖွဲ့၏ (၁/၂၀၂၄)ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲ ၁ နာရီခွဲတွင် နေပြည်တော်ရှိ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ညီလာခံခန်းမ၌ ကျင်းပရာ မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာဗဟိုအဖွဲ့ဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း တက်ရောက်အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာ **စာမျက်နှာ ၁၈ ကော်လံ ၁ ☆**

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကို သတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

**(၇၆)နှစ်မြောက် ကချင်ပြည်နယ်နေ့အထိမ်းအမှတ် သဝဏ်လွှာဖတ်ပွဲ၊ ဂုဏ်ထူးဆောင်လက်မှတ်၊ ဂုဏ်ထူးဆောင်ဆုနှင့် မှတ်တမ်းတင်ဂုဏ်ပြုလွှာရရှိသူများကို ဆုများအပ်နှင်းချီးမြှင့်ပွဲ ကျင်းပ** စာမျက်နှာ - ၁၇

**စစ်ရေးနှင့်သက်ဆိုင်ခြင်းမရှိသည့် ဘုရားစေတီပုထိုးများ၊ ဗုဒ္ဓဆင်းတုတော်များအား ဖျက်ဆီးစော်ကားနေသည့် အကြမ်းဖက်သောင်းကျန်းသူများကို ကန့်ကွက်ရှုတ်ချပွဲ ရန်ကုန်မြို့၌ ကျင်းပ** စာမျက်နှာ - ၂၂




အောင်သစ္စာဦးအထွေထွေအာမခံကုမ္ပဏီလီမိတက်

"ဆုံးရှုံးမှုအန္တရာယ်ဘေး မျှဝေခံစားပေးမှာ
အောင်သစ္စာဦး အာမခံပါ"

Hotline - 09-450450561, 09-450450562, 09-450450563